

# ဖိုးခေါက်လင်းထက်

## မျက်ဝန်းကဗျာ

(၁၀)အုပ်မြောက်အရေးအသုတ်

www.foreverspace.com.mm

## စာရေးသူ၏ (၁၀)အုပ်မြောက် လုံးချ



ကျွန်တော်၏ ... မွေးမိခင်၊ ဖခင် ...။

ကျွန်တော်၏ အင်ဆရာ၊ မြို့ဆရာ၊ ကြားဆရာများအားလုံး...။

ကျွန်တော်၏ စာမူများ တင်ထိုက်သူအားလုံး ...။

ကျွန်တော်၏ (၁၀)အုပ်မြောက် စတွေ့အထိ အားပေးကြခဲ့သော ပရိသတ်ကြီး အားလုံး...။ ထစ်အုပ်စ၊ နှစ်အုပ်စ ဖတ်ဖူးကြသူအားလုံး၊ လုံးဝမဖတ်ဖူးကြသူ အားလုံး ....။

ကျွန်တော်၏ ချစ်လှစွာသော သူငယ်ချင်းတွေ ...။

အားလုံး ...

အားလုံးကို ...။

ဦးညွှတ်လေးစွာ...။

လေးမြတ်စွာ ကျေးဇူးတင်ကြောင်း

www.foreverspace.com.mm

## ...ြိုးစွာ့ အစဉ်ဆက် အမှတ်စဉ်တရေးကာသား



| | | |
|---|---|---|
| အမည်ရင်း | – | ခေါ်ခေါ်မိုးအောင် |
| မိဘ | – | ဦးမျိုးအောင်–ဒေါ်တင်မမိုး |
| မွေး သက္ကရာဇ် | – | ၂၈-၂-၇၉ |
| ပညာအရည်အချင်း | – | Dip: Civil C & G (NLEC) (2 nd Year English) |
| နေရပ်လိပ်စာ | – | တိုက် (၅) အခန်း ၀၀၁၊ ငြိမ်းဗဟန်းအိမ်ရာ (၈) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ |

www.foreverspace.com.mm

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိုးဆက်လင်းထက်

## မျက်ခန်းကာမျှ


တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း-၃၇၉၅၇၃


## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၉၄၁၀၈၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၆၈၁၀၈၉ |
| | | |
| အဖုံးဒီဇိုင်း | - | ဝင်းမင်းလှ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ် (ညာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

တော်ဝင်မြို့မစာအုပ်တိုက်



www.foreverspace.com.mm

www.foreverspace.com.mm

ထို နေ့သည် နှင်းမြူတို့နှင့် မှိုင်းမှုန်ရီဝေနေသော တက္ကသိုလ်၏ မနက်ခင်းလေးတစ်ခုဖြစ်ပါသည်။ အဆောင်မှ ကျောင်းသို့ ထွက် လာချိန် အနည်းငယ်စောနေ၍ ဖြတ်သန်းရာ လမ်းတစ်လျှောက်ကျောင်းသား ကျောင်းသူ အတော်ရှားပါးသေးသည်။

'သားစိုး'ခေါင်းမှ ဆံပင်ကို တစ်ချက်သပ်လိုက်ကာ လက်မှာကပ်ပါလာသော နှင်းစက်ရည်တို့ကို တစ်ချက်ကြည့်လိုက်၏။

မကြာမီအချိန်အတွင်း ကျောင်းသား ကျောင်းသူတို့၏ လှုပ်ရှားသွားလာမှုတို့ဖြင့် အသက်ဝင်လာတော့မည့် ကျောင်းဆောင်ခန်းများသည် အခုချိန်အေးစက်တည်ငြိမ်နေသယောင်ထင်ရသည်ဟု သူတွေးမိသည်။ ဒါ အဖြစ်အပျက်သဘောတရားပဲဟု 'သားစိုး'တွေးလိုက်၏။ 'သင်္ခါရ'ဆိုသည့် မမြဲခြင်းဥပဒေသအောက်မှာလည်းရှိနိုင်သည်ဟု ဆက်တွေးမိသည်။ ထိုသို့ ခပ်ကြောင်ကြောင် အတွေးတွေကို တွေးရင်း 'သားစိုး' လမ်းလျှောက်လာသည်။

လမ်းချိုးတစ်ခုသို့ ချိုးဝင်ပြီးနောက် စာသင်ခန်းရှိရာ အဆောင်ဘက်သို့ ကွေ့ဝင်မလို့ လုပ်လိုက်၏။ သို့သော် ဒီအချိန် စာသင်ခန်းတွေဘက် သရဲခြောက်မှာ ကြောက်ရ၍ ကဲန်တင်းထိုင်ရန် စဉ်းစားမိသည်။ အရင်ကဆိုကျောင်းကို ဒီလိုအချိန် သူမလာတတ်။ ပြီးတော့ ဒီလိုတစ်ယောက်တည်းလည်း မဟုတ်။ ကျော်ကြီး၊ အောင်ပု၊ ဒါမှမဟုတ် ကြီးမြင့်တစ်ယောက်ယောက်တော့ ပါစမြဲ . . .။





အခုလို တစ်ယောက်တည်း ဘာကြောင့်ထွက်လာမိလည်း သူ့ကိုယ်သူ ခေါင်းကုပ်ပြီး စဉ်းစားမိသည်။ ဘာကြောင့်မှန်းလဲ မသိပေ။

သေသေချာချာ ပေါက်ပေါက်စိစိစဉ်းစားမိမှ ဖျင်းလို့သာ ဖြစ်သည်ဆိုသောအဖြေကိုရသည်။ အောင်ပုက ဖျားပြီးအဆောင်မှာ ကျန်ခဲ့သည်။ ကြီးမြင့်က သူ့ရဲ့တောက ဘကြီးသေလို့ အမွေတောင်းရန် ပြန်သွား၏။ ကျော်ကြီးကတော့ သူ့အဒေါ်ဝမ်းကွဲ အသက်(၄၀)ကျော် အပျိုကြီး လင်နောက်လိုက်ပြေးသည့်ကိစ္စနှင့်ခဏပြန်သွား၏။ ဒီတော့ ဒီနေ့မနက်သူတစ်ယောက်တည်း အစောကြီးနိုးနေပြီး ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ကြီးဖြစ်နေရသည်။ အမှန်တော့ သူ့အိပ်ပုံ အိပ်နည်းမသိဘဲ အူကြောင်ကြောင်ကြီးဖြစ်နေရသည်။ အမှန်တော့ သူ့အိပ်ပုံ အိပ်နည်းစံချိန်အရ ဒီလိုအစောကြီး မနိုးတတ်ပေ။ တရားခံက ဘေးခန်းက လှငွေကက်ဆက်ဝယ်လာသည့်ကိစ္စက အစပြုခြင်းပင် . . .။

မနေ့က တစ်နေ့လုံး လှငွေသည် ကက်ဆက်အဟောင်းတစ်လုံး ဝယ်လာပြီး ကလိသည်။ ပြီးတော့ တစ်ညလုံး ဟစ်ဟော့သီချင်းနားထောင်၏။ သန်းခေါင်ကျော်လောက်မှ ကက်ဆက်အသံတိတ်သွားပြီး မနက်အစောကြီး ကြာနီကန်တရားခွေကို အသံအဆုံးတင်ကာ ဖွင့်သည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ယောက်အနေနှင့် တရားခွေဖွင့်ခြင်းကို မဟန့်တားသာ၍ 'သားစိုး' ငုတ်တုတ်မိုးလင်းခဲ့ရလေသည်။

ထိုကဲ့သို့ မင်္ဂလာရှိသော မနက်ခင်းလေးသည် ကြာနီကန်တရားခွေနှင့်အတူ 'သားစိုး'ကို လှုပ်နှိုးပြီးနောက် . . .။

"အင့်"

ခပ်သည်းသည်း အသံသဲ့သဲ့နှင့်အတူ 'သားစိုး' ရှေ့သို့ ဟပ်ထိုးဟပ်ထိုးဖြစ်သွားသည်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမသိ။ အရင်ဆုံး ဘာဖြစ်သွားမှန်း သိအောင်လည်း မစုံစမ်းနိုင်သေးပေ။ ခန္ဓာကိုယ်က မှောက်လျက်လဲမသွားရအောင် မနည်းထိန်းလိုက်ရသည်။

'သားစိုး' ပြုတ်ကျသွားသော ကျောပိုးအိတ်ကို ကုန်းကောက်သည်။

အပေါ်ဆုံးအိတ်က ဇစ်ပြုတ်၍ထွက်ကျလာတော့ ဆေးပေါ့လိပ်နဲ့ မီးခြစ်ကို ကောက်ရသေး၏။ အရေးထဲ ဆေးပေါ့လိပ်တစ်လိပ်က သံမံတလင်းအတိုင်း လိမ့်သွား၍ မနည်းလှမ်းဖမ်းရသည်။

အားလုံးပြီးသွားချိန်တွင် သူ့ကိုတောင်းပန်သွားသော အသံရှင်ကို 'သားစိုး' လှမ်းကြည့်လိုက်လေသည်။

မြူတွေလင်းဖြာနေသော မနက်ခင်း နေခြည်နုနုအောက်တွင် ကောင်မလေးတစ်ယောက်၏ ပုံရိပ်ကို ဝိုးတဝါး တွေ့လိုက်ရတော့သည်။ အရိပ်ကလေးသည် ဝေး၍ဝေး၍ တရွေ့ရွေ့ထွက်ခွာသွားတော့၏။

"ဟိတ် . . . ဒီမှာ"

'သားစိုး' ပါးစပ်က ရည်ရွယ်မထားဘဲ အလိုလိုထွက်သွားခြင်းဖြစ်သည်။ အမှန်ဆို ဒီလိုနှင်းတွေ သိပ်သည်းစွာ ကျနေတဲ့ မနက်ခင်းတစ်ခုမှာ ကော်ရေတာအချိုးအကွေ့တစ်ခုတွင် ကောင်မလေးတစ်ယောက်နဲ့ တိုက်မိခြင်းသည် အဆန်းမဟုတ်။ ဟိုဘက်ကလည်း အမှားတစ်ခုအတွက် တောင်းပန်ခဲ့ပြီးပြီ . . .။

သို့သော် သူ့ပါးစပ်က ကောင်မလေးကို ဟန့်တားစေသော စကားတစ်ခွန်းထွက်သွားခဲ့ပြီးပြီ။

'သားစိုး'ခေါ်သံကြောင့် ကောင်မလေး တုံ့ခနဲ ရပ်၍ လှည့်ကာကြည့်၏။ 'သားစိုး'နဲ့ကောင်မလေးတို့ မျက်ဝန်းချင်း ခဏတာ ဆုံကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းစက်ကျသံမှလွဲ၍ အရာအားလုံး ငြိမ်သက်လျက် . .။

ခဏကြာတော့ ကောင်မလေးနှုတ်ခမ်းနှစ်လွှာ ခပ်ဟဟပွင့်ကာ သွား၏။

'ဆောတီးနော်' ဟု ပြောသွားသလို ထင်လိုက်မိသည်။ လူချင်းနှစ်ဦး အကွာအဝေးခြားနားလွန်း၍ မကြားလိုက်ရ . .။

'သားစိုး'တစ်ယောက်တည်း နှင်းမြူတွေကြားမှာ ကျန်ရစ်ခဲ့၏။

ခပ်လှမ်းလှမ်းမှာ ကျောင်းသားကဒ်လေးတစ်ခုက မှောက်ခုံလေး ကျန်





ရစ်လျက် . .။

'သားစိုး'နှုတ်ခမ်းထောင့်ကို တစ်ချက်ကွေးညွတ်လိုက်ပါတော့သည်။

ကျောင်း သားကဒ်ကလေးက သူငယ်ချင်းတွေ လက်သို့ တစ်လှည့်ဆီ ရောက်သွားပြီးမှ နောက်ဆုံး သူ့ဆီပြန်ရောက်လာတော့သည်။ ဒီကဒ်ပြားလေးက ကောင်မလေးနဲ့တိုက်မိပြီးနောက် ကောင်မလေးထံမှ ကျန်ခဲ့သော ပစ္စည်းလေး။ ပထမတော့ အော်ခေါ်ပြီးပေးမလို့ စဉ်းစားလိုက် သေးသော်လည်း ဇာတ်လမ်းလေးတွေ ဆက်ချင်သောကြောင့် ဝှက်ပြီးတစ်ချပ်လုပ်ထားလိုက်၏။ အခု သူငယ်ချင်းတွေကြား ဒါလေးကို ချပြမိခြင်းပင် . . ။

အားလုံးကလည်း ကဒ်ပြားလေးကို စိတ်ဝင်တစားတစ်ယောက်ကို တစ်နာရီလောက်ဆီကြည့်ကြ၏။ နောက်ဆုံး သူ့လက်ထဲ ပြန်ရောက်ချိန်တွင် . . . ။

"မယ်ကုဝဏ်ကို နှုတ်ခမ်းနီဆိုးပေးရင် ဒီရုပ်ဒီရေမျိုး ထွက်လာမယ်လို့ ငါထင်တယ်"

အောင်ပုစကားကြောင့် ရင်ထဲမှာ တစ်ချက်အောင့်သွား၏။ ကြီးမြင့်က ရှေ့မှာချထားတဲ့ လက်ဖက်သုပ်ကို လှမ်းနှိုက်ရင်းမှ ရယ်ကျဲကျဲလုပ်ကာ

"ဒီလောက်လူရုပ်သူရုပ် မပေါ်လောက်အောင် ဘယ်ကောင်များ လက်ကမြင်းလိုက်လဲမသိဘူးကွာ . . . သူကလည်း သူကျောင်းသားကဒ် ဒါမျိုးကြီး ဖြစ်နေတာတောင် ဘာမှမပြောဘူးလား"

သူငယ်ချင်းတွေပြောတာ ဟုတ်တော့လည်း ဟုတ်သည်။ ကျောင်းသားကဒ်မှာ ကပ်ထားတဲ့ ဓာတ်ပုံက ဆော့ဖ်ပင်တွေနဲ့ရော ဘောပင်တွေနဲ့ပါ





ခြယ်သထား၍ လူရုပ်တောင်မပေါ်တော့ . . . ။

မေးစိမှာ မုတ်ဆိတ်မွေးကို သိုင်းကားတွေထဲက အတွင်းအား ပညာရှင် အဘိုးကြီးတွေ နီးပါ ရှည်အောင် ဆွဲထား၏။

မျက်လုံးနှစ်ဖက်မှာ ဆော့ပင်က အနီဖြင့် ဝိုင်းထားသည်။ ဒါတင်အားမရသေး။ ပါးနှစ်ဖက်ကို မည်းနေအောင် ပါးသိုင်းမွေးချယ်ထားသေး၏။ ပြီးတော့ မျက်စိတစ်ဖက်ကို အမည်းချယ်ထားသောကြောင့် တစ်ဖက်လပ်ပုံပေါက်နေသေးသည်။ ရုတ်တရက်ကြည့်လိုက်ရင် တောပုန်းလိုလို ပင်လယ်ဓားပြလိုလိုနှင့် . . ။

"မင်းဘယ်လို စိတ်ကူးပေါက်ပြီး ဒီပုံကြီးယူလာတာလဲကွာ"

"အပြင်မှာ တော်တော်ချောတယ်ကွ၊ တကယ်ပြောတာ"

ကြီးမြင့်က ပုံကိုမျက်တောင်မခတ် တော်တော်စိုက်ကြည့်အပြီးမှာ . .

"မင်းပြောသလို ချောတယ်ပဲထားပါဦး သူက ဒီလောက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာကြီးကို ဘာလို့သိမ်းထားရတာလဲ"

"ဒါတော့ ဘယ်သိမလဲကွ . . . ကျောင်းသားကဒ်အသစ် ပြန်လုပ်ထားတာမရသေးလို့ နေမှာပေါ့"

အောင်ပုက ကြီးမြင့်ထံမှ ကဒ်ကိုဖျတ်ခနဲ ဆွဲလုလိုက်ကာ ကြည့်လိုက်ရင်း . .

"နာမည်လေးကတော့ ချစ်စရာလေးပါ . . . သက်မှုးနွယ်တဲ့၊ ဒါပေမယ့် ရုပ်ကို ဘယ်လိုမှ မှန်းမရတာခက်တယ်"

အဲဒီလိုနဲ့ ကျောင်းသားကဒ်ကလေးကို တစ်ယောက်တစ်လှည့် ကိုင်ကာ အမျိုးမျိုး ထင်ကြေးပေးနေကြစဉ် ကျော်ကြီးက အဆောင်ပေါ်ပြေးတက်လာလေသည်။ အဆောင်ပေါ်ထပ်ရောက်တော့ ကျော်ကြီး ဟိုကြည့်ဒီကြည့်လုပ်သည်။ ပြီးတော့ သူ့အခန်းသူ ဝင်မလိုလုပ်ပြီးမှ ဝရံတာမှာထိုင်နေတဲ့ သားစိုးတို့ကိုတွေ့သွားရာလျှောက်လာပြီး . . .

"ဘာလုပ်နေကြတာလဲ ပြောစမ်း"

ကျော်ကြီးက သူ့ပုံစံအတိုင်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်

လုပ်ကာပြောရင်း အောင်ပုကိုင်ထားတဲ့ ကျောင်းသားကဒ်လေးကို တွေ့သွား၍

"ဟုတ်မှလွဲရော ဓာတ်လမ်းလေးတွေထင်တယ် ပြစမ်း"

ပြောလည်းပြော စိတ်ကလည်း မြန်၏။ စကားဆုံးတာနှင့် အောင်ပုလက်ထဲက ကဒ်ကလေးကို ဆွဲယူကာ ကြည့်လိုက်ပြီး . .

"ဘာ . . . ဘာကြီးလဲဟင်"

"သက်မှုနူနွယ်တဲ့"

"ဘယ်က သက်မှုနူနွယ်လဲ"

"သိဘူးလေ ဒီကောင်ကောက်လာတာ ငါတို့လည်း ပျင်းတာနဲ့ထိုင်ကြည့်နေတာ"

"ငါကတောင်အာဖရိက မျောက်ဝံမှတ်လို့"

အားလုံးတဟားဟားရယ်လိုက်ကြ၏။ ရယ်သံတွေအဆုံးမှာ သားစိုးက ဝင်ပြောမိသည်။

"ငါ သူ့မျက်ဝန်းနဲ့ စက္ကန့်ပိုင်းလေးဆုံမိလိုက်တယ်၊ အဲဒီစက္ကန့်ပိုင်းလေးက ငါ့တစ်သက်မှာ တစ်ခါမှ မဖြစ်ဖူးတဲ့ ခံစားချက်တွေဖြစ်သွားတယ်"

အားလုံးက 'သားစိုး' ကို ကြောင်စီစီနှင့် ဝိုင်းကြည့်ကြသည်။ ဒီကောင် ဘာကြောင်တာလဲဆိုတဲ့ အကြည့်တွေဖြစ်သည်။ သားစိုး ထို အကြည့်တွေကို အံတုကာ စကားကိုဆက်သည်။

"ငါ တစ်သက်လုံး ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးပါဘူးကွာ"

"ချစ်လည်းစွံမှာမှ မဟုတ်တာ"

ကျော်ကြီးက မျက်တောင်လေးပုတ်ခပ် ပုတ်ခပ်လုပ်ပြီး ပြောတာကို အောင်ပုက လက်မောင်းအပေါ် မြှောက်ပြီး ထောက်ခံ၏။ သားစိုးကတော့ ဒီလိုတိုက်ခိုက်နေတာတွေကို လုံးဝဂရုမစိုက်တော့ပေ။

"ငါအဲဒီမျက်ဝန်းလေးကို အရမ်းမြတ်နိုးတယ်ကွာ"

"ငကြောင်ပဲကွာ"

"တောမှာသွားပြော"

"သောက်ပေါ်"



www.foreverspace.com.mm



အားလုံးမတ်တပ်ထရပ်သည်။

"ဘာများလဲလို့ နားထောင်နေတာ ခြင်းသွားခတ်တာကမှ အကျိုးရှိသေးတယ်၊ သွားမယ်လာ ဟေ့ကောင်တွေ"

သွားတော့မှ 'သားစိုး' ပျာပျာသလဲဖြစ်သွားကာ . . .

"ဟာ . . နေ . . နေကြပါဦးကွာ၊ ငါက အလကားနောက်တာပါ၊ ထိုင် . . . ထိုင်ပါဦး၊ ငါပြောတာလေး ဆုံးအောင်နားထောင်ပါဦး"

"တော်ပြီ နားမထောင်တော့ဘူး အရေမရ အဖတ်မရတွေ အလကားပဲ"

"အလကားတော့ မဖြစ်စေရပါဘူးကွာ . . . ငါ . . . ငါ မင်းတို့ရဲ့ ညနေခင်းလေးကို တာဝန်ယူပါတယ်"

သားစိုး စကားကြောင့် သုံးကောင်လုံးတစ်ချက်တွေဝေသွား၏။ ပြီးနောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်ပြီး သားစိုးကို ပြန်ကြည့်ကြသည်။

"မင်းတကယ်နော်"

သားစိုးက ခေါင်းကို ကမန်းကတန်းညိတ်ပြတော့ . .

"ယောကျာ်း ကတိ"

"ကတိ . . . ကတိ"

အားလုံးက ရင်ထဲမှာအတိုင်း မသိဝမ်းသာသွားကြသော်လည်း အားနာလိုက်ရောတဲ့ အမူအရာတွေ ကိုယ်စီလုပ်ကာ ပြန်ထိုင်လိုက်ကြသည်။ ထိုခါနီး ကျော်ကြီးက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်ကာ . .

"ဒီတစ်ခါတော့ အနိုင်လုပ်ကွာ"

ဟုတောင်းဆိုလိုက်သေး၏။

www.foreverspace.com.mm

အဲ မှန်တော့ 'သားစိုး'က စကားပြောချင်လွန်း၍ ခေါ်လိုက်ခြင်းဖြစ်သော်လည်း တကယ်တမ်းကျတော့ သူ့ခမျာ ပုလိပ်စစ်စစ်ခံလိုက်ရသည်။

"ကောင်မလေး နာမည်က သက်မျှုးနွယ် . . . ဟုတ်တယ်နော်"

"အင်း"

"အင်းလို့ မပြောနဲ့ ဟုတ်ကဲ့လို ယဉ်ယဉ်ကျေးကျေးပြော"

"ဟာကွာ . . မင်းတို့ကလည်း"

"ရတယ်လေ . . . လာဟေ့ကောင်တွေ ခြင်းသွားခတ်ရအောင်"

အောင်ပုက ထမလိုလုပ်တော့ သားစိုးက ပုဆိုးစကို အတင်းထဆွဲကာ . .

"အလကားစတာပါ . . သူကလည်း ဇွတ် . . . ပြောခိုင်းသလို ပြောမယ် နော် . . . နော်"

အဲဒီတော့မှ အောင်ပုက အသာပြန်ထိုင်သွားသည်။ ပြီးနောက် လည်ချောင်းတစ်ချက်ရှင်းပြီး မေးစီကိုပွတ်၏။ ကျန်တဲ့နှစ်ကောင်က အောင်ပုလုပ်သမျှတွေကို . . . ငေး . .။

"ဒီကျောင်းသားကဒ်ထဲကအတိုင်းဆို နာမည်ပဲ ထင်ထင်ရှားရှားသိရတယ် . . . ကျန်တာတွေ တစ်ခုမှမသဲကွဲဘူး . . . နေရပ်လိပ်စာရော၊ မေဂျာရော၊ အကုန်ပျက်စီးနေပြီ"

အောင်ပု ပြောတာမှန်သည်။ ကျောင်းသားကဒ်တစ်ခုလုံး ရုပ်က အစ၊





www.foreverspace.com.mm

ကျန်တာတွေအားလုံး မင်ရာခြစ်ရာများဖြင့် စုတ်ပြတ်ပျက်စီးနေပြီ။ ပြီး တော့ မေဂျာနှင့် နေရပ်လိပ်စာများမှာ ကဒ်ထဲရေဝင်ထားလို့ ထင်၏။ တစ်ခု မှ သဲသဲကွဲကွဲမရှိတော့။ ထင်ထင်ရှားရှားရှိတာဆို နာမည်လေးတစ်ခုသာ . .။

"ကဲ အဲဒီတော့ သက်မှုုးနွယ်ဆိုတဲ့ နာမည်တစ်ခုသိရရုံနဲ့ ဒီ တက္ကသိုလ်ကြီးမှာ လိုက်ရှာလို့ကတော့ ဘယ်လိုမှဖြစ်နိုင်မှာ မဟုတ်ဘူးကွ"

သားစိုး စကားပြောမလို့ ဟန်ပြင်လိုက်သည်။ သို့သော် သူပြောချိန် မရလိုက်ပေ၊ ကျော်ကြီးက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဝင် ပြောသွားသောကြောင့် ဖြစ်လေသည်။

"မင်းကရော ကောင်မလေးကို အပြင်မှာ တွေ့ရင်မှတ်မိမလား"

သားစိုးတစ်ချက် တွေဝေသွား၏။ မှတ်မိခြင်း မမှတ်မိခြင်းဆိုသည့် ကိစ္စကို သူဦးနှောက်အား တစ်ချက်မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ အဖြေ က မသေချာ၊ သို့သော် သူမှတ်မိလိုက်တာ တစ်ခုတော့ရှိ၏။ မြူတွေ လင်းဖြာ နေသည် နေခြည်နုနု မနက်ခင်းလေးတစ်ခုထဲက ရွှေသမင်မျက်ဝန်းလေး တစ်စုံ . .။

ရွှေသမင်မျက်လုံးဆိုတာ ဘယ်လိုရှိသလဲ သူမသိသော်လည်း ထို ကောင်မလေးမျက်ဝန်းသည် ကဗျာဆရာတွေ တင်စားသလို ရွှေသမင်မျက် ဝန်းမျိုးဖြစ်လိမ့်မည်ဟု သူအတတ်ပြောနိုင်၏။

"ဟေ့ကောင် . . . ဘာငိုင်နေတာလဲ . . . မေးတာဖြေဦးလေ"

သားစိုး ခေါင်းကိုကုပ်ကာ ကျော်ကြီးကို ကြည့်သည်။ ပြီးတော့ လည် တိုင်ကို ဖြည်းဖြည်းခါပြကာ . . .

"ငါ . . . ငါ . . မျက်နှာအကုန်လုံးကိုတော့ မမှတ်မိတော့ဘူးကွာ ငါနဲ့တွေ့တဲ့အချိန်မှာ အကွာအဝေးကလည်း တော်တော်ဝေးတယ်ဆိုတော့"

ကျော်ကြီးက သက်ပြင်းကို ချကာ ခေါင်းကိုခါ၏။

"မင်းဘဝက ရေပေါ်အရုပ်ရေးတာထက်တောင် ဆိုးပါလား သား စိုးရာ ကဲ ထားပါတော့ . . . မင်း သူ့တစ်ကိုယ်လုံးမှာ ဘယ်ဟာမှတ်မိလဲ"

သားစိုးက ဒီမေးခွန်းကျတော့ မဆိုင်းမတွပင် . . .။

"မျက်ဝန်းလေး"

အားလုံး အသံတွေ ခေတ္တတိတ်သွားကာ သားစိုးကို ဝိုင်းကြည့်ကြ၏။ မိနစ်ဝက်ခန့်တော်များများ သူတို့ငြိမ်သက်သွားကြသည်။ ပြီးတော့ ကြီးမြင့် အသံထွက်လာပါသည်။

"မင်း ဒီအရွယ်ထိ ရှုကြောင်ကြောင်လိုလို၊ ပေါတောတော လိုလို နေလာပြီးမှ အခုလို ဘာလို့ ကဗျာဆန်ဆန်တွေ ထပြီးခံစားနေရတာလဲ"

"မင်း ဒီတစ်သက် မိန်းမမရလောက်တော့ဘူးလို့ ထင်နေတာ၊ တွေ့မယ့်တွေ့တော့လည်း မျက်လုံးနှစ်လုံးပဲ မှတ်မိတဲ့မိန်းမနဲ့ စတွေ့တာပါပဲလားကွာ"

သားစိုးက ရှက်ပြုံးကြီး ပြုံးပြီး ရယ်ကျဲကျဲကြီး လုပ်ကာနေ၏။

"ငါ . . . ငါ . . . အဟီး . . တကယ် . . ချစ် . . ချစ်သွားတာကွာ"

အားလုံး သားစိုးကိုကြည့်ကာ သက်ပြင်းချသည်။ ပြီးနောက် လက်ထဲက ကျောင်းသားကဒ်လေးကို အလယ်မှချ၍ ဝိုင်းကြည့်လိုက်ကာ . .

"မင်းတကယ်ချစ်ရင်လည်း ချစ်ချင်စရာပါပဲ သားစိုးရယ်"

အောင်ပုစကားကြောင့် အားလုံးရယ်လိုက်ကြ၏။ ရယ်သံတွေ ဆုံးတော့ ကျော်ကြီးကဝင်၍ . . .

"ဟဲ . . . ဒါဆို မင်းသဘောကို ငါတို့ကို ပြော . . ဘာလုပ်မလဲ နောက်ပြီး ဒီကဒ်လေးကရော အဲဒီကောင်မလေးဆီက ကျန်ခဲ့တယ်ဆိုတာ သေချာသလား"

သားစိုး ခေါင်းညိတ်ကာ . . .

"သေချာတယ် အဲဒီချိန်မှာ သူနဲ့ငါ နှစ်ယောက်ထဲရှိတာ"

"ကဲပါ ထားပါတော့ . . . မင်းဘာဆက်လုပ်မလဲ"

"ငါ . . . ငါ သူ့ကို မတွေ့တွေ့အောင် လိုက်ရှာချင်တယ်ကွာ"

ကျော်ကြီးက ခေါင်းကိုတစ်ချက်ခါသည်။

"မလွယ်လောက်ဘူးထင်တယ် . . . မင်းဘဝက ကျောင်းသားကဒ်





ကြီးတစ်ခုလုံးသာရလိုက်တယ် နာမည်က လွဲပြီး ဘာမှမသိရဘူး . . . အဲ့ . ဒါနဲ့ ကောင်မလေးက ဘယ်လို ပုံစံလဲမှတ်မိတယ်မဟုတ်လား"

"ငါ . . ငါ . . သူ . . . မျက်ဝန်း . . . မျက်ဝန်း"

"တော်ပြီ . . . မင်းမျက်ဝန်းကို ဒီမှာ တင်ရပ် . . ငါတို့နားလည်ပေးလို့ရတယ် . . . ခဏ . . . ခဏ ထပ်မပြောနဲ့ . . . ငါပြောတာ ဆံပင်ရှည်လား၊ တိုလား အဲဒါ"

"ငါ . . . ငါ . . . မမှတ်မိလိုက်ဘူး"

ကျော်ကြီး၊ သူနဖူး သူမညာမတာ တိုက်ဝစ်လိုက်သည်။

"သေလိုက်ပါတော့ သားစိုးရယ်"

သားစိုး မျက်နှာငယ်လေးနှင့် ခေါင်းငုံ့သွားလေသည်။ အောင်ပုက ထိုအချိန်မှာပင် ကျောင်းသားကဒ်လေးကို ကိုင်ကာ ကြည့်နေရင်းမှ မျက်နှာတစ်ချက် ဝင်းလက်သွားပြီး . . .

"အခုမှ သတိရတယ် မင်းကြိုးစားချင်ရင် မင်းကို ကူညီနိုင်မဲ့ လူတစ်ယောက်တော့ရှိတယ်။ အဲဒီလူ ကူညီပေးရင်တော့ မင်း သက်မှုံနွယ်ကို ရှာလို့တွေ့နိုင်လိမ့်မယ်"

"ဘယ်သူလဲဟင်"

သုံးယောက်လုံး ပြိုင်တူအော်ကာ အောင်ပုကို ဝိုင်းကြည့်လိုက်ကြ၏။ အောင်ပုက တစ်လုံးချင်းပြောချလိုက်ပါတော့သည်။

"ကိုဝေလင်း"



www.foreverspace.com.mm

www.foreverspace.com.mm

# ဝေလင်း ဒိုင်ယာရီ





www.foreverspace.com.mm

အင်္ဂလိပ်စာ အဓိကဖြင့် နောက်ဆုံးနှစ်တက်ရောက်နေသော ဝေလင်းသည် မနှစ်ကလည်း နောက်ဆုံးနှစ်ပင်ဖြစ်လေသည်။ သူသည် ကျောင်းတက်ရင်း အင်တိုက်အားတိုက်နှင့် စိတ်ပါဝင်စားစွာ ပြုလုပ်သော အလုပ်မှာ သူတစ်ပါးအတွက် ရည်းစားစာရေးပေးခြင်း လုပ်ငန်းနှင့် အောင်သွယ်တော်လုပ်ငန်းပင်ဖြစ်၏။ ထို့အပြင် ဝေလင်းသည် တက္ကသိုလ်တစ်ခုလုံးတွင်ရှိသော မေဂျာတိုင်း၏ ထင်ရှားကျော်ကြားသော ကောင်မလေးတွေ စာရင်း အကုန်ရှိ၏။ ပြီးတော့ အရာရာနှံ့နှံ့စပ်စပ်လည်း ရှိသလို ပျော်ပျော်လည်း နေတတ်သည်။ ထို့ကြောင့် ဝေလင်းကို တစ်ကျောင်းလုံး မသိသူမရှိလောက်အောင် နာမည်ကျော်ကြားလူသိများသည်။ အထူးသဖြင့် ကျောင်းသားများ အကြား ဝေလင်းက ပိုမိုထင်ရှားသည်။

ထိုကဲ့သို့ တစ်ကျောင်းလုံး နှံ့နှံ့စပ်စပ်ရှိသော ဝေလင်းတွင် အဓိက သူငယ်ချင်းနှစ်ယောက်သာရှိခြင်းကလည်း တစ်မူထူးခြား၏။ ထိုသူငယ်ချင်းနှစ်ယောက်မှာ သူ့အပေါ် အမျိုးမျိုးဆိုးသော အမျိုးမျိုး အကူအညီပေးသော ဝေလင်းလိုပင် မနှစ်ကလည်း နောက်ဆုံးနှစ်ပင် တက်ရောက်ခဲ့သော အင်္ဂလိပ်စာမေဂျာမှ အောင်သန်းကြီးနှင့် စိန်ကုလားပင်ဖြစ်တော့သည်။

ဒီနေ့မနက်ကို အိပ်ရာစောစောထဖို့ ရည်ရွယ်ချက်မရှိ။ ထိုသို့ ရည်ရွယ်ချက်မရှိခြင်းကြောင့်လည်း စောစောမထခဲ့ခြင်းဖြစ်သည်။

သူအိပ်ရာကနိုးတော့ နေမင်းက ခေါင်းပေါ်ရောက်နေပြီ။ အိပ်ရာက နိုးနိုးချင်း မနက် (၆)နာရီကတည်းက နှိုးစက်မြည်သွားသော နာရီကို အရင် စမ်းမိ၏။ ထားနေကျ နေရာမှမတွေ့၍ ရင်တစ်ချက်ခုန်ကာ သွားသည်။ နောက်မှ သတိရ၍ သူတစ်ချက်ပြုံးလိုက်မိသည်။

နှိုးစက်မြည်သံကြောင့် နာရီကို မနက်က နံရံနှင့် ကောက်ပေါက် လိုက်သည်ပဲ။ ရှိစေတော့ဟု သဘောထားကာ အိပ်ရာမှ ကုန်းရုန်းထပြီး သွား တိုက်ဆေးနှင့် သွားပွတ်တံကိုယူကာ အဆောင်ရှေ့အုတ်ကန်သို့ ဆင်းခဲ့လိုက် ပါတော့သည်။

အုတ်ကန်ရောက်တော့ ပလုတ်တစ်ချက်ကျင်းပြီး သွားတိုက်ဆေးဘူး ကို သွားပတ်တံမှာတွေ့ပြီး ညှစ်လိုက်ရာ ဝေလင်းတစ်ချက်စိတ်ညစ်ကာသွား၏။ သွားတိုက်ဆေးဘူးက ငါးကျည်းခြောက်ကို ကျပ်တိုက်ထားသလို ပိန်လိန်ကာ နေ၏။ ဝေလင်း သွားတိုက်ဆေးဘူးကိုကြည့်ပြီး အထဲကအနှစ်ကို တစ်ကော်စာ လောက် ဘယ်လိုယူရကောင်းမလဲ တစ်ချက်စဉ်းစားလိုက်သည်။

အုတ်ခဲနဲ့ ထုပြီး ထုတ်ဖို့လည်းမဖြစ်နိုင်တော့ချေ။ အဘယ်ကြောင့် ဆိုသော် နေ့စဉ်ရက်ဆက် နည်းအမျိုးမျိုး ညှင်းပမ်းနှိပ်စက်ပြီး ထုတ်ယူထား သော ဘူးကလေး ကျောသားရင်သားခွဲခြားမရအောင် ပြားကပ်နေလေပြီ . .။





နောက်ဆုံးသွားတိုက်ဆေး ဘူးလေးရဲ့ ရင်ကိုခွဲကြည့်ဖို့ စဉ်းစားလိုက် ၏။ သို့သော် ထိုအတွေးသည်လည်း ခဏသာဝင်ရောက်နေရာယူပြီး ပြန်လည် ထွက်ခွာသွားသည်။ အဘယ်ကြောင့်ဆိုသော် ဘယ်လိုလုပ်၍မှ မဖြစ်နိုင်တော့ သောကြောင့်ပင်ဖြစ်လေသည်။

ဝေလင်း သွားတိုက်ဆေးဘူးကို အုတ်ကန်ပေါင်ပေါ်တင်ပြီး တစ် ချက်စဉ်းစား၏။ ထိုအချိန်မှာပင် အကြံတစ်ချက်ရသွား၍ အဆောင်ပေါ်သို့ ပြေးတက်လိုက်ပါတော့သည်။

အဆောင်ပေါ်ရောက်ရောက်ချင်း ဝေလင်းအခန်းတစ်ခုရှေ့မှာ ရပ် လိုက်ကာ အထဲကိုအသာ ချောင်းကြည့်လိုက်သည်။ အခန်းထဲတွင် ကမ္ဘာမီး လောင်ရင်တောင် နိုးမဲ့ပုံမပေါ်သော လူတစ်ယောက် အိပ်ပျော်ကာနေ၏။ ထို့ နောက်စေ့ထားသော ပြတင်းပေါက်တံခါးကို အသာဖွင့်ကာ အခန်းထဲကြည့် လိုက်တော့ နံရံမှာ ချိတ်ထားသော ခြင်းသေးသေးလေးကို တွေ့ရလေသည်။

ထို့နောက် ခြင်းထဲမှ သွားတိုက်ဆေးကို အသာယူကာ လက်မှာ အသင့်ပါလာသော သွားပွတ်တံပေါ် တစ်ကော်စာတင်၍ အသာပြန်ထားပြီး ပြန်ဆင်းခဲ့လိုက်တော့သည်။ ကိုမျိုးသန်း နိုးတော့မှ ဒီကိစ္စ ခွင့်တောင်းတော့ မည်ဟု ဝေလင်းစိတ်ထဲမှာ တွေးထားလိုက်ပါသည်။ ထို့အပြင် ကျောင်းက အပြန် လမ်းထိပ်က ဆိုင်မှာလည်း သွားတိုက်ဆေးတစ်ဘူးဝင်ဝယ်ရန်လည်း ကိုယ့်ကိုယ်ကိုယ်သတိပေးထားလိုက်၏။

ထိုအတွေးသည်လည်း လွန်ခဲ့သော တစ်ပတ်ကတည်းက သူချမှတ် ထားသော အတွေးတစ်ခုပင်ဖြစ်လေတော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

သား စိုး'လက်က နာရီကို ကြည့်လိုက်၊ အဝေးကိုမျှော်ကြည့်လိုက်နှင့် ဖင်တကြွကြွဖြစ်နေလေသည်။ ဂနာမငြိမ်သော သားစိုးပုံကိုကြည့်ပြီး ကြီးမြင့်က စုပ်တစ်ချက်သပ်ကာ . .

"ဘာဖြစ်နေတာလဲကွာ ငြိမ်ငြိမ်နေစမ်းပါ"

သားစိုး၊ ကြီးမြင့်စကားကြောင့် တစ်ချက်ငြိမ်သွားကာ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ကာသောက်လိုက်၏။ အောင်ပုနဲ့ ကျော်ကြီးကတော့ ကျားထိုးနေ၍ သားစိုးကို ဂရုမပြုနိုင်အားပေ။ ကြီးမြင့်ကလည်း သားစိုးကို လှည့်အော်ပြီး ကျားဗန်းပေါ် အာရုံပြန်ရောက်သွားလေတော့သည်။

"မင်းတို့လူက ဒီနေ့လာဦးမှာ သေချာသေးရဲ့လားကွာ"

သုံးယောက်လုံး ကျားကွက်များပေါ် အာရုံရောက်နေ၍ သားစိုးပြောလိုက်သော စကားကိုရုတ်တရက်မကြားလိုက်ပေ . .။

"ဟေ့ကောင်တွေ . . . ငါ့ကိုလည်း အရေးလေးစိုက်ကြပါဦးကွ"

သားစိုးရဲ့ စိတ်မရှည်သောအသံကြောင့် ကျော်ကြီးက ခပ်မြန်မြန်တစ်ချက်လှည့်ကြည့်ကာ . . .

"ဒီကို မင်းနဲ့အတူ ငါတို့လည်း ရောက်နေကြတာပဲ . . . ပြီးတော့ မင်းကိစ္စကြောင့် ငါတို့လိုက်လာရတာ၊ ငါတို့တောင် စိတ်ရှည်ရှည်ထားနိုင်သေးရင် မင်းက ဘာလို့မထားနိုင်ရမှာလဲ"

"အဲဒါဆို မင်းတို့ ကျားမထိုးဘဲ ငါနဲ့စကားလေး ဘာလေး ပြောပါဦး





www.foreverspace.com.mm

လား၊ ရောက်ကတည်းက ဒီကျားပဲထိုးနေကြတာ ကြာတော့ ငါလည်း ပျင်းလို့သေတော့မယ်"

"အဲဒါဆို မင်းလည်းဝင်ထိုးလေ"

အောင်ပုစကားကြောင့် သားစိုး ကျွဲမြီးတိုကာသွားပြီ။

"ငါမှ ကျားကောင်းကောင်းမထိုးတတ်တာ"

"ဒါတော့ မတတ်နိုင်ဘူး၊ မင်းထိုက်နဲ့မင်းကံပဲ"

သားစိုး ခေါင်းကိုကုပ်ကာ ငေါ်ကြောင်ကြောင်နဲ့ ထိုင်နေသော ကြီးမြင့်ကို အကူအညီတောင်းသလို တစ်ချက်လှည့်ကာကြည့်၏။

"ကြီးမြင့်"

"ဟေ"

"ကိုဝေလင်းက ဒီကဲန်တင်းမှာ ထိုင်နေကျဆိုတာ ကျိန်းသေသလားဟင်"

ကြီးမြင့် ရုတ်တရက်ပြန်မပြောနိုင်သေးပေ။ ခဏတွေးတွေးဆဆ အမူအရာဖြစ်သွားပြီးမှ . . .

"ကိုစိန်ကုလားတို့ပြောတာပဲ ကိုဝေလင်းက ဒီကဲန်တင်းထိုင်နေကျတဲ့ ငါလည်း အတိအကျတော့ ဘယ်သိမလဲ၊ နောက်ပြီး ကိုဝေလင်းလို လူမျိုးကို လိုက်ဖမ်းရတယ်ဆိုတာလည်း လွယ်တဲ့အလုပ်မှမဟုတ်တာ"

သားစိုးသက်ပြင်းကိုချကာ လက်မောင်းကို ငေးလိုက်သည်။ မနက်(၉) နာရီကတည်းက စောင့်နေရတာ အခု ထမင်းစားချိန်တောင် ရောက်ပြီ ကိုဝေလင်းရဲ့အရိပ်အရောင်တောင် မမြင်ရသေး။ ကိုဝေလင်း ကျောင်းရောက်တာ နောက်ကျတတ်သည်ဆိုသော သတင်းကိုကြားဖူးထားသော်လည်း ဒီလောက်နောက်ကျမယ်မထင်မိပေ . .။ အခုတော့ လူတစ်ကိုယ်လုံး သုံးနာရီလုံးလုံး ငုတ်တုတ်ထိုင်လိုက်ရ၍ လေဖြတ်ချင်သလိုလိုတောင် ဖြစ်နေလေပြီ။

သားစိုးညောင်းလာ၍ ခါးတစ်ချက်ဆန့်လိုက်ကာ စီးကရက်တစ်လိပ်ကို လှမ်းနှိုက်လိုက်၏။ ထိုအချိန်မှာပင် ကြီးမြင့်ထံမှ အသံထွက်လာပါတော့သည်။

"ဟာ . . . ဟိုမှာလာပြီကွ"

သားစိုး ရင်မှာတစ်ချက်နွေးသွားကာ . . .

"ကိုဝေလင်းလား"

"မဟုတ်ဘူး ကိုစိန်ကုလား"

သားစိုးစိတ်မာတ်တစ်ချက် ကျသွား၏။ သို့သော် ဘယ်သူမှ မတွေ့ရတာထက်စာရင် ကိုစိန်ကုလားနဲ့တွေ့ရ၍ တော်သေးသည်ဟု ရင်မှာယူဆလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် ကိုဝေလင်း သတင်းကိုတော့ ကိုစိန်ကုလားထံမှာ စုံစမ်းလို့ ရလိမ့်မည်ထင်သည်။

သူတွေးနေစဉ်မှာပင် မီးသွေးအိတ်ခေါင်းတပ်ထားသလို မည်းပြောင်နေသော လူတစ်ယောက် ကဲန်တင်းဝင်ကာလာ၏။ ထို့နောက် ဟိုကြည့် ဒီကြည့်လုပ်ပြီးမှ ကြီးမြင့်ကို တွေ့သွားရာ သူတို့ဝိုင်းသို့ လှမ်းလာပြီး . . .

"အခုထိ ဟိုကောင်မလာသေးဘူးလား"

"မလာသေးဘူး အစ်ကို ကျွန်တော်တို့လည်း စောင့်နေတာ တော်တော်ကြာပြီ . . . အော် . . . ဒါကျွန်တော်ပြောတဲ့ သားစိုးဆိုတာလေ . . . ဟော့ကောင် ဒါ ကိုဝေလင်း သူငယ်ချင်းကိုစိန်ကုလားတဲ့"

စိန်ကုလားက လက်လှမ်းကာပေး၍ သားစိုးပြန်နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို"

စိန်ကုလားက သူ့ရဲ့ဖြူဖွေးသော မွှေးရာပါသွားတွေအကုန်ဖြဲပြကာ. .

"ဟား . . . ဟား . . . ဟား . . ဟား ကိုယ်လည်းတွေ့ရတာ ဝမ်းသာပါတယ်ကွာ"

အသားလွတ်ကြီးရယ်ကာ နှုတ်ဆက်ပြီး သွားကြားမှ နှုတ်ခမ်းအပြင်အံထွက်လာသော တံတွေးတွေကို လက်ကိုင်ပဝါနဲ့ သုတ်ကာ စကားကို ဆက်သည်။

"ချစ်တတ်မှတော့ ဒုက္ခခံရမှာပေါ့ ညီလေးရာ၊ ဒီလိုပါပဲ လူဆိုတာ အချစ်နဲ့တွေ့ရင် အရာရာဒုက္ခခံရတာပါပဲ . . . ဝေလင်းလာတော့မှာပါ ညနေ ကျူတိုရီရယ်ရှိတယ် . . . ဒီကောင်လာမှာ ကျိန်းသေတယ်"





စိန်ကုလားစကားကြောင့် သားစိုးရင်မှာ တစ်ချက်အေးကာသွား၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ဒီကဲန်တင်းကို 'ကိုဝေလင်း'ရောက်မှာတော့ ကျိန်းသေသည်ဟု သူတွက်လိုက်လေသည်။

ထိုအချိန်မှာပင် လူတစ်ယောက်ကဲန်တင်းထဲ ဝင်လာပါတော့သည်။ ထိုလူက အပေါက်ဝဘက်ကျောပေးထိုင်နေသော စိန်ကုလားကို မြင်၍ လှမ်းလာပြီး ပခုံးပုတ်လိုက်ကာ . . .

"ဟော့ကောင် . . . မင်း ဘာလုပ်နေတာလဲ"

စိန်ကုလားရုတ်တရက်ဆိုတော့ လန့်သွားပြီး မော့ကြည့်လိုက်၏။ ထို့နောက် သူ့ကို နှုတ်ဆက်သောသူကိုတွေ့သွားသောအခါ . . .

"ဟာ . . ဝေလင်း"

သားစိုး ရင်ထဲတွင် အပျော်စိတ်တွေ အုံးခနဲထကြွသွားပါတော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

ရာသီဥတုက ညနေစောင်းဘက်ကို အားပြုလာသောကြောင့် တဖြည်းဖြည်း အေးမြလာသလိုရှိသည်။ အတန်းတက်ချိန်ဖြစ်၍ ကဲန်တင်းအတွင်းမှာ လူအနည်းငယ်သာရှိသည်။ အဝေးစာသင်ခန်းများဆီမှ ကျောင်းသား၊ ကျောင်းသူတို့၏ အသံများတစ်ချက်တစ်ချက် ပျံ့လွင့်လာလာ၏။ ဆိုင်ကလေးအတွင်းမှာတော့ သူတို့စကားပြောဆိုနေသံမှ လွဲ၍ အရာရာအေးစက်နေလျက် . .။

"ကျွန်တော်နဲ့ သူတွေ့ခဲ့တဲ့ ပုံစံလေးကတော့ အဲဒါပါပဲ အစ်ကိုရယ်၊ ကျွန်တော့်မှာ သူ့ကိုပြန်တွေ့နိုင်မယ့် သဲလွန်စဆိုလို့ ဒီကဒ်ပြားလေးတစ်ခုပဲရှိတာပါ။ အဲဒီကဒ်ပြားလေးကလည်း အစ်ကိုမြင်တဲ့အတိုင်းပဲ . .။ အဲဒါကြောင့် အစ်ကို့ဆီကို ကျွန်တော်တို့"

သားစိုးက စကားကိုမဆက်ဘဲ ရပ်ကာ ဝေလင်းကိုကြည့်လိုက်သည်။ ဝေလင်းလက်မှာ ကုန်သွားသော ဆေးလိပ်ကို တစ်ချက်နင်းခြေလိုက်ပြီး ရေနွေးကြမ်းနည်းနည်းငုံကာ ပလုတ်ကျင်းလိုက်၏။ ပြီးမှ သားစိုးကို စိုက်ကြည့်လိုက်ကာ . . .။

"သက်မှုန့်နွယ်ဆိုတဲ့ နာမည်နဲ့ ကျောင်းသူတွေကတော့ ဒီကျောင်းမှာ တော်တော်များတယ်။ ညီလေးပြောတဲ့ သက်မှုန့်နွယ်က ဘယ်မေဂျာကလဲဆိုတာ မသိလိုက်တာခက်တယ်။ ပြီးတော့ ကိုယ့်ညီက မျက်လုံးကလွဲပြီး ဘာမှရေရေရာရာမသိလိုက်ဘူးဆိုတော့ တော်တော်ရှုပ်ထွေးသွားပြီ"





www.foreverspace.com.mm

သားစိုးရှက်ပြုံးပြုံးရင်း ခေါင်းကို တစ်ချက်ပွတ်လိုက်၏။ အောင်ပုက သားစိုး ပခုံးကို လှမ်းကိုင်ကာ . . .

"ဒီကောင် သောက်ရူးအစ်ကို၊ တစ်ခါ တစ်ခါ ဒီလိုပဲ ထထဖောက်တယ်"

ဝေလင်းက ပြုံးလိုက်၏။

"ဒီလိုပါပဲကွာ . . . ပုထုဇဉ်တွေဆိုတော့ တစ်မျိုးမဟုတ် တစ်မျိုးတော့ ရူးနေကြတာပါပဲ"

အားလုံးပြုံးလိုက်ကြသည်။ ပြီးနောက် စကားဝိုင်းလေးသည် ခဏတိတ်ဆိတ်သွား၏။ အားလုံး ဝေလင်းဆီမှ စကားကို ဆက်လက်စောင့်စားနေဟန်ရှိသည်။ သားစိုးနည်းတူ ကျော်ကြီးတို့ အောင်ပုတို့ပါ 'သက်မှုန့်နွယ်' အော်ပရေးရှင်းကို စိတ်ဝင်စားနေကြလေသည်။

"ကိုယ်သိရသလောက် သက်မှုန့်နွယ်နာမည်နဲ့ မိန်းကလေးခြောက်ယောက်လောက်ရှိတယ်၊ ဒါတောင် အတိအကျမဟုတ်သေးဘူး။ ထပ်ရှိချင်ရှိဦးမှာ"

"ဟင် . . . အများကြီးပါလား"

"လောကမှာ နာမည်တူ လူတူမရှားလေ၊ ပြီးတော့ တိုက်တိုက်ဆိုင်ဆို သက်မှုန့်နွယ်ဆိုတဲ့ နာမည်ပိုင်ရှင်လေးနဲ့မှ မင်းက သွားတိုးတာကိုး၊ သက်မှုန့်နွယ်ဆိုတာ နာမည်က ရိုးရိုးလေးနဲ့ ချစ်စရာကောင်းနေတော့ တော်တော်များများ မှည့်တတ်ကြတဲ့ နာမည်ထဲမှာပါတယ်ကွာ"

သားစိုးက သက်ပြင်းကိုချပြီး ဆေးလိပ်ကိုသာ မဲဖွာလိုက်သည်။ ဝေလင်းက သားစိုးပုံကိုကြည့်၍ ပခုံးတစ်ချက်လှမ်းကိုင်လိုက်ကာ . . .

"ဘာမှစိတ်မပူပါနဲ့ကွာ မင်းကို အခု ကူညီပေးမယ့်လူက တခြားကောင်မှမဟုတ်တာ"

သားစိုး ဝေလင်း စကားကြောင့် နားမလည်နိုင်သလို တစ်ချက်ဖြစ်သွားကာ . .။

"ဟင် . . . ဒါဆို ကိုဝေလင်းက ကျွန်တော့် . . ကျွန်တော့် ကိစ္စကို"

တော်ဝင်မြို့မစာအုပ်တိုက်

ဝေလင်း ပြုံး၍ခေါင်းညိတ်ကာပြ၏။

“ဒါ မင်းကို မတွေ့တွေ့အောင် ရှာပေးပါ့မယ်”

“တကယ်ပြောတာလား အစ်ကို”

ဝေလင်း နောက်ထပ်တစ်ချက်ခေါင်းညိတ်ပြ၍ . . .

“ကမ္ဘာကြီးတောင် ရွာဖြစ်နေရင် တက္ကသိုလ်လေးက အိမ်တစ်အိမ်စာလောက်တောင် မကျယ်တော့ပါဘူးကွာ . . . မင်းရဲ့ သက်မှူးနွယ် ဘယ်ပြေးနိုင်ပါ့မလဲ”

သားစိုး ဝေလင်း လက်ကိုဆုပ်ကိုင်လိုက်ကာ အားရပါးရနှင့် . .

“အဲဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ ဟင်”

“ကိုယ် ပြောမယ်လေ”

သားစိုး အားရပါးရတစ်ချက်ပြုံးပစ်လိုက်သည်။ သူ့ရင်ထဲမှာ ကိုဝေလင်းကို ယုံကြည်မှုအပြည့်ရှိ၏။ ဒီကိစ္စသူတို့အဖွဲ့နှင့် ကိုဝေလင်းသာ ပူးပေါင်းပြီး ဖြေရှင်းပေးမည်ဆိုလျှင် . . .။

ပျံလေတဲ့ ငှက်ခါးတော့ နားကာမှ တွေ့မည်ဟု ရင်ထဲမှာ ကြုံးဝါးလိုက်ပါတော့၏။





“ငါတို့ ပထမဆုံး စတင်လေ့လာရမှာက ရူပဗေဒက သက်မှူးနွယ်ပဲ၊ သူကချောတယ်၊ လှတယ်၊ ညီလေးပြောတဲ့ သမင်မျက်လုံးဆိုတာကိုလည်း ပိုင်ဆိုင်ထားတယ်၊ ပြီးတော့ သူက အဲဒီ့မေဂျာရဲ့ကွင်း”

ဝေလင်းက စကားကို ပြောရင်းမှ ခဏနားသည်။ ပြီးတော့ သူ့စကားကို နားထောင်နေကြသည့် သူတွေကိုတစ်ချက်ဝေ့ကြည့်လိုက်၏။ အားလုံးက ဝေလင်းစကားကို စိတ်ဝင်တစား နားထောင်နေကြလေသည်။

“အဲဒီ့သက်မှူးနွယ်မှာ အီစီကလီလိုလို၊ အီကြာကွေးလိုလိုလုပ်နေတဲ့ ငတိတစ်ကောင်ရှိတယ်၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ အဲဒီ့ကောင်က အဲဒီလောက် အဖြစ်မရှိပါဘူး”

အားလုံးဆီမှ သက်ပြင်းချသံ ကိုယ်ဆီတိတ်ဆိတ်စွာ ထွက်ပေါ်လာသည်။ ဝေလင်းက စကားကိုဆက်၏။

“အဓိက က အဲဒီ့သက်မှူးနွယ်ကို သွားတွေ့ဖို့ပဲ၊ ပြီးတော့ သားစိုးက အဲဒီ့သက်မှူးနွယ်ကို လေ့လာပေါ့၊ မင်းနဲ့တွေ့ခဲ့တဲ့ မျက်ဝန်းလေးရဲ့ ပိုင်ရှင် ဟုတ်မဟုတ်”

သားစိုးခေါင်းကို ညိတ်ပြ၏။ ဝေလင်းက သားစိုးကို စိုက်ကြည့်ကာ စကားကို ဆက်သည်။

“ညီလေးကို ကိုယ်တစ်ခုမေးချင်တယ်”

“ဟုတ်ကဲ့ မေးပါအစ်ကို”

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

"မင်း အဲဒီကောင်မလေးကို မျက်ဝန်းအကြည့်က လွဲပြီး ဘာမှမမှတ်မိလိုက်ဘူးလားကွာ"

သားစိုး မရယ်ချင်ရယ်ချင်ဖြင့် တစ်ချက်ရယ်ကာ ငိုင်တွေတွေဖြစ်ကာသွား၏။ တော်တော်လေးကြာသည်အထိ ဘာစကားမှမပြောတော့ဘဲ ခေါင်းငုံ့ကာသွားသည်။ အားလုံးက သားစိုးကို ငိုင်းကြည့်နေကြသောကြောင့် ပတ်ဝန်းကျင်က ခေတ္တတိတ်ဆိတ်နေသည်။ အတော်လေးကြာတော့မှ . . .

"အဲဒီအကြောင်းက ပြောရချက်တယ် အစ်ကိုရယ် . . . အင်း"

သက်ပြင်းကို အရှည်ဆွဲချကာ စကားကို ခဏရပ်၏။ တွေးဆသလိုလိုလုပ်ပြီးမှ စကားပြန်ဆက်သည်။ အားလုံးကတော့ တိတ်ဆိတ်စွာ စောင့်မျှော်လျက် . .

"မပြောပြတတ်ဘူးဗျာ"

"ဟာ"

"သူတောင်းစား"

"မပြောပြတတ်လည်း ဘာလို့ ဒီလောက်စဉ်းစားနေသေးလဲကွာ၊ ငါတို့က အဟုတ်ကြီးမှတ်ပြီး မျှော်လိုက်ရတာ ညောင်းနေတာပဲ"

သားစိုး အားလုံးကို ပြုံးပြလိုက်ကာ အဝေးကို ငေးသွားသည်။ ဝေလင်းက ခေါင်းတညိတ်ညိတ်လုပ်၏။

"အဲဒါ အချစ်က ခန္ဓာကိုယ်ကို အေးစေးပြဝင်တိုက်တယ်လို့ခေါ်တယ်ကွာ"

"ဗျာ"

အားလုံး ဝေလင်းစကားကြောင့် ကြောင်တောင်တောင်ဖြစ်သွား၏။ ကျော်ကြီးက မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်လုပ်လိုက်ပြီး . . .

"မအေးမြ ဝင်နှိုက်တယ်ဆိုတာ ဘာလဲအစ်ကို"

"မင်းကလည်း တစ်မျိုး အေးစေးပြဝင်တိုက်တယ်လို့ ပြောတာ နားပင်းရဲ့"

အောင်ပုစကားကြောင့် အားလုံးရယ်လိုက်ကြ၏။ရယ်သံတွေအဆုံးမှာ





www.foreverspace.com.mm

"ကဲ ဒါတွေထားလိုက်ပါတော့ . . . ငါတို့လုပ်ငန်းလေး စကြရအောင် သွားကြစို့"

ဝေလင်းရဲ့ စကားကြောင့် အားလုံးချက်ချင်းသွက်လက်သွားကြသည်။ ချက်ချင်းသွေးပူကာသွားပြီး ရင်ခုန်ခြင်းတွေ ကိုယ်စီခုတ်မောင်း ကုန်ကြ၏။

"အစ်ကို အဲဒီကောင်မလေးက ရူပဗေဒ ဘယ်နှစ်ကလဲဟင်"

"ဒုတိယနှစ်က"

သူတို့ ကန်တင်းမှထ၍ ရူပဗေဒအဆောင်များရှိရာဘက်သို့ ခြေဦးလှည့်လိုက်ပါတော့သည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

လှ တယ်ဆိုတာထက် တောင့်တယ်၊ ဖြောင့်တယ်လို့ ပြောရင် ပိုမှန်မည်ဟု 'သားစိုး'တွေးမိ၏။ ခန္ဓာကိုယ် အဆင်းသဏ္ဌာန်က ရေရှိုကိုယ်လုံးလေးဟုတင်စားခေါ်ဝေါ်လို့ရသည့်အနေအထား။ မိန်းမတို့၏ ကောင်းခြင်း ငါးဖြာထဲမှာ ဆံပင်၏ကောင်းခြင်းဆိုတာနှင့်လည်း ပြီးပြည့်စုံနေပြန်သည်။ ဒူးခေါက်ခွက်လောက်အထိ ရှည်လျားစွာ ဖြာကျနေသော ဆံပင်က ပိုးသားလို နက်မှောင်တောက်ပြောင်လျက် . .

"သားစိုး အဲဒီကောင်မလေးလား"

သက်မျှုနွယ်ဆိုတဲ့ မိန်းကလေးကို သားစိုး လေ့လာနေရာမှ ကြီးမြင့်ဆက်လှည့်ကြည့်လိုက်ကာ . . .

"ချောတာတော့ တော်တော်ချောတယ်ကွ . . . ဒါပေမယ့် ငါနဲ့တွေ့တဲ့နေ့က သက်မျှုနွယ်က ဆံပင် အဲဒီလောက်မရှည်ဘူးထင်တယ်"

"ပြောလို့ရမလား ဆံထုံးထုံးလာတာကို မင်းမမြင်လိုက်တာမျိုးဆိုဘယ်လိုလုပ်မလဲ"

သားစိုးက ကြီးမြင့်စကားကို ထောက်ခံသည့်အလား ခေါင်းကို ညိတ်ပြသည်။

"မင်းပြောတာလည်း ဖြစ်နိုင်တာပဲ"

"အဲဒါဆို သက်မျှုနွယ် ဟုတ်မဟုတ် ဘယ်လိုစမ်းသပ်မလဲ"

သားစိုးက ကြီးမြင့်ကို ခပ်နှိမ့်နှိမ့် တစ်ချက်ကြည့်ပစ်လိုက်သည်။





"ငါ့မှာ အဲဒီကောင်မလေးဆီက တစ်သက်လုံး မေ့မရတဲ့ အမှတ်အသားလေးတစ်ခုရှိတယ်လေ . . . မင်းက ဇော်ုးပဲ"

ဘလိုင်းကြီးဇော်ုးလို့ အပြောခံလိုက်ရ၍ ကြီးမြင့်ဒေါသဖြစ်ကာသွား၏။ သားစိုးကိုတစ်ခုပြန်ပြောမလို့ လုပ်စဉ် ဝေလင်းက ဝင်ပြော၍ ပြောခွင့်မရလိုက်ပေ။

"အဲဒါဆို တော်ကြာအတန်းပြီးတော့မယ်၊ အတန်းပြီးတာနဲ့ မင်းကောင်မလေးနောက်ကို လိုက်သွား၊ ငါတို့က ခပ်လှမ်းလှမ်းမှာရှိမယ်။ ပြီးရင် မင်းမှတ်မိပါတယ်ဆိုတဲ့ မျက်ဝန်းလေးဟုတ်မဟုတ်လိုက်ကြည့်ပေါ့ကွာ။ လိုအပ်ရင် ဝင်သာရောပစ် မကြောက်နဲ့"

"ဟုတ်တယ် သားစိုး ဝင်ဘာလုပ်ပစ် ပေ့ကောင် . . ကောင်မလေးက အမိုက်စားလေးကွ . . တော်ကြာ ကံစွတ်ပြီး မင်းရသွားရင် ထောပြီ"

"ဟာ . . ကျော်ကြီးရာ . . မင်းက အချစ်ဆိုတဲ့အရာကို BE တစ်လုံးလောက်တောင် တန်ဖိုးမထားတတ်တဲ့ကောင်ပဲ။ အချစ်ဆိုတာ မင်းပြောသလိုအရောင်းအဝယ်သဘောလုပ်လို့ရတာ မဟုတ်ဘူးကွ"

အောင်ပုက ခပ်တည်တည်ဝင်ပြောလိုက်သော စကားကြောင့် ကျော်ကြီးမျက်နှာချက်ခြင်း မည်းတက်လာသည်။ မျက်တောင်လေး ပုတ်ခပ်ပုတ်ခပ်လုပ်ကာ ရုတ်တရက် ဘာပြန်ပြောလို့ ပြောရမှန်းမသိဖြစ်ကာသွား၏။

အောင်ပုက သားစိုးပခုံးကို လှမ်းဖက်လိုက်ကာ . . .

"ဘာမှစိတ်မပူနဲ့ သူငယ်ချင်း၊ မင်းလုပ်စရာရှိတာ ပြတ်ပြတ်သားသားလုပ်၊ တစ်ခုခုဖြစ်ရင် ငါတို့ရှိတယ်ဆိုတာ မင်းခေါင်းထဲထည့်ထား လုပ်စရာရှိတာသာရဲရဲလုပ်"

သားစိုးရင်မှာ အင်အားတွေပြည့်တက်လာ၏။ အောင်ပုကိုလည်း ကျေးဇူးတင်သောအကြည့်နှင့် ကြည့်ကာလည်ပင်းကို ပြန်ဖက်လိုက်သည်။ အားလုံးကလည်း သားစိုးကို အားပေးကြလေသည်။

"ကဲ ကိုယ့်ညီတို့ အဆင်ပြေအောင်သာလုပ်တော့ ကိုယ်တော့ ကျူတိုရီရယ်လေးရှိလို့ ပြေးလိုက်ဦးမယ်။ ညနေ ကန်တင်းမှာပဲ ပြန်ဆုံတာပေါ့"

ဝေလင်းက အားလုံးကို နှုတ်ဆက်ကာ လက်ပြ၏။ သားစိုး ရင်ထဲမှာ ဝေလင်းကို အားထားချင်သော်လည်း မတတ်သာ၍ ကျေးဇူးတင်ကြောင်းသာ အကြိမ်ကြိမ်ပြောကာ ကျန်ခဲ့ရပါတော့သည်။ ဘာပဲဖြစ်ဖြစ် ကိုဝေလင်းလို လူမျိုးက ဒီလောက်လိုက်ကူညီပေးတာပင် ကျေးဇူးတင်လှပါပြီ။ ဒါတွေ အားလုံး ကြီးမြင့်ကျေးဇူးတွေကြောင့်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြီးမြင့်က ကိုဝေလင်း သူငယ်ချင်းစိန်ကုလားနဲ့ အရမ်းခင်သောကြောင့်ပင်။ ထို့ကြောင့် စိန်ကုလားမျက်နှာကြောင့် ကိုဝေလင်းကလည်း ဒီလောက်လိုက်လံ ကူညီပေးခြင်းပင်။

သားစိုးတွေးနေစဉ်မှာပင် အတန်းပြီးဆုံးသွား၍ ဆရာမထွက်ကာ သွားသည်။ အတန်းတစ်ခုနဲ့တစ်ခု အကူးအပြောင်းတွင် ကျောင်းသား၊ကျောင်း သူတို့ရဲ့ ထုံးစံအတိုင်း ဆူဆူညံညံအော်ကြဟစ်ကြနှင့် ရုတ်ရုတ်သဲသဲတွေဖြစ် ကုန်ကြလေ၏။

အပြင်ထွက်သူထွက်သွားကြကာ နောက်တစ်ချိန်ဝင်မည့် ဆရာ/ဆရာမကို စောင့်မျှော်နေကြရင်း စကားပြောနေသူတွေလည်းရှိ၏။ အားလုံးထဲတွင် သက်မှူးနွယ်တစ်ယောက်ကတော့ ပကတိအေးဆေးတည်ငြိမ် လျက်ရှိနေသည်ကို သားစိုး သတိထားမိသည်။

အမှန်ဆို အခန်းထဲမှာ ဘာအလုပ်မှမရှိဘဲ ဒီအတိုင်း ငုတ်တုတ်ထိုင် နေသော မိန်းကလေးတစ်ယောက်သည် အခန်းပြင်သို့ တစ်ချက် တစ်ချက် မျက်လုံးကစားရင်း လှည့်လှည့်ကြည့်တတ်ကြ၏။ ငါ့ကို ဘယ်ကောင်လာငေး နေလဲဆိုတဲ့ အကြည့်မျိုးဖြစ်ဖြစ်၊ ဘယ်ကောင်မတွေ ဘာတွေဝတ်ပြီး လမ်းသလားနေလဲဆိုတဲ့ အတွေးမျိုးနဲ့ပဲဖြစ်ဖြစ်၊ ဒီအချိန် ကိုကိုလာရင် မမြင် ချင်ယောင်ဆောင်နေလိုက်မယ်ဆိုတဲ့ ပုံမျိုးနဲ့ဖြစ်ဖြစ် အခန်းပြင်ကိုတော့ စူးစမ်း တတ်ကြသည်။

အခု သက်မှူးနွယ်ကျတော့ အဲဒီလို မဟုတ် လုံးလုံးကျောက်ရုပ်၊ သားစိုးကြည့်နေရင်းမှာပင် ကျောက်ရုပ်ကလေးနည်းနည်းလှုပ်ကာလာသည်။ ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့်လုပ်ရင်း လွယ်အိတ်ထဲမှ လက်ဝါးလောက်





အရာလေးတစ်ခုကို ဆွဲထုတ်လိုက်တာတွေ့လိုက်မိ၏။ ထိုအရာလေးကို မျက်နှာ ရှေ့ထားပြီး ဆံပင်တွေ ဟိုသပ်ဒီသပ်လုပ်တာတွေ့လိုက်မှ မှန်ကလေးတစ်ချပ် မှန်း သားစိုးသိလိုက်သည်။

သားစိုးပြုံးလိုက်ရင်း သက်မှူးနွယ်ကို ကြည့်နေမိ၏။ မိန်းကလေး တစ်ယောက်၏ လွတ်လပ်သော လှုပ်ရှားမှုကို သားစိုးပြုံးလိုက်ခြင်းပင်ဖြစ်သည်။ သက်မှူးနွယ်ကတော့ သူမကို ဘယ်သူမှစိတ်ဝင်တစားကြည့်နေသူမရှိဘူး ထင် ပြီး သူ့မျက်နှာသူ ကျကျနနကြည့်နေပါသည်။ အပေါ်နှုတ်ခမ်းနှင့် အောက် နှုတ်ခမ်းကို ဖွင့်ချည် ပိတ်ချည်လေးခါလောက်လုပ်ပြီး နှုတ်ခမ်းနီကို ညှိ၏။ နဖူးရှေ့ သုံးလေးချောင်းဝဲကျနေသော ဆံပင်တွေကို နားနောက်ပြန်ညှပ်ကာ မျက်နှာကို ဘယ်ညာလှည့်ပြီး မှန်ထဲမှာ အဆင်ပြေမပြေကြည့်သည်။ သားစိုး မှာတော့ ကောင်မလေးလုပ်တာ ကိုင်တာတွေကို သည်းထိပ်ရင်ဖို ဇာတ်ကား တစ်ခုကြည့်နေရသလို ပါးစပ်ဟောင်းလောင်းနှင့် ငေးနေမိတော့၏။ စိတ်ထဲ မှာလည်း မိန်းကလေးတစ်ယောက်၏ အတန်းချိန်တစ်ခုနဲ့တစ်ခု အကူး အပြောင်းသည် ဒီလောက်အလုပ်ရှုပ်မှန်း အခုမှ သိသွားတော့သည်။ သူတို့ မှာသာ အခန်းထဲအဝင်အထွက်ကိစ္စသည် လွယ်အိတ်ကောက်သိမ်းပြီး ခြေလှမ်းလှမ်းရန်သာလိုသော်လည်း မိန်းကလေးတစ်ယောက်အတွက်တော့ စစ် မြေပြင်ထွက်မည့် စစ်သားတစ်ယောက်လို အစစအရာရာသတိထားရမှန်း သူ နားလည်ကာသွား၏။

ထိုသို့တွေးနေချိန်မှာပင် မှန်တစ်ချပ်၊ လက်နှစ်ဖက်နှင့် အလှကုန် ပစ္စည်းပေါင်းစုံတို့ဖြင့် အလုပ်ရှုပ်နေသော သက်မှူးနွယ် ရုတ်တရက်ရပ်သွား လေသည်။ အလှပြင်ခြင်းကိစ္စကို ရပ်လိုက်ခြင်းတော့မဟုတ်ပေ။ စားကျက် တစ်ခုမှာ လွတ်လွတ်လပ်လပ်ပျော်မြူးနေရာမှ ကျားတစ်ကောင်အနံ့ရှူရှိုက်မိ သော သမင်တစ်ကောင်၏လှုပ်ရှားမှုမျိုးပင်။ ဆဋ္ဌမအာရုံ၏ လှုပ်ရှားမှုသည် သက်မှူးနွယ်ကို ရုတ်တရက်ဝင်စောင့်လိုက်ချိန်တွင် . .

ချာခနဲ လှည့်ထွက်သွားသော သက်မှူးနွယ်ခေါင်းသည် သားစိုး တည့်တည့်တွင် ရုတ်တရက်ရပ်ကာသွား၏။ သားစိုးရင်မှာ ဒိန်းခနဲဖြစ်သွား

www.foreverspace.com.mm

သော်လည်း ချက်ချင်း သူ့စိတ်သူအာရုံက မခွာနိုင်သေး . . ။

သက်မှူးနွယ်၊ သားစိုးကို ကြည့်ပြီး စိတ်ထဲမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။ ခေါ်တော့ရှိုးရှိုးနေသော သားစိုးမျက်လုံးအကြည့်ကြောင့် ခန္ဓာကိုယ် တစ်ခုလုံး ဖျင်းခနဲဖြစ်ကာသွား၏။ သူမ ရုတ်တရက်ဘာလုပ်လို့ လုပ်ရမှန်း မသိ။ သားစိုး သူမအပေါ် ကြည့်နေပုံက ပန်းတစ်ပွင့်ကို စိတ်ဝင်စားနေသော လိပ်ပြာတစ်ကောင်၏အကြည့်မျိုးမဟုတ်ဘဲ သမင်တစ်ကောင်ကို ဘယ်လို ခုန်အုပ်ရမလဲ ချောင်းနေသော ကျားတစ်ကောင်၏ မျက်လုံးမျိုး . . ။

သူမ ရုတ်တရက်တွေဝေသွားရာမှ မျက်စိကို ချက်ချင်းလွှဲပစ်လိုက်လေသည်။

"ဒီလူ ဘယ်လိုလူလဲ ပြီးတော့ ဘယ်ကလဲ နောက်ပြီး သူမကို ဘာကြောင့် ဒီလို စားမတတ် ဝါးမတတ်ကြည့်နေရသလဲ။ သူမ ပတ်ဝန်းကျင်မှာ ယောကျ်ားပေါင်းများစွာရဲ့ အကြည့်ကိုခံခဲ့ဖူးသည်။ သို့သော် ဒီလိုအကြည့်မျိုးမပါဖူးခဲ့ . . ။ ယောကျ်ားပေါင်းများစွာ၏အကြည့်ကိုလည်း တုံ့ပြန်ခဲ့ဖူးသည်။ သို့သော် တစ်ခါမှ ဒီလိုစိတ်မလှုပ်ရှားဖူးခဲ့။ ဒီလိုတစ်ခါမှ မတုန်လှုပ်ဖူးခဲ့ဘူး ဆိုပိုမှန်လိမ့်မည်။

ရုတ်တရက် မာနတစ်ခုသည် ရင်ခွင်အလယ်ခွေးခနဲ ဖြစ်သွားပြီး နောက် ဦးခေါင်းကို ဖျတ်ခနဲ ဆွဲမပြီး သားစိုးရှိရာသို့ ရဲတင်းစွာ ပြန်ကြည့်ပစ်လိုက်ချိန်တွင် . .

"ဟင်"

ထိုနေရာတွင် သားစိုး မရှိတော့ပေ . . ။





www.foreverspace.com.mm

ကောင် မလေးက ငါကြည့်နေတာတွေ့တော့ တော်တော်လန့်သွားတာကွ သိလား"

"အဲဒီလောက်ဆိုကတည်းက ကိုယ့်ရုပ်ကိုယ်နားလည်ပေါ့ သားစိုးရာ"

'သားစိုး'ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ဖြစ်သွားကာ အောင်ပိုကိုလှမ်းကာကြည့်လိုက်၏။ ဝေလင်းက တစ်ချက်ပြုံးလိုက်ကာ . .

"ပြီးတော့ ကောင်မလေး ဘာဆက်ဖြစ်သွားသလဲ"

အောင်ပိုကို တစ်ခုခုပြောမလို့ ပါးစပ်ပြင်လိုက်ပြီးမှ ဝေလင်းဘက် လှည့်ကြည့်လိုက်၏။ ပြီးနောက် ခေါင်းကို ပွတ်လိုက်ပြီး . . .

"ဘာဆက်ဖြစ်လိုက်လဲတော့ မသိလိုက်ဘူးအစ်ကို . . . ကျွန်တော်လည်း ဆက်မကြည့်ရဲတော့ဘဲ ကြောက်လို့ထွက်ပြေးလာခဲ့တယ်"

ဝေလင်းက ဆက်မေး၏။

"အဲဒီကောင်မလေးက ညီ ပြောတဲ့ကောင်မလေးလား"

အားလုံးကလည်း ထိုမေးခွန်းကို သိချင်နေကြ၍ ငြိမ်ကာအာရုံ စူးစိုက်လိုက်ကြ၏။ သားစိုး သက်ပြင်းကို ချကာ မျက်ခုံးလေးကို ပင့်တင်လိုက်သည်။ ပြီးနောက် လက်ဖက်ရည်ပန်းကန်လုံးလေးကို စားပွဲမှာ ထောက်ရင်း လက်နဲ့လှည့်ကစားနေလိုက်သည်။ အချိန်တော်တော်ကြာသည်အထိ ဘာအဖြေမှမပေးသေးဘဲ ပန်းကန်လုံးလှည့်နေသော သားစိုးကို အားလုံးက ကြောင်တောင်တောင်နဲ့ကြည့်နေချိန်တွင် သားစိုးက ဒုတိယသက်ပြင်းတစ်ချက်ကို

ချသည်။ ပြီးနောက် . . .။

"ကျွန်တော်နဲ့တွေ့ခဲ့တဲ့ကောင်မလေးရဲ့ မျက်ဝန်းတွေက ခွေးထွေးတယ် . . ။ ပြီးတော့ အေးမြတယ်"

ပြီးတော့ စကားကိုရပ်သည်။ လက်ထဲမှာ လှည့်ဆော့နေသော လက်ဖက်ရည်ခွက်လေးကို ဝှပ်ခနဲ ချလိုက်သည်။ အားလုံးက သားစိုးလုပ်တာ ကိုင်တာတွေကို လိုက်ကြည့်ကာငေးနေ၏။ အလိုချင်ဆုံး အဖြေတစ်ခုအတွက် အရှိန်ပျက်သွားမှာစိုး၍ ဘယ်သူမှ စကားတစ်ခွန်းဝင်မပြောရဲပေ။ သားစိုးက အားလုံးမျက်နှာတွေကိုကြည့်ပြီး လည်ချောင်းတစ်ချက်ရှင်းက စကားကို ဆက်လိုက်သည်။

"ဒီကောင်မလေး မျက်ဝန်းတွေထဲမှာ အစိမ်းရောင်တွေရော ပျက်နေတာ ကျွန်တော်တွေ့လိုက်ရတယ် အစ်ကို ဒါပေမယ့် တစ်ခုတော့ ရှိတယ် ဟုတ်တယ်မဟုတ်ဘူးဆိုတာတော့ တပ်အပ်တော့မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို သူတွေ့လိုက်တဲ့အချိန်မှာ ရုတ်တရက်အံ့ဩသွားတယ်။ အဲဒီအံ့ဩသွားတဲ့ စိတ်ကြောင့် သူ့မျက်ဝန်းက ရိုးသားမှုတွေမပါတော့ဘူး၊ ရှင်းရှင်းပြောရရင် မူမမှန်တော့ဘူးပေါ့ဗျာ"

ဝေလင်းက ခေါင်းကို ကုပ်လိုက်သည်။ ပြီးနောက် ခေါင်းကိုခါလိုက်ပြီး . . ။

"ဒီကိစ္စက ဒီလိုရှိတယ်ညီရ . . . ။အင်း . . ဘယ်လိုပြောရမလဲ မူမှန်တယ် မမှန်ဘူးကိုယ်တို့က လေ့လာနေရအောင် ကောင်မလေးက တရားရုံးမှာ အမှုစစ်ခြင်းခံနေရတဲ့ တရားခံတစ်ယောက်မဟုတ်ဘူးလေ။ ပြီးတော့ ညီကလည်း လူဆိုးထိန်းလည်းမဟုတ်ဘူး . . အဲဒီတော့ ဘယ်လိုပြောရမလဲ ကိုယ်တို့ ဒီအော်ပရေရှင်းကို ပေါ့ပေါ့ပါးပါးလေးခံစားပြီး သွားကြရအောင်နော် ဟိုကွာ ဒီလို ကိုယ်တို့ လိုရင်းလေးပဲသွားကြရအောင် ညီ . . . သဘောပေါက်လားမသိဘူး"

သားစိုးက ဝေလင်းစကားကို မကြားသည့်အလား အဝေးကို ရီဝေဝေ အကြည့်တွေနှင့် ငေးကာတွေးနေ၏။ အောင်ပုတို့အုပ်စုက သားစိုးကို ငေးကာ





ကြည့်နေသည်။

"အစ်ကိုက ကျွန်တော့်ကို အရူးလို့ ဆိုလိုတာလားဟင်"

"အန်"

ဝေလင်းကြောင်တောင်တောင်ဖြစ်သွားကာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"မဟုတ် . . . မဟုတ်ပါဘူး . . . ကိုယ် . . . ကိုယ်ပြောတာ"

"ကျွန်တော် နားလည်ပါတယ် အစ်ကို . . . အစ်ကို့ကို ဒီလောက်ထိ လိုက်ကူညီပေးတဲ့အတွက်တောင် ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ ပြီးတော့ အစ်ကို့ကိုလည်း ကျွန်တော်အရမ်းလေးစားပါတယ် . . ဒါပေမယ့် ကျွန်တော့်ဘက်ကိုလည်း အစ်ကိုဝင်ပြီး ခံစားကြည့်ပါ အစ်ကိုရယ် အစ်ကိုလည်း ခံစားတတ်တဲ့ သူတစ်ယောက်ပဲ ဒါတွေနားလည်မှာပါ"

"နား . . . နားလည်ပါတယ် ညီရယ် . . . ကိုယ်ပြောတာက ညီ့ကို အရူးတစ်ယောက်လို့ မဆိုလိုပါဘူး . . . ဟိုဟာလေ . . ဘယ်လိုပြောမလဲ"

"အရူးလို့ဆိုလိုချင်လည်း ဖြစ်ပါတယ် အစ်ကို၊ ကျွန်တော် အရူးပါ"

"ဟေ"

ဝေလင်း ပါးစပ်သည် ရေမြင်းလောက်နီးနီး ပြူကာထွက်သွား၏။ အောင်ပုနှဲ့ ကျော်ကြီးက သားစိုးတို့ကြည့်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ကြီးမြင့်ကတော့ သားစိုးလက်မောင်းလေးကို လက်ညှိုးဖျားလေးနှင့် တို့ကာကြည့်ပြီး ခေါင်းကိုညိတ်၏။ ထိုအချိန်မှာပင် အောင်ပုနှင့် ကျော်ကြီးက တစ်ယောက်ပါးတစ်ယောက် ရိုက်ကြည့်ပြီး အိပ်မက်မဟုတ်ကြောင်း သက်သေထူလိုက်ကြလေတော့သည်။

"လူတိုင်းမှာ အချစ်ကြောင့် ရူးသွပ်ခွင့်ရှိကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်လည်း အဲဒီမျက်ဝန်းလေးကြောင့် နေ့စဉ်ရက်ဆက် ရူးသွပ်ခဲ့ရတယ်။ တကယ်ပြောတာပါ ကျွန်တော့်ကို ကျွန်တော် ဘာဖြစ်သွားမှန်းမသိအောင် ရူးခဲ့တယ်၊ ကျွန်တော့်ကို ကျွန်တော် နားမလည်တော့ဘူး၊ အဲဒီအတွက်

www.foreverspace.com.mm

ကျွန်တော်အစ်ကို့အပေါ် စကားပြောမှားသွားရင် ခွင့်လွှတ်ပါ"

သားစိုး ရုပ်က အလေးအနက်တည်ကြည်နေသည်။ ဝေလင်းက ခေါင်းကိုညိတ်ပြီး သားစိုး ပခုံးကို ကိုင်လိုက်၏။

"ရပါတယ် ကိုယ် ဘယ်လိုမှမထင်ပါဘူး၊ ဒီကိစ္စကလည်း ကိုယ့်အတွက် (Game) ဂိမ်း တစ်ခုကစားရသလိုပါပဲ စိတ်ဝင်စားတယ်"

ဝေလင်း စကားအဆုံးမှာ သားစိုးက လှည့်ကြည့်ကာ . . .

"အဲဒီ Game ကို ကျွန်တော်လည်း အောင်မြင်ချင်တယ်၊ အစ်ကို ကူညီတဲ့အတွက် အောင်မြင်ရမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့ မှန်ကန်တဲ့မေတ္တာကြောင့် ကောင်မလေးနဲ့ ကျွန်တော်ဆုံတွေ့ ခွင့်ရမှာပါ"

ဝေလင်းက လှိုက်လှိုက်လှဲလှဲပြုံးကာ ခေါင်းကိုညိတ်ပြလိုက်၏။ ပြီးနောက် . . .။

"တဲ . . . အဲဒါဆို ဒီ သက်မျှားနွယ်ကိုရော ညီ ထပ်လေ့လာဖို့လို ဦးမယ်ထင်တယ်"

သားစိုး ခေါင်းကိုညိတ်ကာ . . .

"ဒီတစ်ခေါက်ဆို သေချာတဲ့ အဖြေတစ်ခုထွက်လာမှာပါ"

အားလုံးငြိမ်သက်သွားကြသည်။ အဝေးတစ်နေရာဆီမှ လေပြည် လေညင်းတချို့ သူတို့ဝိုင်းလေးကြား တိုးဝှေ့တိုက်ခတ်သွားကြ၏။





ည သည်လမရှိ၍ မှောင်နေသည်။ လမိုက်ညတစ်ည၏ ကောင်းကင်သည် မဟူရာရောင်တောက်ကာ ကြယ်လေးတစ်ပွင့်နှစ်ပွင့်လောက်သာ ဟိုတစ်ပြောက် ဒီတစ်ပြောက်လင်းနေရှာ၏။ အဆောင်အပေါ် ဆုံးထပ် လေသာဆောင်ဝရံတာမှ ကြည့်လျှင် လယ်ကွင်းတချို့နှင့် ပင်လယ်ကဗွီးပင်များကို မှုန်ပျပျလှမ်းမြင်နေရလေသည်။

ကျော်ကြီးက ဆေးပေါ့လိပ်ကို မီးညှိလိုက်ရင်း ဝရံတာ အုတ်ခုံပေါ် တက်ထိုင်လိုက်လေသည်။ မီးခြစ်လိုက်သော အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ချက် ဝင်းခနဲဖြစ်သွားကာ ပြန်လည်မှောင်မိုက်ကာသွား၏။

"ဒီကောင် ဦးနှောက် နည်းနည်းထိသွားပြီထင်တယ်ကွ"

ကျော်ကြီးစကားဆုံးတော့ တစ်ဖက်မှ ခွက်ထဲသို့ အရည်တချို့ ငှဲ့သံ ပလောက်ပလောက်ပေါ်လာပြီး နောက်တစ်ချက်တည်း မော့ချလိုက်သံ ဂွီခနဲ ကြားလိုက်ရသည်။ ထိုသူသည် တံတွေးတစ်ချက် ပျစ်ခနဲထွေးလိုက်ပြီးတော့မှ . . .

"မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒီကောင်မမြင်ဖူး မူးဖြစ်ထင်ပြီး ကြောင်တောင်တောင်ဖြစ်သွားပြီထင်တယ်"

"တစ်ခုတော့ ရှိတယ်ကွ၊ ကိုယ်မခံစားရဖူးတိုင်းတော့ သူများကို အပြစ်တင်မစောသင့်ဘူး၊ ငါ့အထင်ပြောရရင်တော့ ဒီကောင့်ဘဝမှာ ဒါမျိုး တစ်ခါမှလည်း မကြုံဖူးလို့ အခုလိုဖြစ်ချင်တာဖြစ်ကုန်တာထင်တာပဲ၊ အဲ. . .

တော်ဝင်မြို့မစာအုပ်တိုက်

နောက်တစ်ခု မင်းတို့ သတိထားမိလား"

"ဘာလဲ"

"ဒီကောင်က အရင်ကတည်းက စိတ်ကူးယဉ်သမားလေ၊ အဲဒါကိုလည်း ထည့်တွက်ကြည့်ဖို့လိုတယ်"

"ဒါပေမယ့်ကွ . . . မျက်လုံးနှစ်လုံးပဲ သတိထားမိလိုက်တဲ့ မိန်းကလေးတစ်ယောက်ကိုတော့ အဲဒီလောက်မရူးသွပ်သင့်ပါဘူး . . အေး ဒါပေမယ့် တစ်ခုတော့ရှိတယ် . . . အပျော်သဘောလိုက် စုံစမ်းကြည့်တာဆိုရင်တော့ ထားပါတော့"

ကြီးမြင့်က အောင်ပုစကားကို ခေါင်းခါကာငြင်းသည်။

"ငါတော့ အပျော်သဘောလို့ မထင်ဘူး၊ သားစိုး ပုံကြည့်ရတာ တကယ်လေးနက်နေတာ"

ကျော်ကြီးက အုတ်ခုံပေါ် ခြေထောက်တွဲလောင်းချထိုင်နေရာမှ ဆောင့်ကြောင့်ထိုင်လိုက်ပြီး . .

"ငါတစ်ခုတွေးမိတယ် . . . အဲဒီနေ့မနက်က ဒီကောင့်ကို သက်မှူးနွယ်က ပါးတွေဘာတွေများရိုက်သွားလားမသိဘူးသိလား၊ အဲဒါကြောင့် ဒီကောင် လက်စားချေဖို့များလိုက်ရှာနေတာလား မသိဘူး"

အောင်ပုရော ကြီးမြင့်ပါ ရယ်လိုက်ကြသည်။ ထို့နောက် အောင်ပုက ခေါင်းကို ခါပြပြီး . . .

"အဲဒါတော့ မဖြစ်နိုင်ပါဘူးကွ၊ ဒီကောင်ပါးရိုက်ခံလိုက်ရရင် ကောင်မလေးရုပ်ကို အတိအကျမှတ်မိမှာပေါ့"

အောင်ပုက အရယ်တစ်ဝက်နှင့်ပြောကာ နောက်တစ်ခွက်ထပ်ငှဲ၏။

"ဟေ့ကောင် ကြီးမြင့်၊ မင်းလည်းချဦး၊ တစ်ခွက်ထပ်ငှဲ့ပြီး သောက်နေလိုက်တာ လင်းကြက်တွန်တော့မယ် ငါ သုံးခွက်ရှိပြီ"

ကြီးမြင့်က ဒါမျိုးဆို သူငယ်ချင်းတွေ စိတ်ဆိုးတာမခံနိုင်ပေ။ ထို့ကြောင့် လက်ကျန်ကို ငွပ်ခနဲ ကျိုက်ချလိုက်ပြီး အပြတ်ရှင်းလိုက်၏။

"သားစိုးလည်း ပြန်မလာသေးပါလား၊ ဝက်ခေါင်းသုပ်သည် သမီးနဲ့





ညားသွားပြီထင်တယ်"

ကျော်ကြီး စကားအဆုံးမှာပင် ကြွတ်ကြွတ်အိတ်ထုပ်လေး နှစ်ထုပ်ဆွဲပြီးရောက်လာသော သားစိုးကို တွေ့လိုက်ရလေသည်။

"ဗိုး . . . မောလိုက်တာ မလွယ်ပါလားကွာ . . . ကုန်ခါနီးနေလို့ မနည်းတိုးဝယ်ခဲ့ရတယ် . . . လူတွေကလည်း ဝယ်လိုက်ကြတာ အလျှုပေးနေသလားမှတ်တယ်"

သားစိုးက ပြောပြောဆိုဆိုနှင့် ပုလင်းထဲက အရည်တချို့ကို ခွက်ထဲငှဲ့ကာ သောက်မလို့လုပ်၏။

"နည်းနည်းပါးပါး အမောဖြေပြီးမှ သောက်ပါကွာ၊ ငါတို့အကုန်သောက်မပစ်ပါဘူး ဒီမှာ အများကြီး ကျန်ပါသေးတယ်၊ တော်ကြာဆိုပြီး သေနေဦးမယ်"

သားစိုးက တဟီးဟီးနှင့် သွားဖြဲပြကာ အရင်ဆုံးရေတစ်ခွက်ငှဲ့ကာ သောက်လိုက်၏။ ပြီးမှ ပထမငှဲ့ထားသော ခွက်ကလေးကို နှာခေါင်းနားတေ့ကာ ဘယ်ညာရမ်းပြီး ရှုလိုက်ရင်း တစ်ဝက်လောက်ငုံလိုက်၏။ ပြီးနောက် ရေပြန်သောက်ကာ လှမ်းမေးလိုက်လေသည်။

"သားစိုး မင်းမှာ ပိုက်ဆံဘယ်လောက်ကျန်သေးလဲ"

"ဘာလုပ်မလို့လဲ"

"ငါ့မှာ မရှိတော့ဘူးကွာ၊ ကျန်ရင် နည်းနည်းချေးစမ်းပါ"

သားစိုး တစ်ချက်စဉ်းစားလိုက်သည်။

"တစ်သောင်းလောက်တော့ ကျန်သေးတယ် မင်း ဘယ်လောက်လိုချင်လို့လဲ"

"သုံးထောင်လောက်ပါ၊ ရွှေ့အပတ်ထဲ ငွေရောက်မယ် ပြောတယ်၊ မရောက်ခင် စပ်ကြားလေး ငါသုံးထားချင်လို့"

သားစိုး ခေါင်းညိတ်ပြလိုက်သည်။ သူတို့အဖွဲ့မှာ ဒီလိုပဲ ဖြစ်၏။ အားလုံးမရှိအတူ ရှိအတူ ပြီးတော့ လေးယောက်လုံးရဲ့ မိဘတွေက နယ်မှာ အခြေချနေသူတွေဖြစ်၍ ပိုပြီးစည်းလုံးကြသည်။ အခုလို ရန်ကုန်လို နေရာ

www.foreverspace.com.mm

မျိုးမှာ တက္ကသိုလ်လာတက်နေနိုင်ခြင်းမှာ ဦးလေးတွေ အဒေါ်တွေရှိနေလို့သာ ထိုလိပ်စာတွေနဲ့ လျှောက်ခဲ့၍ ရခဲ့ခြင်းပင်။

သို့သော် သူတို့အားလုံး သက်ဆိုင်ရာဆွေမျိုးတွေကို ဒုက္ခမပေးချင်ကြ၍ တက္ကသိုလ်အနီးရှိအဆောင်တစ်ခုမှာ ငှားရမ်းနေထိုင်ခြင်းပင်။ သူတို့နေထိုင်ရာ အဆောင်က ကျောင်းသားတွေ သီးသန့်ထားသော အဆောင်ဖြစ်၍ ပိုအဆင်ပြေ၏။ တချို့အပြင်ဆောင်တွေလို အလုပ်သမား၊ ကျောင်းသား၊ ဝန်ထမ်းစသည်ဖြင့် ရှုပ်ထွေးမနေပေ။

"သားစိုး မနက်ဖြန်ဇာတ်လမ်းကို ဘယ်လိုလုပ်မှာလဲ"

ရုတ်တရက်ဖြတ်မေးလိုက်သော ကြီးမြင့်စကားကြောင့် သားစိုးတွေဝေသွားသည်။ ပြီးမှ သဘောပေါက်သွားကာ နောက်တစ်ခွက်ထပ်ငှဲ၏။ ခွက်နှုတ်ခမ်းကို ပါးစပ်ဖျားလေးတေ့ပြီး နည်းနည်းဆုတ်လိုက်ပြီးမှ . . .

"ကျူတိုရီရယ်က ဘယ်အချိန်လဲ"

"ဒုတိယအချိန်"

"အဲဒါဆို အတော်ပဲ ကျူတိုရီရယ်ပြီးမှ လုပ်ရှားမယ်၊ နေ့လယ်ထမင်းစားချိန်လောက်ဆိုတော့ သူအပြင်ထွက်ဖို့များတယ်"

အားလုံးခေါင်းညိတ်လိုက်၏။ သူငယ်ချင်းကောင်းတွေ ပီသစွာ သားစိုးလုပ်သမျှ နောက်ကလိုက် ပံ့ပိုးပေးဖို့သဘောရှိသည်။ သို့သော် သားစိုးရဲ့ ကြောင်တောင်တောင်နိုင်လှသော အတွင်းစိတ်ကိုတော့ အားလုံးက ဘဝင်မကျသေးပေ။

ကျော်ကြီးက . . .

"အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ စကားက မင်းနဲ့ကျမှ လွဲပြီထင်တယ်"

"ဘာလို့လဲ"

"မင်းက ကျန်တာတွေ သတိမထားဘဲ မျက်လုံးနှစ်လုံးကိုမှသွားချစ်မိတယ်ဆိုတော့"

"အဲဒါ မျက်စိမရှိတာပေါ့ကွ. . တကယ်လို့သာ ငါ့မှာ မျက်စိရှိရင် ရုပ်တွေ၊ ခန္ဓာတွေ ကြည့်ပြီး ကြိုက်မှာပေါ့။ မင်းမကြားဖူးဘူးလား၊ စိတ်ရဲ့





တံခါးပေါက်က မျက်စိတဲ့၊ သူ့အကြည့်လေးကို ငါတွေ့လိုက်ရတာနဲ့ အဲဒီကောင်မလေးက ဘယ်လောက်အေးချမ်းသိမ်မွေ့သလဲဆိုတာ ငါသိတယ်။ ပြီးတော့ အဲဒီအေးချမ်းမှုလေးကို နောက်တစ်ခါ ပြန်ဆုံချင်တယ် . . . ဒါပဲ အဲဒီမျက်ဝန်းကို ငါမြတ်နိုးတယ် . . . ဒါပဲ . . ငါ့မှာ တဏှာမရှိဘူး။ ရာဂ မပါဘူး၊ အေးချမ်းခြင်းပဲကြည့်ပြီး ငါ့အတ္တကို အသုံးပြုတာ"

သားစိုး အမူးလွန်နေပြီလားဆိုပြီး အားလုံး စူးစမ်းလိုက်ကြသည်။ မှုန်မှိုင်းနေသော ညအလင်းရောင်အောက်မှာတောင် သားစိုး မျက်လုံးတွေက ကြယ်တို့နဲ့အပြိုင် စိုလက်နေ၏။ သေချာတာတစ်ခုကတော့ လုံးဝမမူးသေးပေ။

"ကဲပါကွာ . . . ထားပါတော့ . . . မင်းဟာမင်း အတ္တပဲ သုံးသုံး၊ တဏှာပဲ သုံးသုံး၊ ရာဂပဲ ဖုံးနေနေ ငါတို့နဲ့မဆိုင်ပါဘူး၊ ဒါ မင်းရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုပါ၊ ဒီတော့ အမိကအကြောင်းပဲသွားရအောင်"

အားလုံးက အောင်ပုကိုကြည့်ကြသည်။ အောင်ပုက ကိုက်ထားသော ဆေးပေါ့လိပ်ကို မီးညှိလိုက်ပြီး . .

"အမိက က မင်းရဲ့ မျက်ဝန်းလေးကို တွေ့ဖို့၊ အဲဒီတော့ ဒီကိစ္စကို ငါတို့မနက်ဖြန်ကစပြီး အကွက်ချစီစဉ်မှရတော့မယ်"

"မင်းက ဘယ်လိုအကွက်ချချင်လို့လဲ"

"ဒါကတော့ အားလုံးနဲ့တိုင်ပင်ပြီး လုပ်မှရမှာပေါ့ကွ"

"ကိုဝေလင်းကို သေချာမေးပြီး လုပ်မှကောင်းမှာနော်"

"အဲဒါတော့ ငါသိတာပေါ့ ငတုံးရဲ့. . ဒီကိစ္စမှ ကိုဝေလင်းမပါရင် ဘယ်ဖြစ်မလဲ၊ ကိုဝေလင်းဆီက (Green Light) မီးစိမ်းပြမှ လုပ်လို့ရမှာပေါ့ တော်ကြာ အနှောင်အဖွဲ့ရှိတဲ့ မဟုတ်တရုတ်တွေဖြစ်ကုန်မှ ဒုက္ခရောက်ကုန်မယ်"

စကားဆုံးတော့ အားလုံးခွက် ကိုယ်စီကိုင်ကာ မော့လိုက်ကြသည်။

"အောင်မြင်ခြင်း အထိမ်းအမှတ်"

"ချီးယား(စ်)"

အေးစိမ့်သော လေသည် မြောက်ဘက်မှတိုက်ခတ်လာလေသည်။

www.foreverspace.com.mm

မျက်မှန်က ပုလင်းဖင်လောက်ရှိပြီး နှာခေါင်းပွသော ငနဲတစ်ကောင် သူမဘေးမှာရှိသည်။ ထိုငနဲမျက်နှာတွင် ကျောက်ပေါက်မာ၊ တချို့လည်း လ မျက်နှာပြင် အနှိုးပေးရလောက်အောင် ထွန်းကားလျက်ရှိ၏။ ထိုငနဲရှိနေ၍ သူမမျက်နှာသည် သရဲကားကြည့်နေရသော နှလုံးရောဂါသည် တစ်ယောက် လိုခြောက်ခြားအားငယ်နေပုံရလေသည်။

"နွယ်လေးဆီကို ကိုယ်တစ်ခေါက်တစ်ခေါက်လာရတာလည်း မလွယ် ဘူး . . . ဟူး . . . မောလိုက်တာ"

ပြောရင်းနှင့်ခါးနားမှ T ရှပ် အောက်နားစကို ဆွဲမကာ ဘောင်းဘီ နောက်အိတ်ထဲ ညှပ်ထားသော လက်ကိုင်ပဝါကို လှမ်းယူ၏။ ထိုသို့ယူလိုက် ချိန်တွင် SOL Levi's ဘောင်းဘီတံဆိပ်က ပေါ်ကာသွားလေသည်။

"ကိုယ်တို့ ဆေး(၁)နဲ့ နွယ်လေးတို့ ဒဂုံတက္ကသိုလ်က တော်တော်ဝေး တော့ ကိုယ့်မှာအရေးကြီးတဲ့ အတန်းချိန်တွေ တော်တော်ပျက်ပြီး လာခဲ့ရတာ သိလား"

ပြောရင်း ချထားသော ပုလင်းထဲမှ အအေးကို ပိုက်နဲ့စုပ်သောက် လိုက်သည်။ ထို့နောက် နှုတ်ခမ်းစမှာ စွန်းသွားသော အအေးတချို့ကို လက် ကိုင်ပဝါနှင့် တို့ကာတို့ကာ သုပ်လိုက်၏။

"ဒါပေမယ့် ကိုဌေး မမောပါဘူး၊ ပျော်တောင် ပျော်သေးတယ် သိ လား . . . အဲဒီလိုဆိုကတည်းက ကိုဌေး၊ နွယ်လေး အပေါ် ဘယ်လိုသဘော





ထားလဲဆိုတာ နွယ်လေး သိလောက်ရောပေါ့"

'သက်မှုးနွယ်'တစ်ယောက် အခုချိန်မှာ သူ့ကိုယ်သူ ငှက်ကလေး တစ်ကောင်ဖြစ်ချင်စိတ် ချက်ချင်းပေါ်သွားလေသည်။ သို့မှသာ သူမဘဝက ကိုဌေးလက်မှ အလွယ်တကူလွတ်မြောက်ဖို့ရှိသည်။

"ဒယ်ဒီတို့ကတော့ နွယ်နဲ့ကိုယ့်ကိစ္စကို အမြန်စီစဉ်ချင်ပြီလုပ်နေ တယ်။ ကိုဌေးကတော့ သူတို့ပြောသလို အမြန်ဖြစ်စေချင်တာပေါ့၊ ဒါပေမယ့် နွယ် လွတ်လွတ်လပ်လပ်နေပါစေဆိုပြီး စေတနာနဲ့ ကျောင်းပြီးမှ စီစဉ်ပါရစေ လို့ပြောထားတယ် . . သိလား"

'သက်မှုးနွယ်'သက်ပြင်းကို တော်တော်ရှည်လျားစွာ ချပစ်လိုက် သည်။ မိဘချင်း ခင်မင်ခွင့်ပေးထားသော ကံကြမ္မာတရားဆိုတာကြီးကိုလည်း ပျစ်ပျစ်နှစ်နှစ် ကြိမ်ဆဲပစ်လိုက်၏။ ပြီးတော့ မိဘချင်း နင်ပဲငဆ ခင်မင်တာ နဲ့ပဲ သားသမီးချင်း နင်ပဲငဆသဘောတူကြသည့်ကိစ္စ . .။

"ကိုဌေး ဘဝမှာ နွယ်လေးသာ ဖတ်(စ်) First"

'သက်မှုးနွယ်'စဉ်းစားခန်း ဝင်နေရာမှ မျက်နှာပေါ် တံတွေးစက် တချို့အရှိန်ပြင်းစွာ လာစင်၍ ရုတ်တရက်ကြောင်ကာသွားသည်။ ကိုဌေး ဆိုတာ ငတိကလည်း သူ၏ကျဲနေသော ရှေ့သွားနှစ်ချောင်းကြားမှ ထွက်သွား သောအရာတွေကို မထိန်းလိုက်နိုင် . .။

သို့သော် ငတိက မသိချင်ယောင်ဆောင်ပြီး ခေါင်းငုံ့လိုက်ကာ နှုတ် ခမ်းထောင့်မှာ တွဲကျတော့မလိုဖြစ်နေသောအရာတွေကို လက်ကိုင်ပဝါနဲ့ အမြန်သုတ်လိုက်၏။

သူ့မှာ အဆင်ပြေသွားသော်လည်း အဆင်မပြေသူက သက်မှုးနွယ်။ အဘယ်ကြောင့်ဆိုသော် သူမမှာ လက်ကိုင်ပဝါပါမလာသောကြောင့်ပင်ဖြစ် သည်။ ပြီးတော့ လွယ်အိတ်လည်း အတန်းထဲမှာ ကျန်ခဲ့သောကြောင့် တစ်ရှူး လည်းမပါလာခဲ့။

ညာဘက်ပါးပေါ် ထင်ကျန်နေသောအရာတွေကို လက်နဲ့သုတ်ပစ် မလို့လုပ်လိုက်သော်လည်း ရုတ်တရက်ရပ်ကာသွား၏။ ရှေ့ဘဝကုသိုလ်ညံ့လှ

၍ ပါးတစ်ခြမ်းပေပြီးသွားသော ကိစ္စကို လက်တစ်ဖက်ပါထဝ်၍ အပေမခံနိုင်ပေ။ ထို့နောက် စားပွဲထိုးတစ်ယောက်ကို သူမအပြန်လှမ်းခေါ်လိုက်ပါတော့သည်။

ထမင်းစားချိန်ဖြစ်၍ စတော့ရှယ်ယာဈေးကွက်တစ်ခုလို အလုပ်ရှုပ်လျက်ရှိသော ကဲန်တင်းအတွင်းမှာ စားပွဲထိုးတစ်ဦးကို ချက်ချင်းရောက်လာအောင် ခေါ်ဆိုရသည့်ကိစ္စမှာ . . ။





သက်မှူးနွယ်'နောက် ခဝ်လှမ်းလှမ်းမှ တကောက်ကောက်လျှောက်လိုက်နေသော 'သားစိုး'တို့အဖွဲ့က ထိုကိစ္စကို အစအဆုံးမြင်ကြသည်။ ကောင်မလေးဘက်မှနေပြီး ကိုယ်ချင်းစာစိတ်ဖြင့် စိတ်မချမ်းမသာဖြစ်နေကြသည်။

"ကောင်မလေးက ရှေးဘဝကုသိုလ်အတော်နည်းခဲ့တာပဲကွ သိလား အဲဒါကြောင့် ဒီဘဝမှာ အရှင်လတ်လတ် ငရဲကျနေရတာ"

အောင်ပုစကားကြောင့် အားလုံးပြုံးလိုက်ကြ၏။ သူတို့က သက်မှူးနွယ်ဝိုင်းနဲ့ ခဝ်လှမ်းလှမ်းမှာနေရာယူထားကြခြင်းဖြစ်သည်။ သားစိုးကတော့ အဲဒါတွေအားလုံးထက် သက်မှူးနွယ်ရဲ့မျက်လုံးကို မလွှတ်တန်းလိုက်ကာ ကြည့်နေသည်။

"ကိုဝေလင်း အဲဒီကောင်မလေးနဲ့ တေိက ဘာလဲ"

"မြင်တဲ့အတိုင်းပဲလေ . . . ချစ်သူတွေတော့ လုံးလုံးမဟုတ်လောက်ဘူး အဲဒါတော့ကျိန်းသေပဲ"

"ဒါဆို ကောင်မလေးကို ဟိုကောင်လိုက်နှောင့်ယှက်နေတာပေါ့"

ဝေလင်းက ခေါင်းကိုခါသည်။ သူအတွေ့အကြုံများအရ မှန်းဆပြီးဖြစ်နိုင်ချေရှိတာတွေပြောပြ၏။

"မိန်းကလေးတစ်ယောက်ကို ဒီလိုတက္ကသိုလ်တစ်ခုရဲ့ ကဲန်တင်းမှာ ပြောင်ပြောင်တင်းတင်းနှောင့်ယှက်လို့ ဘယ်ရပ့်မလဲ တကယ်လို့နှောင့်ယှက်

ခဲ့ရင်တောင် အဲဒီ့မိန်းကလေးက ဒီလိုငြိမ်ခံနေမှာမဟုတ်ဘူးလေ၊ ဟိုကောင် အနည်းဆုံးတော့ ပါမောက္ခချုပ်နဲ့ တွေ့သွားမှာပေါ့"

"ဒါဆို"

ဝေလင်းက စကားကိုဆက်သည်။

"အဲဒီ့ကောင်ကို အကြောင်းတစ်ခုခုကြောင့် ပတ်သက်နေရပုံရတယ် အင်း . . . အတိအကျပြောရရင် မလွန်ဆန်နိုင်တဲ့သဘောပဲ"

အောင်ပု ပြုံးကာသွားသည်။ ပြီးနောက် သက်မှူးနွယ်ကို ငေးစိုက်ကြည့်နေလိုက်၏။

"တော်တော်လှတယ်ကွာ . . . ဟော့ကောင် သားစိုး မင်းမျက်ဝန်းလေးဟုတ်လား"

သားစိုး စကားမပြန်နိုင်သေးဘဲ စဉ်းစားနေသည်။ ပြီးနောက် သက်မှူးနွယ်၏ မျက်ဝန်းနေရာကို စက္ကန့်မလပ်အောင် စိုက်ကာကြည့်နေသည်။ စိတ်ထဲမှာလည်း သူနဲ့မျက်ဝန်းချင်း ခဏဖြစ်ဖြစ်ဆုံပါစေဟု ဆုတောင်းနေမိ၏။ သို့သော် ကောင်မလေးခမျာ သံပတ်ပေးထားသော အရုပ်တစ်ရုပ်ကဲ့သို့ ခံစားမှုမပါဘဲ လှုပ်ရှားနေရ၍ ပတ်ဝန်းကျင်မေ့နေပုံရလေသည်။

နှာခေါင်းပွပွနဲ့ ငတိကလည်း ပါးစပ်က စက်သေနတ်ပစ်သလို စကားထိုင်ပြောနေသည်။ သူတို့မြို့က အလှူတစ်ခုမှာ ကွက်စိပ်လာဟောသော ဆရာတစ်ယောက်နဲ့တောင် ခပ်ဆင်ဆင်တူသည်ဟု သားစိုး မှတ်ချက်ချမိ၏။

သားစိုးကြည့်နေရာမှ ရုတ်တရက်ကြောင်ကာသွား၏။ အဘယ်ကြောင့်ဆိုသော ငတိဆီက စကားပြောနေရာမှ အလုံးအရင်း ထွက်သွားသော အရာ တို့ကောင်မလေးကို သွားစဉ်သောကြောင့်ဖြစ်သည်။ ထိုအချင်းအရာကို သားစိုးအပြင် အောင်ပုနှင့် ယှဉ်လူများပါမြင်လိုက်ရသည်။ စားပွဲက နီးနေသည့်အပြင် သူတို့အားလုံးကောင်မလေးတို့ ဝိုင်းဖို့ စိတ်ဝင်တစားကြည့်နေသောကြောင့်ပင် . . .။

ကောင်မလေးရုပ်က ရုတ်တရက်ကြောင်တောင်တောင်ဖြစ်သွားသည်။ ခဏကြာတော့ မျက်နှာတစ်ခုလုံးရဲတက်လာသည်။ တော်တော်ကြာ





အောင် ငြိမ်နေပြီးမှ စားပွဲထိုးတွေကို လှမ်းခေါ်ရင်း ဟိုသည်ကြည့်ပါတော့သည်။

စားပွဲထိုးတွေကို အားကိုးတကြီးခေါ်ကာလိုက်ရှာနေသော မျက်ဝန်းလေးတစ်စုံသည် မမှိတ်မသုန်စိုက်ကြည့်နေသော သားစိုးမျက်ဝန်းတွေနှင့် ဆုံတွေ့လိုက်သောအခါ . .။

"တစ်စက္ကန့်"

"နှစ်စက္ကန့်"

". . . ."

". . . ."

"ငါးစက္ကန့်"

"လုံးဝမဟုတ်ဘူး"

သားစိုး စကားဆုံးသည်နှင့် အောင်ပု ဝုန်းခနဲထရပ်ပစ်လိုက်၏။

ပြီးနောက် သားစိုးကို လှည့်ကြည့်ကာ . .

"မင်းသေချာလား"

သားစိုးက ပါးစပ်နဲ့ မပြောဘဲ ခေါင်းပဲညိတ်ပြသည်။ အောင်ပု တစ်ချက်ပြုံးလိုက်ပြီး ထိုဝိုင်းသို့ ခပ်တည်တည်နှင့်လျှောက်သွားပါတော့သည်။



www.foreverspace.com.mm

www.foreverspace.com.mm

သက်မှုန်နွယ် ရုတ်တရက်ကြောင်သွားသော်လည်း ချက်ချင်းမှတ်မိလိုက်သည်။ သို့သော် သူ့မျက်ဝန်းတွေက အရင်နေ့ကလို မဟုတ်ဘဲ ကရုဏာဆန်နေတာကိုတော့ သတိထားမိ၏။ သို့သော် သူ့မှာ ကြာကြာမတွေးနိုင်အားပဲ အလုပ်ရှုပ်နေကြသော စားပွဲထိုးတစ်ယောက်ယောက်ကို တစ်ရှူးဝယ်ခိုင်းဖို့ပြန်လည်ကြိုးပမ်းရပြန်၏။

အမှန်ကတော့ သူမခေါင်းတစ်ခုလုံး ရှက်စိတ်ကြောင့် မွန်နေ၍သာ သတိမထားမိခြင်းပါ။ တကယ်ဆို သူမကိုယ်တိုင် ထဝယ်လိုက်ရင် လွယ်လွယ်လေး . .။

ထိုအချိန်မှာပင် သူတို့ဝိုင်းသို့ ကျောင်းသားတစ်ယောက်ရောက်လာ၏။

"ဟိုဘက်နားက ရပ်ထားတဲ့ (၆ခ)မာစီဒီးက အစ်ကို့ကားလားမသိဘူး"

ကိုဌေးဆိုသော ဝတီက ခေါင်းထောင်ကာ အောင်ပုကိုကြည့်လိုက်၏။ သက်မှုန်နွယ်လည်း ဘာပါလိမ့်ဆိုပြီး စိတ်ဝင်စားသွားသည်။ အောင်ပုက ခပ်တည်တည်ပင်ဆက်ပြီး . .။

"ခုနက အစ်ကို့ကားကို ဆူပါဆလွန်းတစ်စီးဘက်ဆုတ်ရင်း တိုက်မိသွားတယ်ထင်တယ်။ ဘာဖြစ်သွားလဲတော့ ကျွန်တော်မပြောတတ်ဘူး၊ အင်းဒီလိုကားမျိုးတွေက နောက်ဆုံးပေါ်ဆိုတော့ နည်းနည်းပါးပါး ခြစ်မိသွားတာ





www.foreverspace.com.mm

တောင်ပြန်လုပ်ရင် ဈေးမနည်းဘူးဗျ"

ဝတ်ခေါင်းထဲမှာ သက်မှုန်နွယ် ရုတ်တရက်ပျောက်သွားသည်။ ကဲန်တင်းထဲမှ အသံများရုတ်တရက်ရပ်ကာသွား၏။ ဝုန်းခနဲထရပ်ပစ်လိုက်ကာ အောင်ပုလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း . .

"အဲ . . . အဲဒီကားကို . . . မှတ် . . မှတ်မိလိုက်လားဟင် . . . ဘယ် . . . ဘယ်ကလဲ"

အောင်ပုက ခပ်အေးအေးပင် . .။

"ကားနံပါတ်တော့ အတိအကျမသိဘူးဗျ . . . ဒါပေမယ့် မောင်းသွားတဲ့ ကျောင်းသားကိုတော့ သိပါတယ် . . . လိုအပ်ရင် လိုက်ရှာပေးလို့ရတယ်။ ဒါပေမယ့် ကိုယ့်ကား ကိုယ်အရင်စစ်ကြည့်ပါဦး တကယ်တိုက်မိတယ်ဆိုမှ ကျွန်တော် ကူညီပေးလို့ရမှာ"

ဝတီ ခေါင်းညိတ်ကာ နာဆာမှ လွတ်တင်လိုက်သော ဒုံးပျံတစ်စင်း၏ အရှိန်နှုန်းမြင့် ကားဆီပြေးထွက်သွားလေတော့သည်။ ထိုအချိန်ကျမှ အောင်ပုက သက်မှုန်နွယ်ကို တစ်ချက်လှည့်ကြည့်ပြီး အိတ်ကပ်ထဲသို့ လက်နှိုက်လိုက်၏။ ထို့နောက် လက်ပြန်ထုတ်လိုက်ကာ . . .

"ရော့"

အောင်ပုပေးသော အရာလေးကို သက်မှုန်နွယ်ကြည့်ရင်း ကြောင်စီစီဖြစ်နေလေသည်။ အောင်ပုက ပြုံးလိုက်ကာ . .

"သက်မှုန်နွယ်လိုအပ်မယ်ထင်လို့ပါ"

"ရှင်"

ရုတ်တရက်ကောင်မလေးက သူ့နာမည်ကို အောင်ပုသိနေ၍ အံ့သြသွားသည်။

"ယူထားလိုက်ပါ . . . စားပွဲထိုးတွေ တော်တော်နဲ့ခေါ်လို့ရမယ် မထင်ဘူး"

ထိုအခါကျမှ သက်မှုန်နွယ်လည်း သတိဝင်လာကာ အောင်ပု လှမ်းပေးသော လက်ကိုင်ပဝါလေးကို ဆုပ်ကိုင်လိုက်မိသည်။

www.foreverspace.com.mm

အောင်ပုက ချာခနဲ လှည့်ကာထွက်မည်လုပ်ပြီးမှ သက်မှုန်နွယ်ဘက်တစ်ချက်ပြန်ကြည့်လိုက်ကာ . .

"ကျွန်တော့်နာမည် အောင်ပုပါ"

သက်မှုန်နွယ်က အောင်ပုကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်နေသည်။

"အီးမေဂျာ ဒုတိယနှစ်က"

သဒ္ဒါလွန်ပြီး ဘယ်သူမှရိုက်မမေးဘဲ ကိုယ့်အကြောင်း အကုန်ပြောကာ ထွက်ခဲ့လိုက်ပါတော့သည်။ သူ့ဝိုင်းပြန်ရောက်တော့ သားစိုးတို့က အောင်ပွဲရ အားကစားသမားကို ကြိုဆိုသလို ကြိုဆိုလိုက်ကြလေသည်။





www.foreverspace.com.mm

ရှေ့မီးလုံးကတော့ အကောင်းကြီးရှိသေးကြောင်း တွေ့ရသည်။ ဘန်ဘာကိုလက်နဲ့ပွတ်ကြည့်တော့ ဆေးသားက အော်ရယ်ဂျင်နယ်အတိုင်း ပြောင်လက်အိစက်ကာနေ၏။ စိတ်သက်သာရာရသွားပြီး သက်ပြင်းတစ်ချက်ချကာ နဖူးမှချွေးကို လက်မနဲ့ ခြစ်ကာသုတ်လိုက်ပြီး ဘေးဘက်ပါးခြမ်းတွေကို စစ်ဆေးလိုက်ပြန်သည်။

အားလုံး အော်ရယ်ဂျင်နယ်အတိုင်း . .။ ငွေမောင်မောင်လွင် ခါးကိုထောက်ကာခေါင်းကို တစ်ချက်ရမ်းပြီး အမောဖြေနေလိုက်သည်။ ခုန ဇောကပ်ပြီး စွတ်ပြေးလာသော အရှိန်က အခုမှ မောလာ၏။

ခဏကြာတော့ အမောပြေသွား၍ လေပူတစ်ချက် မှုတ်ထုတ်ကာ ကဲန်တင်းဘက်သို့ခြေဦးပြန်လှည့်လိုက်ပါတော့သည်။

ကဲန်တင်းရောက်တော့ သူ ရင်ခွင်တစ်ခုလုံး ဟာခနဲဖြစ်သွား၏။ မူလ သူထထွက်ခဲ့သော ဝိုင်းကလေးတွင် သက်မှုန်နွယ်မရှိတော့ . .။ ထိုဝိုင်းတွင် ကောင်မလေးသုံးယောက်ထိုင်နေပြီး စကားပြောနေကြသည်။ ထို့နောက် သတိတစ်ချက်ရသွားကာ ခုန သူ့ကို သတင်းလာပေးသော ကျောင်းသားကို ရှာလိုက်လေသည်။

သို့သော် ကဲန်တင်းတစ်ခုလုံး အဲဒီကျောင်းသားနဲ့ တူသူဆိုလို့ ဘယ်သူမှ မတွေ့တော့ပေ။

www.foreverspace.com.mm

## အခန်း (၂)





www.foreverspace.com.mm

အဆောင်မှာ နေ့လယ်စာရော ညစာပါ ထမင်းလခပေးစားလို့ရ သည်။ သို့သော် သူတို့အဖွဲ့က ညနေစာတစ်နပ်တည်းသာ လခပေးစား၍ နေ့လယ်စာကို ကျောင်းမှာ ကြုံသလို စားသည်။ အမိက အကြောင်းအရင်းကတော့ ထမင်းဘူး ယူမသွားချင်သောကြောင့်ပင်။

မနက် (၉)နာရီ ကျောင်းစတက်ချိန်ဖြစ်၍ အဆောင်မှာ နေ့လယ်စာပါ ထမင်းလခပေးထားသူများက ထမင်းဘူးနှင့်ထည့်ပြီး ယူသွားရသည်။ ဒါမှမဟုတ် ထမင်းစားချိန်ကို ကျောင်းမှ အဆောင်သို့ ပြန်စားရ၏။ အဆောင်နဲ့ကျောင်းက (၄)မှတ်တိုင်လောက်ဝေးသောကြောင့် ထိုသို့ပြန်စားသူကတော့ တော်တော်ရှားသည်။

ဒါ့အပြင် ထမင်းကို တစ်နပ်ချင်း ပိုက်ဆံပေးစားလို့လည်းဖြစ်သည်။ ဟင်းတွေလည်း စုံလင်၍ အဆောင်မှူး ဦးလေးအုန်း၏ မိန်းမက ဟင်းချက်လည်းကောင်းသောကြောင့် ကျောင်းသားတော်တော်များများ သူတို့ဆီမှာ စားကြတာများသည်။ တချို့တဝက်သာ ဟိုနားဒီနားထွက်စားကြသူရှိ၏။

သူတို့အဆောင်က အဆောင်ဟုဆိုသော်လည်း တကယ်တမ်းတော့ အိမ်တစ်လုံးသားဖြစ်၍ အခန်းတွေပြန်ကန့်ထားခြင်းဖြစ်သည်။ အဆောင်မှူး ဦးလေးအုန်းက အိမ်ပိုင်ရှင်နှင့် ဆွေမျိုးနီးစပ်တော်သည်။ ထိုကဲ့သို့အပြင် ဆောင်လေးများရှိနေခြင်းကြောင့် သူတို့လို ကျောင်းသားများအတွက် များစွာ အဆင်ပြေစေပါသည်။ အမှန်အားဖြင့် တိုင်းနှင့်ပြည်နယ်အလိုက် တက္ကသိုလ်

များစွာရှိကြသော်လည်း မိဘတွေက နယ်တကာရွှေ့ပြောင်းနေရသောကုန်သည်တွေဖြစ်၍ တစ်နေရာမှာ အတည်တကျမနေနိုင်။ တက္ကသိုလ်ဆိုတာကလည်း ငယ်စဉ်က အတန်းပညာကျောင်းတွေလို့ တစ်ကျောင်းပြီး တစ်ကျောင်းရွှေ့ပြောင်းတက်လို့ ကောင်းသည့်အရာမဟုတ်။ ထို့ကြောင့် ဦးလေးနှင့် အဒေါ်တွေရှိရာ ရန်ကုန်လိပ်စာနဲ့ လျှောက်လွှာတင်၍ ဒဂုံတက္ကသိုလ်မှာ လာတက်ကြရခြင်းဖြစ်သည်။

သို့သော် သူတို့တွေအားလုံး ဆွေမျိုးတွေ အိမ်မှာမနေကြ။ ရန်ကုန်လိုမြို့ကြီးမှာ လူတစ်ယောက်ရဲ့ စရိတ်ကို တာဝန်ပေးရမှာ အားနာသောကြောင့် ကျောင်းအနီးရှိ အခုလို အပြင်ဆောင်တွေမှာ လာငှားနေကြခြင်းဖြစ်ပါသည်။ အဲဒီလိုဆိုတော့ သွားရေးလာရေးရော၊ နေရေးထိုင်ရေးပါ အဆင်ပြေသွား၏။ ထိုကဲ့သို့အပြင်ဆောင်များတွင် ကျောင်းသားတွေသာမက ဝန်ထမ်းနှင့်အခြားအလုပ်သမားတွေပါလာရောက်နေထိုင်တတ်ကြသည်။ သို့သော် ဒီအဆောင်လေးကတော့ တစ်မူထူးခြားပြီး ကျောင်းသားတွေသာ လက်ခံသောကြောင့် တစ်ဆောင်လုံးကျောင်းသားချည်းသာ . .။ သူတို့လေးယောက် အပါအဝင်အားလုံး (၁၅)ယောက် . .။

"အောင်ပု ငါတို့လက်ဖက်ရည်ဆိုင် ထွက်မလို့လိုက်ဦးမလား"

အပေါ်ထပ်လေသာဆောင်တွင် ဂစ်တာထိုင်တီးနေသော အောင်ပုက ကျော်ကြီးကိုလှမ်းကြည့်သည်။ ပြီးနောက် ဂစ်တာကိုကိုင်ကာ လေသာဆောင်အုတ်ပေါင်ပေါ်မှ ခုန်ဆင်းပြီး အခန်းထဲဝင်၍ ဂစ်တာကိုထား၏။

ထို့နောက် သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်ခွာကြတော့သည်။

"ကဲ ဒီနေ့ ဒကာ ဘယ်သူလဲ"

သားစိုး အမေးကြောင့် အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြောင်စီစီနဲ့ကြည့်လိုက်ကြသည်။ ဘယ်သူမှ 'ဒကာငါပဲ' ဆိုပြီး မကြုံးဝါးကြချေ။

အားလုံးရဲ့ အခြေအနေကို သဘောပေါက်သွား၍ သားစိုးက





ဆယ်တန်လေးရှက်ကိုထုတ်ကာ တစ်ယောက်တစ်ချက်ဆီကမ်းပေးလိုက်သည်။

ဒါဆို အားလုံးသဘောပေါက်သွားပြီ၊ ဒီနေ့ ကံမကောင်းသူ ဒကာခံရပြီ။

ဝိုက်ဆံလေးတွေကို ရင်ခုန်စွာနဲ့ ပွတ်ကြည့်ပြီးနောက် . . .

"ဘူကြီးကွ"

"ခုနစ်ပေါက်"

"သုံးပေါက်တည်းကွာ ငါတော့ မဲကျပြီထင်တယ်"

နောက်ဆုံးမှ အောင်ပုက မျက်နှာငယ်လေးနဲ့ အသံထွက်လာသည်။

"ငါ မဖြစ်ဘူးကွာ"

သုံးယောက်လုံး မျက်နှာအပြုံးရိပ်လေးတွေ ထင်သွားပြီး လက်ဖက်ရည်လေးခွက်နှင့် ဆေးလိပ်တစ်ပွဲ ပါမှာလိုက်သည်။ လက်ဖက်ရည်ခွက်တွေလာချတော့ . . .

"သားစိုး မနက်ဖြန် ကိုဝေလင်းနဲ့ ချိန်းထားသေးတယ်နော်"

သားစိုးက လက်ဖက်ရည်ကို ငုံလိုက်ရင်း ကြီးမြင့်ကိုခေါင်းညိတ်ပြလိုက်ကာ ခွက်ကို ပြန်ချလိုက်သည်။

"ဟုတ်တယ် မနက်ဆယ်နာရီလောက် ကြည်နူးရိပ်မှာချိန်းထားတယ်"

"ဒါဆို နောက် သက်မှူးနွယ်တစ်ယောက် ဆက်စုံစမ်းမယ့်သဘောပေါ့"

"အင်း"

စကားဆုံးတော့ ကြီးမြင့်က အောင်ပုကို လှည့်ကြည့်လိုက်ကာ-

"ဒီကောင်တော့ ရောဂါတက်နေပြီ"

ကျော်ကြီးနဲ့သားစိုး မျက်မှောင်ကြုတ်သွား၍ အောင်ပုကိုကြည့်သည်။

"မင်းကြည့်ရတာလည်း အကောင်းကြီးပါ ခုနတောင် လေသာဆောင်ထွက်ပြီး ဂစ်တာတီးနေသေးတယ်မဟုတ်လား၊ ဘယ်တုန်းက ရောဂါဖြစ်သွားတာလဲ"



www.foreverspace.com

www.foreverspace.com.mm

အောင်ပုက ပြုံးပြီး ကြီးမြင့်ကိုကြည့်၏။ မင်းပဲရှင်းပြလိုက်ဆိုတဲ့ သဘောဖြစ်သည်။ ကြီးမြင့်ကလည်း အလိုလိုရှင်းပြချင် နေသူဖြစ်၍ နှစ်ခါ မကြည့်ရပေ။

"ဒီကောင်ဖြစ်တဲ့ ရောဂါက အသည်းရောဂါကွ"

"အဲဒါကြောင့် ငါပြောသားပဲ မင်း အရက်တွေ လျှော့သောက်ပါလို့"

"နေစမ်းပါဦးကွာ . . . ငါ ရှင်းပြတာ အစအဆုံး နားထောင်ပါဦး ဒီကောင့်ရောဂါက အရက်သောက်လို့ ဖြစ်တဲ့ အသည်းရောဂါမျိုးမဟုတ်ဘူး အချက်ကြောင့်ဖြစ်တဲ့ ရောဂါ . . ဟဲ . . ဟဲ"

ကြီးမြင့်က ရယ်ကျဲကျဲလုပ်ပြီး လက်ဖက်ရည်ကို ထပ်မြှုသည်။ ပြီးတော့ ခွက်ကိုပြန်ချကာ . . .။

"ဒီကောင် Physic က သက်မှုန္ဒယ်ကို ခိုက်လို့တဲ့"

သားစိုးနဲ့ ကျော်ကြီးမျက်လုံးပြူးသွားသည်။ ပြီးတော့ အောင်ပုကို ဝိုင်းကြည့်ကြရင်း . . .

"ဘယ်လိုဖြစ်သွားတာလဲ"

အောင်ပုပြုံးကျဲကျဲလုပ်လိုက်ပြီး . .

"ငါ ဟိုနေ့က လက်ကိုင်ပဝါသွားပေးတော့ ငါ့ကို မော့ကြည့်တဲ့ မျက်နှာလေးကို အခုထိ မေ့မရဘူးကွာ . . ပြီးတော့ အဲဒီနေ့ ညက တစ်ည လုံး ငါအိပ်လို့မပျော်ဘူး"

"ကြမ်းပိုးကိုက်လို့လား"

"သေလိုက်ပါလား . . . မင်းကိုယ်ချင်းမစာတတ်ဘူးလား"

သားစိုး ပါးစပ်ပိတ်သွားသည်။ ဘာမှထပ်မပြောတော့ အောင်ပုက ဆက်ပြော၏။

"ငါ သူတို့ကြိုးစားကြည့်ချင်တယ် . . . အဲဒါ မင်းတို့သဘောက ဘယ်လိုလဲ"

စကားဆုံးတာနှင့် အားလုံးကို မျက်နှာတွေကို လိုက်ကြည့်လိုက်သည်။ အမိပ္ပာယ်ကတော့ ထောက်ခံမဲတောင်းဆိုလိုက်ခြင်းပင် . .။





www.foreverspace.com.mm

"မင်းက သူ့ကိုဘယ်လို ချဉ်းကပ်ချင်လို့လဲ"

ကြီးမြင့်ရဲ့စကားကြောင့် အောင်ပုခဏတွေဝေသွားကာ . . .

"ငါ အဲဒါတော့ သေချာမစဉ်းစားရသေးဘူး . . ဒါပေမယ့် လွယ်ပါ တယ် . . ကျောင်းသူတစ်ယောက်လို ကျောင်းသားတစ်ယောက်က ချဉ်းကပ် ပုံချဉ်းကပ်နည်းတွေအများကြီးပါ . . အဲဒီ့အထဲက တစ်ခုခုထုတ်သုံးလိုက်ရုံ ပေါ့"

"ဒါဆိုလည်း ပြီးတာပဲ . . ငါကတော့ သဘောတူတယ်"

"ငါလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကူညီပေးမယ်"

"ငါ့ဘက်ကလည်း အဆင်သင့်ပဲ . . . မင်းဘက်က လိုအပ်တာ ပြော"

အားလုံးဆီမှ ထောက်ခံမဲရလိုက်သောကြောင့် အောင်ပုမျက်နှာပြုံး ရွှင်သွားလေတော့သည်။

www.foreverspace.com.mm

**အောင်**ပုက ဥပဒေဆောင်တွေဘက် မရောက်ခင်ကတည်းက သက်မှူးနွယ်ကို လှမ်းတွေ့လိုက်လေသည်။ တွေ့တွေ့ချင်း အံ့ဩဝမ်းသာစိတ်နဲ့ လှမ်းလက်စခြေထောက်ကို ရပ်လိုက်ပြီး ကြောင်တောင်တောင်ကြီး ဖြစ်သွား၏။ နောက်မှ လိုက်လာသော သားစိုးတို့ အုပ်စုက အောင်ပုကို ကျော်သွားပြီးမှ ပါမလာမှန်းသိသွား၍ ပြန်လှည့်ကြည့်လိုက်ကာ . .

"ဟေ့ကောင် ဘာရပ်လုပ်နေတာလဲ လာလေ"

အောင်ပုက ဘာစကားမှပြန်မပြောဘဲ တစ်ဖက်ကမ်းသို့ မေးငေါ့ပြီး ပြလိုက်၏။ သုံးယောက်လုံး အောင်ပုပြသည့်နေရာသို့ လှမ်းကြည့်လိုက်ကြသည်။

သက်မှူးနွယ် တစ်ယောက်တည်း လမ်းလျှောက်သွားနေခြင်းဖြစ်ပြီး အဖော်မပါပေ။ စစ်မြေပြင်တစ်ခုမှာသာဆို တစ်ဖက်ရန်သူကို အလစ်အငိုက် ဖမ်းပြီး တိုက်ခိုက်ဖို့ အသင့်တော်ဆုံးအချိန်ပင်ဖြစ်သည်။ ဒါကို သုံးယောက်လုံးက သဘောပေါက်လိုက်၍ အောင်ပုကို လှည့်ကြည့်ကြ၏။ အောင်ပုကလည်း ထိုအကြည့်တွေ နားလည်လိုက်သည်။ သို့သော် နဖူးတွေ့ ဒူးတွေ့ဆိုတော့ နည်းနည်းတွန့်ဆုတ်နေ၏။

"ငါနည်းနည်းလန့်နေတယ်"

"ဖျားရည်လိုချင်မှတော့ ဖျားတုတ်တာကြောက်နေလို့ ဘယ်ဖြစ်မလဲ အောင်ပုရာ သွားမှာသာသွားစမ်းပါ ငါတို့ရှိပါတယ်"





အောင်ပု နည်းနည်းတော့ အားတက်သွားသည်။ သို့သော် ခြေလှမ်းတွေ နှေးကွေးနေသေး၍ သားစိုးက လမ်းမတစ်ဖက်သို့ တွန်းလွှတ်လိုက်လေတော့သည်။

အောင်ပု ငိုက်စိုက်ငိုက်စိုက်နှင့် လမ်းအလယ်တုံးပေါ် ရောက်သွားပြီး ဖြစ်ပါ့မလားဆိုတဲ့အကြည့်နဲ့ သူငယ်ချင်းတွေကို လှည့်ကာကြည့်၏။ အားလုံးက သူ့ကို 'သွား . . သွား' ဆိုပြီး လက်ဟန်ခြေဟန်နဲ့ လုပ်ပြနေသောကြောင့် ဖြစ်ချင်ရာဖြစ်သဘောထားကာ လမ်းတစ်ဖက်သို့ ကူးသွားလေတော့သည်။

တက္ကသိုလ်မိန်းလမ်းမကြီးကို မော်ဒယ်ရှိုးပွဲတစ်ခု၏ စင်မြင့်လို သဘောထားကာ လျှောက်လှမ်းနေသော သက်မှူးနွယ်၏ ခြေလှမ်းများသည် အောင်ပုကို စက္ကန့်ပိုင်းအတွင်း မိသွားစေလေသည်။ အောင်ပုက သက်မှူးနွယ်ဘေးရောက်သွားသော်လည်း ဘာစကားစပြောရမှန်းမသိသေးဘဲ ဒီအတိုင်းပဲ လိုက်လာခဲ့၏။

သက်မှူးနွယ်ကတော့ သူမနားသို့ကျောင်းသားတစ်ယောက်ကပ်လာမှန်းသိလိုက်သည်။ သို့သော် အောင်ပု မှန်းတော့ မသိသေးပေ။ ခြေလှမ်းကို အရင်ကထက် နည်းနည်းမြန်ပစ်လိုက်သည်။ စကတ်ထဘီဝတ်လာ၍ အောက်ပိုင်းတုတ်နေသောကြောင့် အရမ်းမြန်လို့လည်းမဖြစ်။ ဒီလိုထဘီမျိုးတွေက ခြေလှမ်းမြန်မြန်လျှောက်လျှင် ဒူးနှစ်ဖက်ခွင်သွားပြီး ခြေဖဝါးနှစ်ဖက်က အပြင်ကားထွက်လာကာ ဘဲတစ်ကောင်သွားသလို ကားယားကြီးဖြစ်သွားတတ်သည်။ ကြည့်ရအလွန်ဆိုးသောကြောင့် ဒါကို သတိထားရ၏။

"သက် . . မှူး . . နွယ်"

သူမ ရုတ်တရက်ဆိုတော့ ယောင်ပြီး ရပ်လိုက်မိသလို ဖြစ်သွား၏။ သို့သော် ဒါမျိုးလုပ်လိုက်ရင် ဘေးက ငတိကို အားပေးလိုက်ရာ ကျမည်ဆိုတာ ချက်ချင်းသိလိုက်၍ ပုံမှန်အတိုင်း ဆက်လျှောက်၏။

"သက်မှူးနွယ် ကျွန်တော့်ကို မမှတ်မိတော့ဘူးလားဟင်"

ဒီစကားကတော့ တော်တော်တာသွားသည် ဟုဆိုရမည်။ မမှတ်မိဘူးလားဆိုကတည်းက အရင်ကကိုယ်နဲ့သိကျွမ်းခဲ့ဖူးသော သူတစ်ယောက်ဖြစ်

ခဲ့ဖူးသည်ဟု ဆိုလိုရာရောက်၏။ ဒီလိုလူမျိုးကို ကိုယ်ကပြုံးပြနှုတ်ဆက်မှုမရှိလျှင် ရိုင်းရာကျမည်။ ဒီလိုအတွေးမျိုး သက်မှုန်းနွယ်ခေါင်းထဲချက်ချင်းဝင်ရောက်လာသောကြောင့် လှမ်းလက်စခြေထောက်ကို ရပ်ပစ်လိုက်လေတော့သည်။ ပြီးနောက်မော့ကြည့်လိုက်တော့ အောင်ပု မျက်နှာကြီးကိုတွေ့လိုက်ရ၏။

ရုတ်တရက်ဆိုတော့ ကြောင်သွားသော်လည်း ချက်ချင်းပင် မှတ်မိသွား၍ . . .

"ဩော်"

အောင်ပုကလည်း ပြုံးပြကာ . . .

"မှတ်မိတယ်နော် . . . ရွှေခြူး"

"ခစ် . . ခစ် . . ခစ်"

ပါးစပ်ကလေးကို လက်ကလေးနဲ့ အုပ်ကာ သူမရယ်လိုက်သည်။ အောင်ပု တော်တော်လေးအားတက်သွား၏။

"ဟိုနေ့က ကိစ္စအဆင်ပြေသွားပြီလား"

သက်မှုန်းနွယ် ပထမမျက်လုံးလေးဝိုင်းစက်သွားသည်။ နောက်မှ သဘောပေါက်သွားဟန်နဲ့ ခေါင်းလေးညိတ်လိုက်ကာ . . .

"အဲဒီနေ့က ကိစ္စအရမ်းကျေးဇူးတင်တာပဲ သိလား . . ဟိုလေ . . ဒီကအရမ်းစိတ်ညစ်နေတာ . . သူ ဘာလက်ကိုင်ပဝါ . . . ဟယ် . . . ခစ် . . ခစ် . . ကြည့်စမ်း အခုမှသတိရတယ် လက်ကိုင်ပဝါကျန်ခဲ့ပြီ"

"ဟာ ရပါတယ် . . . အခုလိုက်လာတာလည်း လက်ကိုင်ပဝါ လိုက်တောင်းဖို့မဟုတ်ပါဘူး . . . စကားလာပြောတာပါ"

ပြီးနောက် သူတို့လမ်းလျှောက်ရင်း စကားပြောလာကြသည်။ အောင်ပုက နောက်လိုက် သက်မှုန်းနွယ်က ရယ်လိုက်နှင့် ခေတ်ကာလသားသမီးတွေဆိုတော့ သိပ်မကြိုးစားရဘဲ ခင်မင်မှုအတွက် အဆင်တွေပြေကုန်ကြသည်။

သားစိုးတို့က အောင်ပုကောင်းစားသွားပုံကို လှမ်းမြင်လိုက်ကြရ၍ . .

"ဒီကောင် တော်တော်နဲ့ ပြန်လာမဲ့ပုံမပေါ်ဘူးကွ သိလား . . . ဒီ





အတိုင်းဆို ကောင်မလေးကို ပါးစပ်ထဲရှိရာတွေ လိုက်သွားနေဦးမှာ . . . ငါတို့ ဒီကောင့်ကို စောင့်နေရင် မိုးချုပ်သွားမယ်"

ကြီးမြင့်စကားကို သားစိုးနဲ့ ကျော်ကြီးက ထောက်ခံလိုက်သည်။

"အဲဒါဆို ငါတို့အရင်သွားနှင့်မယ် . . ဟိုမှာ ကိုဝေလင်း ရောက်နေလောက်ပြီ"

အားလုံးဆက်လျှောက်လာခဲ့လိုက်သည်။ သူတို့ဦးတည်ရာက ဝေလင်း ဆီသို့။

www.foreverspace.com.mm

ကဲ့န်တင်းမှာ ဝေလင်းတစ်ယောက်တည်းမဟုတ်ဘဲ စိန်ကုလားနဲ့ အောင်သန်းကြီးပါထိုင်နေကြ၏။ စားပွဲဝိုင်းလေးမှာ သုံးယောက်ရှိနေသော်လည်း စကားမပြောဘဲ ကိုယ့်အတွေးနဲ့ ကိုယ်ရှိနေကြလေသည်။ စိန်ကုလားက 'အသားဖြူခြင်း၏ လျှို့ဝှက်ချက်များ'ဆိုတဲ့ စာအုပ်တစ်အုပ်ကို သည်းကြီးမည်းကြီး ဖတ်နေကာ၊ အောင်သန်းကြီးက ဘရစ်တနီစပီးယားပုံပါသည့် ဂျာနယ်တစ်စောင်ကို ကြည့်နေလေသည်။ ဝေလင်းကတော့ တစ်စုံတစ်ခုကိုအပြင်းအထန်စဉ်းစားနေသလို အဝေးကိုငေးရင်း . . . ငုတ်တုတ်။

အားလုံးခြောက်ယောက်ရှိတဲ့အထဲက တစ်ယောက်မဟုတ်တော့ဘူးဆိုတော့ (၅)ယောက်ကျန်သည်။ ဒီငါးယောက်ကို ဘယ်လိုဆက်ပြီး စုံစမ်းမလဲဆိုတာ ဝေလင်းတွေးနေခြင်းဖြစ်၏။ ဒီတစ်ခါ လှုပ်ရှားရတာက နည်းနည်းရှုပ်ထွေးသည်ဟုဆိုနိုင်သည်။ ယခင် သူဆောင်ရွက်ပေးခဲ့သော ဇာတ်လမ်းတွေနဲ့မတူတမူထူးခြားနေ၏။ နောက် သူ့ဘက်ကိုယ့်ဘက် လူအင်အားလည်း တော်တော်များသည်။ တိုက်ပွဲတစ်ခုအနေနဲ့ ပြောရရင် အကျအဆုံး အရင်းအနှီး တော်တော်ပေးဆပ်ရမည် ပွဲဖြစ်၏။

ဝေလင်း သက်ပြင်းကို ခဏခဏချကာ ရေနွေးကြမ်းတွေ တစ်ခွက်ပြီး တစ်ခွက်သောက်ပြီး တွေတွေကြီးဖြစ်နေသည်။ ခေါင်းတစ်ညိတ်ညိတ် လည်တခါခါလည်းရှိ၍ တစ်စုံတစ်ခုကို အလေးအနက်တွေးတောပုံလည်း ပေါ်သည်။ သူ့ဦးနှောက်ထဲမှာ သက်မှူးနွယ်ဆိုတဲ့ ကောင်မလေး ငါးယောက်က





တစ်ဖက်၊ သားစိုးတို့ အုပ်စုက တစ်ဖက် . . ။

သားစိုးဆိုတဲ့ ကောင်ကနည်းနည်း အူပုံရ၏။ ခပ်ကြောင်ကြောင်အတွေးအခေါ်လည်းရှိသည်။ ဒီမျက်လုံးနှစ်လုံးပဲ သတိထားမိသည့် ကောင်မလေးတစ်ယောက်ကို အသည်းအသန်ဖြစ်နေတာပဲကြည့်။ ထိုသို့တွေးပြီး ဝေလင်းပြုံးလိုက်မိ၏။ ဒီတစ်ခါ ပြုံးခြင်းကတော့ သူ့ကိုယ်သူ ပြုံးလိုက်ခြင်းပင် . . ။

သူကရော ဘာလို့ဒီလိုကိစ္စမျိုးကို လက်ခံခဲ့သလဲ . . ။ ဝေလင်းခေါင်းထဲမှာ အတွေးဆုံးသွားသော်လည်း အဖြေကထွက်မလာ။ သေသေချာချာ ဖြစ်ညှစ်တွေးကြည့်မှ အဖြေနှစ်ခုထွက်လာသည်။ ပထမတစ်ခုက ဒီလိုပုံစံ ဆန်းဆန်း၊ စိတ်ကူးယဉ်ဆန်ဆန်ဇာတ်လမ်းတွေကို အသက်သွင်းရတာ စိတ်ဝင်စားသော သူ့စိတ်ကြောင့်ဖြစ်လိမ့်မည်။ နောက်တစ်ခုက မခံချင်စိတ်ကြောင့်လည်း ဖြစ်နိုင်၏။ ဒီလို လျှို့ဝှက်ပြီး ပဟေဠိဆန်တဲ့ ပုစ္ဆာမျိုးကို အဖြေမထွက် ထွက်အောင်လုပ်ပစ်လိုက်ချင်၍ ဖြစ်နိုင်သည်။ သို့သော် ဘယ်လိုစိတ်မျိုးနဲ့ပဲ ပါဝင်ပါဝင်အောင်မြင်ဖို့သာ အဓိကဖြစ်သည်ဟု ဝေလင်းတွေးထားလိုက်၏။

"ဆောတီးကိုဝေလင်းရာ ကျွန်တော်တို့နည်းနည်းနောက်ကျသွားတယ်"

ဝေလင်းတင်မဟုတ်။ ကိုယ်စိတ်သန်ရာသန်ရာ အာရုံဝင်စားနေကြသော အောင်သန်းကြီးနဲ့ စိတ်ကုလားပါ လန့်ပြီး မော့ကြည့်ကြ၏။ ရုတ်တရက်ဆိုတော့ ပျာယာခတ်သွားကြခြင်းပင် . . ။

"ရပါတယ် . . . ကိုယ်တို့က ဒီနေ့ဘာရယ်မဟုတ်ဘူး စောစောထွက်လာကြတာ . . ထိုင် . . ထိုင်"

သားစိုးတို့ သုံးယောက်လုံးဝင်ထိုင်လိုက်ကြသည်။ အောင်ပုကတော့ 'မ'နောက်လိုက်၍ မိုက်ဘက်ပါသွားသောကြောင့်ပါမလာတော့ . . ။ ဒါကို ဝေလင်းက သတိထားမိလိုက်၍ . . .

"မင်းတို့အဖွဲ့မှာ တစ်ယောက်လိုနေပါတယ် . . ခဏနေပါဦး ဟိုကောင်ကွာ"

"အောင်ပု . . . အောင်ပု အစ်ကို"

www.forwerspace.com.mm

ဝေလင်းက စကားကို အတင်းဖြတ်ကာ ဝင်တားတော့မှ အူကြောင်ကြောင်နဲ့ရပ်သွားလေသည်။ တာတိုအပြေးသမားတစ်ယောက်လမ်းတစ်ဝက်မှာ ခြေခေါက်လဲကျသွားသလို ဖြစ်သွားပုံရသည်။ သို့သော် သားစိုးက ဂူမြွေကို အမြန်ဆယ်လိုက်နိုင်၏။ ဝေလင်းက ဆက်၍ . . .

"အားလုံးခြောက်ယောက်ရှိတဲ့အထဲက အဲဒီတစ်ယောက် မဟုတ်တာသေချာသွားရင် ကျန်တာ ငါးယောက်ပဲရှိတော့တယ်"

ဝေလင်းက လက်ငါးချောင်းထောင်ကာ အားလုံးမျက်နှာတွေကို ကြည့်ရင်း ပြောလိုက်၏။ အားလုံးက ဝေလင်းစကားကို နားထောင်ရင်း တိတ်ဆိတ်နေကြ၏။ တစ်ချက်တစ်ချက် တစ်ယောက်အသက်ရှူသံပင် တစ်ယောက်ကကြားနေရသည့် အနေအထားမျိုး . . ။

"အဲဒီ ငါးယောက်ထဲမှာ တစ်ယောက်ယောက်တော့ ဖြစ်လိမ့်မယ်လို့ ကိုယ်မျှော်လင့်တယ် . . . ဒါပေမယ့် ဘယ်သူလဲဆိုတာတော့ ဘုရားက လွဲပြီး ဘယ်သူမှသိမှာမဟုတ်ဘူး . . . ဘာလို့လဲဆိုတော့ ကိုယ်တိုင်ဆုံတွေ့ခဲ့တဲ့ ကောင်တောင် မျက်လုံးအကြည့်က လွဲပြီး ဘာသိခဲ့လို့လဲ"

အားလုံးပြုံးစိစိဖြစ်ကုန်ကြသည်။ စကားအရှိန်ပျက်သွားမှာစိုး၍ ခွက်ထိုးခွက်လန်ထမရယ်ကြခြင်းဖြစ်၏။ သားစိုးက မျက်နှာရဲသွားပြီး ခေါင်းငုံ့လိုက်၏။ ဝေလင်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း စကားကိုဆက်ပြန်သည်။

"ကိုယ်ညက စဉ်းစားထားတာတစ်ခုရှိတယ် . . . ဘာလဲဆိုတော့ ဒီငါးယောက်လုံးကို ငါတို့အားလုံးက တစ်ယောက်ချင်းစီလိုက်ပြီး စုံစမ်းနေလို့ကတော့ အခြေအနေတိုးတက်မှုနှောင့်နှေးမယ်၊ နောက်တစ်ခုက အချိန်ကြာမယ်။ တစ်ယောက်ကို အနည်းဆုံးနှစ်ရက်လောက်တော့ အချိန်ပေးရလိမ့်မယ်ထင်တယ်၊ ဒီထက်ကြာချင်လည်း ကြာသွားနိုင်တယ် . . . အဲဒီတော့ ဒီလိုလုပ်ကြရအောင်"

အားလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ဘယ်လိုလုပ်ကြမလဲဆိုတာ သိချင်သွားကြလေ၏။ အားလုံးထဲမှာ သားစိုးက မအောင့်နိုင်တော့၍ . .

"ဘယ်လိုလုပ်ကြမလဲ အစ်ကို . . . ပြော . . ပြောပါ"




www.forwerspace.com.mm

"အေး . . အား . . . အောင်ပု . . အောင်ပု ဘယ်ရောက်သွားလို့လဲ"

"ဒီကိုလာတုန်းကတော့ ပါလာပါတယ် . . . ဒါပေမယ့် လမ်းမှာ နလုံးသားရဲ့ တောင်းဆိုမှုကို မခံနိုင်လို့ မိခင်တပ်ရင်းလေးဆီကျန်ခဲ့လေရဲ့"

ဝေလင်း မျက်လုံးပြူးသွားကာ . .

"ဟေ . . . ပြောစမ်းပါဦး ဘယ်လိုဖြစ်တာလဲ"

သားစိုးက ဝေလင်း နားလည်အောင် အစအဆုံး ရှင်းပြရသည်။ ဝေလင်းက ပြုံးပြုံးကြီးလုပ်ကာ ခေါင်းတညိတ်ညိတ်နားထောင်ပြီး . .

"လက်ကိုင်ပဝါသွားပေးတဲ့နေ့ကတည်းက ငါတော့ တွေးလိုက်မိသား၊ ဒီကောင်တော့ မာယာချုံမှာ ချုံနွံငြိပြီး ရုန်းနိုင်လိမ့်မယ်မထင်ဘူးလို့"

ဝေလင်းစကားကြောင့် အားလုံးရယ်လိုက်ကြ၏။ အရယ်ဆုံးသွားတော့ ဝေလင်းကပဲ စကားကိုစသည်။

"မင်းတို့နဲ့ ငါဒီနေ့တိုင်ပင်စရာလေးတွေရှိတယ် . . . အရေးကြီးတယ်လည်းမဟုတ်ဘူး၊ မကြီးဘူးလည်း မဟုတ်ဘူး၊ ဒါပေမယ့် အမိကတော့ ကျတယ်"

ဝေလင်းစကားဆုံးတော့ အားလုံးတိတ်ဆိတ်သွားကြ၏။ အောင်သန်းကြီးနဲ့ စိန်ကုလားတောင် ဖတ်လက်စ စာအုပ်တွေ ဂျာနယ်တွေချကာ နားစွင့်လိုက်ကြသည်။ ဝေလင်းက သားစိုးမျက်နှာကို ဦးတည်ကာကြည့်၍ . .

"မင်းအနေနဲ့ Physic က သက်မှူးနွယ်မဟုတ်ဘူးဆိုတာတော့ ကြိမ်းသေတယ်နော်"

သားစိုးတွေဝေမနေဘဲ ခေါင်းကို ဖျတ်ခနဲညိတ်ပြကာ . .

"သေချာတယ် အစ်ကို . . . သေချာတယ် . . ကျွန်တော်တွေ့ခဲ့တဲ့ ကောင်မလေးမျက်ဝန်းတွေက နွေးထွေးတယ်၊ သိမ်းပိုက်နိုင်စွမ်းရှိတယ်၊ ပြီးတော့ စိုပြည်တယ်။ အဲ . . . ဘယ်လိုပြောမလဲ နေခြစ်ခြစ်တောက်ပူပြင်းနေတဲ့ ကန္တာရတစ်ခုကို သူတစ်ကြိမ်ကြည့်လိုက်ရုံနဲ့ အရာရာစိမ်းလန်း . . ."

"ရပြီ ညီလေး ကိုယ်သဘောပေါက်ပြီ"

ဝေလင်းက ခေါင်းညိတ်ပြီး . .

"အုပ်စု သုံးစု ခွဲလိုက်မယ်"

"အုပ်စု သုံးစု ဟုတ်လား"

"ဟုတ်တယ် . . . သားစိုးရယ်၊ အောင်ပုရယ်က တစ်စု၊ ကျော်ကြီးရယ်၊ ကြီးမြင့်ရယ် တစ်စု"

ပြောရင်း ဝေလင်းက ခဏရပ်လိုက်၏။

"နောက် . . . နောက်တစ်ခုက ဘယ်သူတွေလဲဟင်"

ဝေလင်း ပြုံးစိစိလုပ်က အောင်သန်းကြီးတို့ ဘက်လှည့်ကြည့်လိုက်ပါသေးတော့သည်။

မဆီမဆိုင် သူတို့ပါ ပါလာ၍ အောင်သန်းကြီးရော စိန်ကုလားပါ အံ့သြသွားကြကာ . . .

"ငါ . . ငါတို့နဲ့ . . . ဘာ . . ဘာဆိုင်လို့လဲ"

ဝေလင်းက ခပ်အေးအေးလေးပင် နှစ်ယောက်လုံးကိုကြည့်၍ . .

"ညီလေးတွေကို ကူညီလိုက်ပါကွာ"

အောင်သန်းကြီးရော စိန်ကုလားပါ သက်ပြင်းကိုယ်စီချလိုက်ကြပါတော့သည်။

"မင်းကတော့ လုပ်ပြီကွာ"





တက္ကသိုလ်ကြီးတစ်ခုလုံးတွင် သက်မှူးနွယ် အပေါင်းသူတော်ကောင်းမလေးတွေ အားလုံးခြောက်ယောက်ရှိသည်။ ထိုအထဲမှ Physic က သက်မှူးနွယ်မဟုတ်တော့၍ (၅)ယောက်ကျန်၏။ ထိုငါးယောက်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းကို ဝေလင်းက သေချာရှင်းပြလေသည်။

ပထမ တစ်ယောက်ကတော့ ပထဝီ ဒုတိယနှစ်မှ သက်မှူးနွယ်ပင်ဖြစ်လေသည်။ အသားခပ်ညိုညိုလေးဖြစ်၏။ အရပ်က ငါးပေ ပတ်ဝန်းကျင်လောက်ဖြစ်၍ မိန်းကလေးတစ်ယောက်အတွက် မပုလွန်း မရှည်လွန်း၊ ရည်းစားလုံးဝမရှိ၊ လိုက်လံကြိုးစားသူတော့ အနည်းငယ်ရှိသည်။ ရုပ်ရည်ချောမောပြေပြစ်သော်လည်း ခပ်စွာစွာနှင့် မထင်ရင်မထင်သလို စိတ်ထဲရှိတဲ့အတိုင်းလုပ်ပစ်တတ်သောကြောင့် သူမအနားကို ကပ်ဖို့ကြိုးစားသူတိုင်း ရင်နာနာနဲ့ပဲ လက်လျှော့ထားရသော ကောင်မလေးဖြစ်လေသည်။ ယောကျ်ားလေးနည်းနည်းဆန်သည်ဟုထင်ရ၏။

ဒုတိယ သက်မှူးနွယ်ကတော့ သူမိဇေဒ ဖိုင်နယ်နီးယားမှဖြစ်လေ၏။ သူမကတော့ အတွေးသမား၊ ငြိုးတော့ စာကြမ်းပိုး၊ အချိန်အားသရွေ့ စာအုပ်နဲ့ မျက်နှာမခွာနေတတ်ပြီး တစ်ခုခုကို ကျက်မှတ်နေရမှ ကျေနပ်သူ။ စာမကျက်ဖြစ်သောအချိန်များတွင်လည်း ကျောက်ခဲလေးတစ်လုံးကို လက်ကကိုင်ကာ အမြဲတမ်းပြုံးရင်း ကြည့်နေတတ်သောကြောင့် သူမကို အားလုံးက ကျောက်၊ ကြည့်၊ ပြုံး ဟု နာမည်ပြောင်ပေးထားကြသည်။ အထူးခြားဆုံးက



www.foreverspace.com.mm

တော့ သူမမျက်ဝန်းသည် ဝိုင်းစက်လှပသော အချက်ဖြစ်သည်။ သမင်မျက်ဝန်း ထက်ကျော်ကာ ဇီးကွက် မျက်ဝန်းလေးလို ချစ်စရာကောင်းနေပါသည်။

တတိယ သက်မှူးနွယ်ကတော့ ဥပဒေက၊ သူမက နည်းနည်းက ထော်ရှားသည်။ သူမတို့နှစ်မှာ ကွင်း(Queen)ဖြစ်၏။ စာကြိုးစားသလို၊ ဆရာ ဆရာမတွေကလည်း တော်တော်ချစ်ကြသည်။ ယောကျ်ားလေးတွေကလည်း ချစ်ကြ၏။ သဘောလည်းကောင်းသောကြောင့် သူမအတန်းဖော်တွေကလည်း ခင်မင်ကြ ပါသည်။ ဤကဲ့သို့ အချစ်တကာစုစည်းနေသောကြောင့် 'သက်မှူး နွယ်'အစား 'ချစ်မှူးနွယ်'လို့တောင် ပြောင်းခေါ်သင့်သည်ဟု သူမကို လက် လျှော့ခဲ့ရသော ကျောင်းသားတွေက အငေါ်တူးခဲ့ကြလေသည်။

စတုတ္ထ သက်မှူးနွယ်ကတော့ ဓာတုဗေဒကဖြစ်၏။ ဆံပင်ကျော လယ်လောက်လေးနှင့် ရိုးရိုးယဉ်ယဉ်လေး ထင်ရှားသူဖြစ်သည်။ ယောကျ်ား လေးတွေကို တော်တော်ကြောက်တတ်သည်။ အတိုင်အတော နည်းနည်းထူ သည်။ သာမန်အချိန်များတွင် စကားမပြော ရိုးရိုးကုပ်ကုပ်နေတတ်ပြီး မိန်း ကလေးအပေါင်းအသင်းတွေနှင့်သာ အနေများသည်။ အများအားဖြင့် ခပ် အေးအေးနေတတ်၏။

ပဉ္စမ သက်မှူးနွယ်ကတော့ သချာနောက်ဆုံးနှစ်က သူမကတော့ သာမန်မိန်းကလေး တစ်ယောက်လိုသာရှိသည်။ စကားများသည်။ အတင်း ပြော၏။ ယောကျ်ားလေး ခပ်ဖြောင့်ဖြောင့် မြင်လျှင်ကြည့်သည်။ အချဉ်ထုပ် ကြိုက်၏။ မိန်းကလေးတော်တော်များများကဲ့သို့ အချစ်ကို ကိန်းကဏန်းတွေ နှင့် တွက်ချက်ဆော့ကစားတတ်လေသည်။

ကောင်မလေးတွေ အားလုံးအကြောင်းကို ရှင်းပြပြီးနောက် ဝေလင်း ကမောသွားဟန်ဖြင့် တစ်ချက်နားကာ အအေးခံထားသော ရေနွေးကြမ်းကို မော့သောက်လိုက်လေသည်။ ပြီးနောက် . . ။

"မနက်ဖြန်ကစပြီးတော့ ကိုယ်တို့တွေ လှုပ်ရှားရအောင် . . အဲ . . အဓိက စုံစမ်းရမယ့် အရာကတော့ အားလုံးသိကြတဲ့အတိုင်း သက်မှူးနွယ် တစ်ယောက်ချင်းစီရဲ့ဆီမှာ သူတို့ရဲ့ကျောင်းသားကဒ်တွေရှိမရှိဆိုတာပဲ။





တကယ်လို့မရှိတဲ့သူရှိခဲ့ရင် အဲဒီသူက သားစိုးနဲ့ တွေ့ခဲ့တဲ့ သက်မှူးနွယ်လို့ မှတ်ယူလို့ရမယ် . . . ။ တကယ်လို့ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်လောက် ဖြစ်နေရင်တော့ ဘယ်သူလဲဆိုတာ သားစိုး ဆုံးဖြတ်လိမ့်မယ်"

"တကယ်လို့ အကုန်လုံးမှာ ကျောင်းသားကဒ်ရှိနေရင်ကော"

"ဒါတော့ မဖြစ်နိုင်ဘူး၊ အကုန်လုံးမှာ ကျောင်းသားကဒ်ရှိနေရင် သားစိုးကောက်ရတဲ့ ကျောင်းသားကဒ်က ဘယ်သူ့ဟာလဲ . . . ကဲပြော"

အောင်သန်းကြီး ပါးစပ်ပိတ်သွားလေသည်။ စိန်ကုလားက ထပ်ပြီး အထွန့်တက်ကြည့်ပြန်၏။

"အကုန်လုံးမှာ ကျောင်းသားကဒ်ရှိ မနေကြရင်ကော"

ဝေလင်း မျက်နှာတစ်ချက် တည်သွား၏။ ခဏကြာတော့မှ . . .

"ကံကြမ္မာက ငါတို့ဘက်မှာရှိမှာပါ"

တစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ နောက်ထပ်ဘယ်သူ မှ မေးခွန်းမထုတ်ကြတော့ပေ။

www.foreverspace.com.mm

သား စိုးကိစ္စနဲ့ ပတ်သက်၍ အားလုံး ရှုတူးတူး ပေါတောတောတွေ ဖြစ်ကုန်ကြလေပြီ။ ဇာတ်လမ်းက ဇာတ်ရှိန်မြင့်လာသလို အကုန်လုံးလိုလို ငပေါ ဇာတ်ခင်းကုန်ကြလေ၏။ သို့သော် မတတ်နိုင်တော့။ ဟုတ်ပေဟုတ်ရက်နှင့် ဇာတ်လမ်းကိုစခဲ့ပြီးမှတော့ ဘယ်သူမှ နောက်မဆုတ်ချင်ကြ။ အားလုံးထဲမှာ ဝေလင်းက အဆိုးဆုံးဖြစ်၏။ ဒီပွဲမှာ သူက ခေါင်းဆောင်၊ ပြီးတော့ ဒီဇာတ်မှာ သူက ဒါရိုက်တာ၊ လူစုံတက်စုံ ဒီပွဲမှာ ပါဝင်တော့မယ်ဆိုမှ သူကစပြီး စိတ်ပျက်ပြလို့မဖြစ်။ နောက်ဆုတ်နေလို့မရတာ။ သူကိုယ်၌ကိုကလည်း ဒါမျိုးဆို ဝါသနာကပါပြီးသားမို့ ဒီလိုဖြစ်လာစရာတော့ အကြောင်းမရှိပေ . .။

အကြောင်းရှိနေတာက အောင်သန်းကြီးနှင့် စိန်ကုလားပင်ဖြစ်စေသည်။ သူတို့က ဒီပွဲစကတည်းက ခပ်ရှောင်ရှောင်နေခဲ့ကြသူတွေ။ ဒီလို ဇာတ်ရှုပ်ကြီး စခင်းမယ်ဆိုကတည်းက ရောယောင်ပေါကြောင်နှင့် ဝင်ပါရမည်စိုး၍ အရင်ကတည်းက မသိလိုက်မသိဘာသာ ဖယ်ဖယ်နေခဲ့ကြသည်။ သို့သော် ဝေလင်းပါဝင်တဲ့ ပွဲတိုင်းသူတို့ ဘယ်လိုမှ ရှောင်လွှဲလို့မရမှန်းလည်း စိတ်ထဲက သိနေခဲ့သည်။ အခုတော့ ထင်တဲ့အတိုင်းလုပ်အားပေးလိုက်ရလေပြီ။

"ဒီသတင်းတော့ ပေါက်ကြားသွားလို့မဖြစ်ဘူးနော် . . . အားလုံးက ငါတို့ကို အရူးတွေဆိုပြီး စိတ်ကျန်းမာရေးဆေးရုံဖမ်းပို့ကြလိမ့်မယ်"

အောင်သန်းကြီးက အနာဂတ်ကို မျှော်တွေးဟန်နှင့် ဆို၏။ စိန်ကုလားကလည်း ခေါင်းညိတ်ထောက်ခံပြီး . .





www.foreverspace.com.mm

"လုပ်တာကတော့ လုပ်ပေါ့ကွာ . . . အခုမှတော့ ဘာတတ်နိုင်တော့မှာလဲ . . . အဲ . . . ဒါပေမယ့် ဒီကောင်ပြောသလို အားလုံးပါးစပ်လုံဖို့တော့ လိုလိမ့်မယ် . . . ဖြစ်နိုင်ရင် ဒီအကြောင်းကို ငါတို့ကောင်တွေကလွဲပြီး ဘယ်သူမှမသိထားဖို့ကောင်းတယ် . . . သိသွားရင် လူရယ်စရာကြီး"

ဝေလင်းက ဒီတစ်ခါတော့ အောင်သန်းကြီးတို့ စကားကိုထောက်ခံလိုက်လေသည်။

"ဟုတ်တယ် . . သတင်းပေါက်သွားရင်တော့ အားလုံးရှုပ်ကုန်စရာတွေဖြစ်လာကြလိမ့်မယ် . . . ဒီကောင်တွေပြောသလို ငပေါတွေလို့ ပြောခံရနိုင်သလို အဓိကအကြောင်းအရင်းကတော့ ကောင်မလေးတွေက သူတို့ကို စုံစမ်းနေတယ်ဆိုတာ သိသွားရင် အားလုံးဇာတ်မြုပ်လိုက်ကြလိမ့်မယ် . . . အဲဒီ့အခါကျ ဘယ်သူက ကျောင်းသားကဒ်တကယ်ပျောက်လို့ ပျောက်မှန်းမသိဖြစ်ကုန်ကြလိမ့်မယ် . . . အဲဒီလိုဖြစ်လာရင်တော့ လုံးဝမလွယ်တော့ဘူး"

ဝေလင်း စကားဆုံးတော့ ကြီးမြင့်က သားစိုးကို 'မင်းကြောင့်အားလုံးအလုပ်ရှုပ်ကုန်ပြီ'ဆိုတဲ့ အကြည့်နဲ့လှမ်းကြည့်၏။ သားစိုးက မချိသွားဖြဲလေးလုပ်ပြလိုက်တော့ ကြီးမြင့်ခေါင်းခါလိုက်သည်။

အားလုံးပြောပြီးဆိုပြီးသွားတော့ မနက်ဖြန်လုပ်ငန်းစဉ်တွေကို အသေးစိတ်တိုင်ပင်ကြသည်။ ပြီးတော့ အဖွဲ့လိုက် စုံစမ်းရမည့် လူစာရင်းကို မဲစနစ်ဖြင့် ရွေးချယ်ကြ၏။ အောင်သန်းကြီးနှင့် စိန်ကုလားတို့အဖွဲ့ကို အဖွဲ့(၁)အဖြစ် သတ်မှတ်သည်။ ထို့အတူ ကြီးမြင့်နဲ့ ကျော်ကြီးက အဖွဲ့(၂)၊ သားစိုးနဲ့ အောင်ပုက အဖွဲ့ (၃)။

အဖွဲ့တစ်က မဲကျတာ လူစာရင်းမှာ ပထဝီမှ သက်မှုန်းနွယ်နှင့် သချာမှ သက်မှုန်းနွယ်။

အဖွဲ့နှစ်မှ မဲကျသော လူစာရင်းမှာ ဘူမိဗေဒက သက်မှုန်းနွယ်၊ နောက်ဆုံးအဖွဲ့(သုံး)က မဲကျသော သက်မှုန်းနွယ်ကတော့ ဥပဒေက သက်မှုန်းနွယ်တို့ပင်ဖြစ်သည်။

"ဝေလင်း မင်းကရော ဘယ်သက်မှုန်းနွယ်ကို စုံစမ်းမှာလဲ"

www.foreverspace.com.mm

အားလုံးကို နေရာချပေးပြီး ဆရာကြီးလုပ်နေသော ဝေလင်းကို အောင်သန်းကြီးက ရွဲ့ကာပြောတော့ . .

"ငါက သက်မှူးနွယ် ငါးယောက်စလုံးရဲ့ အခြေအနေကို မင်းတို့ဆီက တစ်ဆင့်ပြန် စုံစမ်းမှာ ငြိုးရင်စိစစ်မယ်"

မေးစေ့ပွတ်ကာ ပြန်ပြောသော ဝေလင်း၏ အိုက်တင်ကိုမြင်လိုက်၍ . .

"သေချင်းဆိုး"ဟု

အောင်သန်းကြီးက ဆဲလိုက်လေသည်။

အားလုံးရယ်လိုက်ကြ၏။

ငပေါတွေ ဟုအထင်ခံရနိုင်သော်လည်း ဒီအလုပ်ကို သူတို့ပျော်နေကြလေသည်။





www.foreverspace.com.mm

စိန်ကုလားသည် ဒီနေ့ကျောင်းသို့ အလာတွင် ရေမွှေးနည်းနည်း ဆွတ်လာသည်။ အရင်နှစ်က သူ့အစ်မ မင်္ဂလာဆောင်တွင် တစ်ခါပဲ ထုတ်ဝတ်ဖူးသေးသော အင်္ကျီနဲ့ပုဆိုးကို ဒုတိယအကြိမ်အဖြစ် ပြန်လည်ဝတ်လာခဲ့၏။ အကောင်းဆုံးပြင်ဆင်လာခဲ့သောကြောင့် အရင်ကထက်စာလျှင် သားသားနားနားဖြစ်နေသော်လည်း အင်္ကျီက ပန်းရောင်ဖြစ်နေပြီး ပုဆိုးက အပြာကွက်ဖြစ်နေသောကြောင့် တောမင်္ဂလာဆောင်တစ်ခုက အခါတော်ပေးဆရာပုံပေါက်နေလေသည်။ အောင်သန်းကြီးကတော့ အင်္ကျီနှင့်ပုဆိုးကို သေသေချာချာ မီးပူတိုက်၍ မျက်နှာမှာ ပရိုမီနာ နည်းနည်းပွတ်လာတာက လွဲလျှင် ခါတိုင်းလိုပင်ဖြစ်လေသည်။

စိန်ကုလားကကျောင်းသို့ရောက်ရောက်ချင်း အောင်သန်းကြီးနှင့် ချိန်းထားရာ ကန်တင်းသို့ အရင်ဦးဆုံးသွားလိုက်သည်။ ပြီးတော့ ကန်တင်းရောက်တော့ သူတို့နှစ်ဦးက စုံစမ်းရမည့် သက်မှူးနွယ်နှစ်ယောက်ကို ပြန်လည်မဲခွဲဆုံးဖြတ်ကြ၏။ ထိုသို့ဆုံးဖြတ်လိုက်သောအခါ စိန်ကုလားက ပထဝီက သက်မှူးနွယ်ကို မဲကျ၍ အောင်သန်းကြီးကတော့ သင်္ချာက သက်မှူးနွယ်ကို မဲကျလေသည်။ ထို့နောက် သူတို့မနက်စာကို ကန်တင်းမှာစားပြီး နောက် သက်ဆိုင်ရာ မေဂျာတွေကို ထွက်ခွာသွားပါတော့သည်။

စိန်ကုလားက ပထဝီအဆောင်တွေ ဘက်ရောက်ရောက်ခြင်း ဘာစလုပ်ရမှန်းမသိဘဲ ယောင်ပေပေဖြစ်သွားသည်။ သူ့အနေဖြင့် သက်မှူးနွယ်

ဆိုတာ နာမည်သာကြားဖူးသော်လည်း ရုပ်ကိုမမြင်ဖူး . . ။ ပုံသဏ္ဍာန်ကိုတော့ ဝေလင်းမြော်မြင်၍ သိထားသော်လည်း ပထဝီမေဂျာမှာ အဲဒီလို ပုံစံ မိန်းကလေးတွေအများကြီးရှိနေ၍ ဘယ်ဟာကသက်မှူးနွယ်မှန်းမသိပေ။ တစ်ယောက်ချင်း စီနာမည်လိုက်မေးဖို့လည်း ဖြစ်တဲ့ကိစ္စမဟုတ်၍ ပြဿနာတက်နေလေသည်။ ဒီလိုနဲ့ ဘာလုပ်ရမှန်းမသိဘဲ တောင်ကြည့်လိုက်မြောက်ကြည့်လိုက် လုပ်နေရာမှ တစ်ခုသွားသတိရ၏။ ပထဝီနောက်ဆုံးနှစ်မှာ သူတို့လမ်းထဲက အာကာဆိုတဲ့ ကောင်ရှိသည်ပဲ . . ။

အတွေးနဲ့အတူ နောက်ဆုံးနှစ်ရှိရာအခန်းများသို့ ထွက်လာခဲ့လိုက်လေသည်။ ဟိုရောက်တော့ အရာရာအဆင်ပြေသည်။ အရေးကြီးသောဘာသာရပ်အချိန်ဖြစ်၍ တန်းလုံးပြည့်နီးပါးလူရှိ၏။ ကော်ရေတာမှာရပ်၍ အာကာ့ထံသို့ လက်ပြကာစောင့်နေလိုက်ပါသည်။ ခဏကြာတော့ အတန်းပြီးသွား၍ အာကာထွက်လာသည်။ စိန်ကုလားက အဖြစ်မှန်ကို လျှို့ဝှက်ထားပြီး သက်မှူးနွယ်ကို သူပဲစိတ်ဝင်စားနေသလိုလို အကြောင်းက စုံစမ်းတော့ . .

"ကိုစိန်ကုလားက စိတ်ဝင်စားနေတယ်လည်းပြောသေးတယ် သက်မှူးနွယ်ကိုတောင် မတွေ့ဖူးဘူးလား"

စိန်ကုလား အကြံအိုက်သွား၏။ ဘာဆက်ပြောလို့ပြောရမှန်းမသိတော့။ အေးပြီးရောဆိုပြီး ပြောချင်ရာပြောပစ်လိုက်သော ကိုယ်ပါးစပ်ကို ရိုက်ပစ်ချင်စိတ်ပင် ပေါက်သွားသည်။ သို့သော် အခုမှတော့ မတတ်နိုင်တော့။ ရှိတဲ့ညဏ်အကုန်ထုတ်ပြီး ဖြီးရလေတော့သည်။

"ဒီလိုကွ . . . ငါ့သူငယ်ချင်းတစ်ယောက်နဲ့ ငါနဲ့ အလောင်းအစားလုပ်ထားတာ . . . သက်မှူးနွယ်က ဘယ်ယောကျ်ားလေးမှ အကပ်ခံတာမဟုတ်ဘူးဆိုပြီး ဒီကောင်က ပြောလို့ ငါလည်း မခံချင်ဖြစ်ပြီး ငါရအောင်လိုက်ပြမယ်လို့ ပြန်ပြောလိုက်တယ်ကွာ . . . အဲဒီမှာတင်"

ဒီလိုဇာတ်လမ်းမျိုးတွေ ဖြစ်လေ့ဖြစ်ထရှိတယ်ဆိုတော့ အာကာက သဘောပေါက်လိုက်လေသည်။ စိန်ကုလားရဲ့အကြောင်းပြချက်ကလည်း နှိုရှင်းသော်လည်း လက်ခံလို့ရ၏။ ထို့ကြောင့် သူကိုယ်တိုင် လိုက်ပြမယ်ဆိုပြီး





ခေါ်သွားသောကြောင့် အဆင်ပြေသွားလေတော့သည်။

ထိုစဉ် အောင်သန်းကြီးမှာ ချွေးဒီးဒီးကျနေရ၏။ သူ့ခမျာ သင်္ချာမေဂျာမှာ သူငယ်ချင်းလည်းမရှိ အသိလည်းမရှိ။ ဒါမျိုးလုပ်တယ်ဆိုတာ လူခံလောက်တော့ရှိထားမှ အဆင်ပြေနိုင်သည်။ အခုလို ဘယ်သူမှမရှိပဲ လာလို့ကတော့ ကိုယ့်နဲ့မရင်းနှီးသည့် အလှူတစ်ခုကို လာသလိုမျိုး ယောင်ပေပေဖြစ်နေတတ်သည်။

အောင်သန်းကြီး အတန်းရှေ့မှာ ယောင်ခြောက်ဆယ်လုပ်နေရင်း ပတ်ဝန်းကျင်ကို လှေ့လာလိုက်၏။ အသိမိတ်ဆွေတွေ့လို့တွေ့ငြား။ သို့သော် ဘယ်သူမှမတွေ့ . . ။ ခပ်လှမ်းလှမ်းမှာ သဘောကောင်းပုံရသော ကျောင်းသားတစ်ယောက် မတ်တပ်ရပ်နေတာတွေ့ရသည်။ ကြည့်ရတာ အတန်းထဲကိုလက်ပြရင်း တစ်ခုခုအော်ပြောနေဟန်ရှိသောကြောင့် သင်္ချာမေဂျာကဖြစ်ဖို့များသည်ဟု ထွက်လိုက်မိ၏။ ထို့ကြောင့် ထိုကျောင်းသားနားသို့ အသာတိုးကပ်သွားကာ . .

"သူငယ်ချင်းက ဒီမေဂျာကလားမသိဘူး"

ရုတ်တရက်ဆိုတော့ ထိုကျောင်းသားက သူ့ကိုလှည့်ကြည့်ကာ ကြောင်သွား၍ . .

"ဟို ဒီလိုပါ . . . ဒီမေဂျာမှာ သက်မှူးနွယ်ဆိုတာများရှိသလားလို့"

ကျောင်းသားက တစ်ခုခုသဘောပေါက်သွားဟန်နဲ့ ပြုံးလိုက်ကာ . .

"ကျွန်တော်က ဒီမေဂျာက မဟုတ်ဘူးဗျ . . . ကျွန်တော့်သူငယ်ချင်းဆီ ခဏလာတာ . . . ခု . . ခုန . . နာမည် ဘယ်သူ"

"သက် . . သက်မှူးနွယ်ပါ"

"သြော်"

ကျောင်းသားက ခပ်တွေတွေဖြစ်သွားသောကြောင့် အောင်သန်းကြီးအားတက်သွားလေသည်။

"သိ . . သိလားဟင်"

"မသိပါဘူး . . . ဗျာ"

အောင်သန်းကြီး စိတ်ညစ်သွား၏။ ဒီလူမလွယ်ဘူးဟု စိတ်ထဲမှတ်လိုက်ကာ ပြန်လှည့်လာခဲ့တော့သည်။ ထို့နောက် ကော်ရေတာတိုင်တွေကို မှီရင်း ဘာလုပ်ရမှန်းမသိတော့ဘဲ လူတွေကို ငေးကာကြည့်နေလိုက်ပါတော့သည်။

ယောကျ်ားလေးတစ်ယောက်ကို နာမည်သွားမေးတာထက် စာလျှင်ကျောင်းသူတစ်ယောက်ကို သွားစုံစမ်းတာကပိုပြီး သေချာလိမ့်ဦးမည်ဟု အောင်သန်းကြီးစဉ်းစားမိ၏။ ခပ်လှမ်းလှမ်းမှာတော့ ကျောင်းသူတစ်စု ကော်ရေတာပေါ် ချထားသော ခုံတန်းရှည်ပေါ် ငုတ်တုတ်ထိုင်နေတာတွေ့ရသည်။ အောင်သန်းကြီး ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ထိုကျောင်းသူတစ်စုထံလှမ်းသွားလိုက်ပါတော့သည်။ မျက်နှာမှာ ချွေးတွေပြန်နေ၍ အင်္ကျီလက်မောင်းစနဲ့ တစ်ချက်နှစ်ချက်သုတ်လိုက်သေး၏။

"ကျွန်တော့်ကို တစ်ခုလောက် ကူညီပါဗျာ"

အားလုံးက ကြောင်စီစီနဲ့ မော့ကြည့်သည်။ ခပ်ဝိုင်ဝိုင် ကျောင်းသူတစ်ဦးက အောင်သန်းကြီးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး . .

"ရှင် ဒုက္ခသည် ကယ်ဆယ်ရေးစခန်းနဲ့ တက္ကသိုလ်မှားလာပြီထင်တယ်"

"ခစ် . . ခစ် . . ခစ် မိနိုင်ကလည်း ဟယ် လူတစ်ဖက်သားကိုပဲ အဲဒီလိုတော့ မပြောပါနဲ့ အကြွေမရှိရင် မရှိဘူး ပြောလွှတ်လိုက်လည်း ပြီးတာပဲ ဆောတီးနော် . . . ကျွန်မတို့မှာ အကြွေမရှိလို့ပါ"

အောင်သန်းကြီး မျက်နှာတစ်ရာဒီဂရီဆင်တီဂရိတ်အထိ ပူတက်သွား၏။ ကောင်မလေးတွေက ဘာကြောင့်မှန်းမသိဘဲ အသားလွှတ်သူ့ကိုကြည့်ကာ တခစ်ခစ်ရယ်ကြသည်။ ထိုအထဲတွင် သဘောကောင်းပုံရသော ကျောင်းသူတစ်ဦးက အောင်သန်းကြီးဖြစ်နေပုံကို ကြည့်၍ အားနာသွားပုံရသည်။ အောင်သန်းကြီးကလည်း ရှက်ရှက်နဲ့ ပြန်လှည့်မလို့ ကြံစားလိုက်စဉ်

"ကျွန်မ သူငယ်ချင်းတွေနောက်တာပြောင်တာ စိတ်မဆိုးပါနဲ့ . . သူတို့က ဒီလိုပဲ . . . ကဲ . . ပြောပါဦးရှင့်ရဲ့လာရင်းကိစ္စ"





အောင်သန်းကြီးမှာ အရှက်အကြောက်ရှိသူတော့ မဟုတ်ပါ။ သို့သော် ဒီလိုကြိုတင်ပြင်ဆင်မှုမရှိဘဲ အပြောင်ခံလိုက်ရသောကြောင့် ရှက်တရက်ရှက်သွားရခြင်းဖြစ်သည်။ သူ့ကိုနောက်သည့် ကျောင်းသူတွေကိုလည်း သေချာမှတ်ထားလိုက်ကာ 'နောက်မှ တွေ့မယ်'ဆိုပြီး စိတ်ထဲကြိမ်းဝါးထားလိုက်ပါသည်။ ခုန သူ့ကိုပြောတဲ့ကျောင်းသူကိုတော့ ကျေးဇူးတင်စွာလှည့်ကြည့်၍-

"ဒီလိုပါ . . . ဟို . . ကျွန်တော် ဒီမေဂျာက သက်မှူးနွယ်ဆိုတဲ့ ကျောင်းသူနဲ့တွေ့ချင်လို့ပါ"

အော်ဟစ်ဆူညံနေကြတဲ့ ကျောင်းသူတွေအားလုံး အသံတိတ်သွားကြ၏။ ပြီးတော့ အချင်းချင်း တီးတိုးလှည့်ပြောနေကြသည်။

"သက်မှူးနွယ် . . . ညွှံ့သည်ဆိုပဲ"

ခုန အောင်သန်းကြီးကို လှမ်းပြောသည့် ကျောင်းသူကပင် . . .

"ဩော် . . . ရှင်က သက်မှူးနွယ် မိတ်ဆွေကိုး . . ခဏလေးနော် ခုနတော့ အခန်းထဲတွေ့လိုက်သေးတယ် . . . ဘယ်ကလို့ပြောလိုက်ရမလဲ"

အောင်သန်းကြီး ပါးစပ်ကယောင်ပြီး ထွက်သွား၏။

"ရွာကပါ"

ထိုကျောင်းသူက အခန်းပေါက်ဝဘက်လှည့်ကာ အသံကုန်ထုတ်၍ . .

"သက်မှူးနွယ် . . ဒီမှာတောက ဘကြီးလိုက်လာတယ်"

အတန်းလွှတ်ချိန်ဖြစ်၍ တစ်ခန်းလုံးရှိနေသောသူများ အောင်သန်းကြီးကိုကြည့်ကာ ဝိုင်းရယ်လိုက်ကြလေသည်။ အောင်သန်းကြီးဘဝက အခုမှ ငါးပါးမှောက်လေတော့သည်။

www.foreverspace.com.mm

**စိန်**ကုလားကတော့ တော်တော်လေး အဆင်ပြေသည်ဟု ပြောရမည်။ အာကာရဲ့ ကူညီပေးမှုကြောင့် သက်မှုနွယ်ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရသည်။ တွေ့တွေ့ချင်းပင် စိန်ကုလားက သက်မှုနွယ်နောက်သို့ နောက်သို့ နောက်ယောင်ခံလိုက်ရင်း ကဲန်တင်းရောက်လာ၏။ ထို့နောက် ခပ်လှမ်းလှမ်းမှာ ထိုင်တာ အခြေအနေကို လေ့လာလိုက်သည်။

သက်မှုနွယ်ကလည်း အပေါင်းအသင်းမပါဘဲ တစ်ယောက်တည်း ထိုင်နေတာတွေ့ရ၍ လှုပ်ရှားလို့ အကောင်းဆုံးအချိန်အဖြစ်သူက ရွေးချယ်လိုက်၏။ သို့သော် ချက်ချင်းတော့ မလှုပ်ရှားရဲသေး . . .။ နည်းနည်းတော့ စောင့်ကြည့်လိုက်သေးသည်။ တော်ကြာ ချိန်းထားတဲ့ သူငယ်ချင်းတွေ နောက်ကျနေတာမျိုးဆို ဒုက္ခရောက်မှာစိုး၍ . .

အတော်ကြာသည်အထိ သက်မှုနွယ်ကတစ်ယောက်တည်းဖြစ်နေ၍ စိန်ကုလား စားပွဲဝိုင်းမှထကာ ကောင်မလေးရှိရာသို့ လှမ်းသွားလိုက်ပါတော့သည်။

"လူရှိလားဟင်"

သက်မှုနွယ်က စိန်ကုလားကို မော့ကြည့်ကာ . .

"ရှင် မျက်လုံးကန်းနေလား . . . ဒီမှာ လူတစ်ယောက်လုံးမမြင်ဘူးလား"

စိန်ကုလားက ပြုံးဖြဲဖြဲလုပ်ကာဝင်ထိုင်ရင်း . .




www.foreverspace.com.mm

"မြင်သားပဲ . . . ဟဲ . . ဟဲ"

"နေ . . ပါဦး ရှင့်ကို ဘယ်သူဝင်ထိုင်ခိုင်းလို့လဲ"

"ဒေါသမကြီးစမ်းပါနဲ့ဗျာ . . . စိတ်ကလေးနည်းနည်းလျှော့ပါ . . ဒီက ကိစ္စရှိလို့လာတာ"

"ဘာကိစ္စလဲ . . . ဒါမျိုးတွေရိုးနေပြီ"

စိန်ကုလားနည်းနည်းတော့ ငြိမ်ကျသွားသည်။ အမှန်အတိုင်း ပြောရရင် ကိစ္စပြီးချင်လွန်းလို့သာ အရဲစွန့်ပြီးထွက်လာရချင်းဖြစ်သော်လည်း ဘာမှကြိုတင်ပြင်ဆင်မှုတွေလုပ်မလာခဲ့ . .။

"ဒီ . . ဒီလိုပါ"

ပြောရင်းနှင့် စကားခဏရပ်ကာစဉ်းစားလိုက်၏။ စကားကို တိုတိုလေးနဲ့ ထိအောင်ပြောဖို့ ဆုံးဖြတ်လိုက်လေတော့သည်။ ကောင်မလေးက ဆတ်ဆတ်ကြဲလေးဆိုတော့ ကြာရင်လွယ်မဲ့ပုံမပေါ်။ ရုပ်ကလေးကတော့ အတော်ချော၍ ဒီလောက်သည်းခံနေခြင်းပင် . .။

"ဒီမှာ . . ရှင့်ကိုဘယ်သူက မြှောက်ပေးလိုက်တာလဲ ပြောစမ်းပါ ဘာလဲ လောင်းကြေးစားကြေးလုပ်လာတာလား . . . ဒီလိုကြောင်တောင်ကျားတားတွေဝတ်ပြီး ကျွန်မကို စကားပြောရဲရင် ဘယ်လောက်ကြေး ဆိုတာမျိုး . . . ဟုတ်တယ်မလား . . . ရှုတ်ရှုတ်မလုပ်နဲ့ အူပွင့်သွားမယ် ဟွန်း"

"ဟာ . . ဘယ်ကလာ မဟုတ်ပါဘူး . . ကျွန်တော်က ကျောင်းသားကဒ်ကိစ္စလာတာပါ"

"ကျောင်းသားကဒ် . . . ဟုတ်လား"

"ဟုတ်တယ်"

သက်မှုနွယ်က စိန်ကုလားကို မျက်မှောင်ကြုတ်ပြီး ကြည့် . .

"ကျောင်းသားကဒ်က ကျောင်းသားသားရေးရာသွားရမှာ . . . ကျွန်မနဲ့ဘာဆိုင်လဲ"

စိန်ကုလားက ခေါင်းခါကာ စကားကို ဆက်လိုက်သည်။

"အဲဒါတွေထားစမ်းပါ . . ကျွန်တော်မေးတာသာဖြေ . . . ခင်ဗျား

မှာ ကျောင်းသားကဒ်ပျောက်လား"

သက်မျှးနွယ် တစ်ချက်တော့ တွေဝေသွားသည်။ သို့သော် ခဏသာ ဖြစ်ပြီး ချက်ချင်းမျက်နှာပြန်တင်းသွားကာ . . .

"ပျောက်ပျောက် မပျောက်ပျောက် ရှင့်အပူမပါဘူး . . . ရှင်က ဘာလုပ်မလို့လဲ"

စိန်ကုလားရင်ထဲမှာ တော်တော်လေးတော့ စိတ်တိုသွားမိ၏။ သူက ဒီလောက်ကောင်းကောင်းပြောနေတာတောင် အခုထိ ဒေါသနဲ့ တုံ့ပြန်နေသော သက်မျှးနွယ်ကို ဒေါသထွက်သွားသည်။

"ခင်ဗျားက ဘယ်လိုလဲဗျ . . . ကျုပ်က အကောင်းနဲ့လည်း လာမေးရသေးတယ် . . . ပျောက်ရင်ပျောက်တယ် . . . မပျောက်ရင် မပျောက်ဘူးပေါ့"

စိန်ကုလားဒေါသထွက်သွားတာတွေ့ရ၍ ကောင်မလေးမျက်နှာကြော နည်းနည်းပြန်လျော့သွားလေသည်။

"ထားပါတော့ . . . ကျွန်မ ကျောင်းသားကဒ်နဲ့ ရှင်နဲ့က . . ."

"ကျွန်တော် ကျောင်းသားကဒ်တစ်ခုကောက်ရထားလို့ အဲဒါ သက်မျှးနွယ်ဆိုတဲ့ နာမည်ပါနေတယ် . . . ခင်ဗျားများ ကျောင်းသားကဒ်ပျောက်သလားလို့ပါ"

ကောင်မလေး မျက်နှာချက်ချင်းရွှင်လန်းသွား၍ . . .

"ပျောက်တယ် . . . ပျောက်တယ် . . . ဘယ်မှာလဲဟင်"

စိန်ကုလားထခုန်မတတ် ဝမ်းသာသွားလေတော့၏။





"ကဲ . . . ပြောစမ်းပါဦး . . . ရှင်က ဘယ်ရှာတာလဲ"

"ဟို . . . ဟိုဟာလေ . . . ဘာမှမဟုတ်ပါဘူး"

"ဘာမှမဟုတ်ရင် ကျွန်မကို လှမ်းခေါ်ပြီး နောက်တာပေါ့ ဟုတ်လား"

"ဟာ . . . အဲဒီလိုလဲ မဟုတ်ပါဘူး . . . တကယ်ခေါ်တာပါ . . ဒီလိုပါ ကျွန်တော်က တောက မဟုတ်ပါဘူး . . . ရန်ကုန်ကပါ"

"ဟင် . . . ခုနသူတို့ပြောတော့ တောကဘကြီးဆို"

အောင်သန်းကြီးရှာလည်နေလေပြီ . . . သက်မျှးနွယ်တို့အုပ်စုကလည်း မိန်းကလေး အင်အားတောင့်တော့ အောင်သန်းကြီးကို ဝိုင်းရစ်ကြ၏။ အောင်သန်းကြီး အသက်ရှူမမှားအောင် သေချာသတိထားရှူကာ . . .

"အလကားပြောတာ . . . မ . . . မဟုတ်ပါဘူးဗျာ"

"ဘာရှင့် . . . ရှင်ခုနပြောတော့ ရွာက လာတာဆို . . . ယောကျ်ားကြီးတန်မဲ့နဲ့ ဘလောင်းဘလဲမလုပ်နဲ့နော်၊ ရှင်ပြောတာ အားလုံးကြားတယ်. . မယုံရင် ဒီမှာထိုင်နေတဲ့ သူတို့ကိုမေးကြည့်"

ထိုင်ခုံမှာ ထိုင်နေတဲ့ ကျောင်းသူက ဆတ်ခနဲထကာ အောင်သန်းကြီးကို ရန်တွေ့၏။ လှည့်ကြည့်လိုက်တော့ သူ့ကိုခုနကူညီသည့် ကျောင်းသူဖြစ်နေလေသည်။ ဘေးက ကျောင်းသူတွေကလည်း ဝင်၍ . .

"ဟုတ်တယ် . . . သက်မျှးနွယ် . . . သူခုန နင့်နာမည်လာမေးပြီး



www.foreverspace.com.mm

ငါတို့ကိုလာစုံစမ်းတယ် . . . ပြီးတော့ သူ့ကိုယ်သူ ရှာက လာတာတဲ့ . . . ရှင်မလိမ်နဲ့ . . . မလိမ်နဲ့"

အောင်သန်းကြီး မျက်နှာမှာချွေးတွေမြင်မကောင်းတော့ပေ . .။ မနက်က လိမ်းလာတဲ့ ပရိုမီနာနဲ့ ချွေးနဲ့ရောကာ ပြာနောက်နောက်ဖြစ်လာသည်။ သက်မှူးနွယ်တို့ကလည်း အောင်သန်းကြီးတစ်ခုခု လာကြောင် မှန်းရိပ်မိသည်။ သို့သော် ကြုံတုန်းလေး ပညာပေးဦးမှဆိုပြီး အတိုင်ဖောက် ညီညီလုပ်နေခြင်းပင် . .။

"ဒီလိုပါဗျာ . . . တောင်းပန်ပါတယ်နော် . . . အင့် . . အွတ်"

"ဘာလဲ . . . ရှင့်ဟာက"

"တံတွေး . . တံတွေးသီးသွားလို့ပါ"

"ထားပါတော့ . . . ရှင်းစမ်းပါဦး"

"ဟိုဟာလေ"

"ဘယ်ဟာလဲ"

"ဟို . . . ဟာမဟုတ်ဘူး . . ကျွန်တော် အရေးကြီးလို့ လာတာ . . . အဲဒါ ပြောတာ"

"ရှင်နဲ့ ကျွန်မနဲ့ အရင်က မသိပါဘူး . . . လူမှားလာတာလား"

"မမှားဘူး ခင်ဗျားနာမည် သက်မှူးနွယ်မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါဆို မမှားဘူး . . သေချာတယ် ခင်ဗျားပဲ . . . ဒါနဲ့ ခင်ဗျား ကျောင်းသားကဒ်လေး ဘာလေးပျောက်လား"

"ကျောင်းသားကဒ်"

သက်မှူးနွယ်ရေရွတ်ပြီး ရုတ်တရက်မျက်နှာတည်ကာ သွားလေသည်။ ထို့နောက် တဖြည်းဖြည်းပြုံးလာ၍ . .

"အဲဒီကျောင်းသားကဒ်က ရှင့်ဆီမှာလားဟင် . . . ဟုတ်လား"

ဟု အောင်သန်းကြီးကို အလောတကြီးထမေးလိုက်တော့ . .

"ခင် . . ခင်ဗျား ကဒ် . . ကျောင်းသားကဒ်ပျောက်တယ်ဟုတ်လား"





ကောင်မလေးက မျက်ဝန်းတောက်တောက်လေးများနှင့် ခေါင်းညိတ်လိုက်ကာ အောင်သန်းကြီးကိုကြည့်၍ . . .

"အင်း"

အောင်သန်းကြီး ဝမ်းသာအားရထခုန်လိုက်ကာ . . .

"ဟေး"

ကောင်မလေးတွေကို နှုတ်ဆက်ပြီး တစ်ချိုးတည်းလစ်ထွက်လာခဲ့လေတော့သည်။

www.foreverspace.com.mm

မြင့်နဲ့ ကျော်ကြီးတို့ကလည်း လူခွဲပြီး စုံစမ်းကြ၏။ သူတို့ကတော့ စိန်ကုလားတို့လို မဲနှဲခွဲပြီး စုံစမ်းခြင်းမဟုတ်။ ကြီးမြင့်က ဘူမိဗေဒမှာ သူငယ်ချင်းရှိ၍ ကျောက်ကြည့် ပြုံးလေးကိုရွေးလိုက်ကာ ကျော်ကြီးကလည်း ဓာတုဗေဒမှာ သူငယ်ချင်းရှိ၍ ဓာတုသက်မှူးနွယ်တို့ကို ကိုယ်စီရွေးလိုက်ကြသည်။ ထို့နောက် သူတို့သည် သက်ဆိုင်ရာမေဂျာတွေဆီ ထွက်သွားကြလေတော့သည်။

ထုံးစံအတိုင်း သူငယ်ချင်းတွေဆီက စုံစမ်းလိုက်တော့ သက်ဆိုင်ရာ သက်မှူးနွယ်တွေကို အလွယ်တကူတွေ့ကြ၏။ ကြီးမြင့်က သူ့ရဲ့သက်မှူးနွယ်ကို အတန်းထဲမှာပင်တွေ့လိုက်ရသည်။ နေ့လယ် အတန်းနားချိန်ဖြစ်၍ သူကလည်း မရှိသလောက်နည်းပါးနေ၏။ စားပွဲခုံပေါ် ခေါင်းချပြီး ပြုံးပြုံးလေး အိပ်ပျော်နေသော ကျောင်းသားနှစ်ယောက်နှင့် ပါးစပ်လှုပ်ရုံလေး တိုးတိုးကပ်ကာ ဘာတွေပြောနေကြမှန်းမသိသော စုံတွဲတစ်တွဲသာရှိသည်။ သက်မှူးနွယ်ကတော့ ရှေ့ဆုံးတန်းက ခုံမှာထိုင်ပြီး လက်သုံးလုံးလောက်ထူသည့် စာအုပ်ကို သည်းကြီးမည်းကြီး ဖတ်နေ၏။ စာအုပ်ကို ဖတ်ပြီးသွားတော့ မျက်နှာကျက်ကြီးကို မော့ကြည့်ကာတွေတွေကြီးငေးပြီး တွေးပြန်သည်။ တော်တော်လေးကြာအောင် အားရပါးရတွေးပြီး စာကိုပြန်ဖတ်၏။ တစ်ချက်တစ်ချက်ဘေးမှာချထားတဲ့ လက်သီးဆုပ်လောက် ကျောက်တုံးလေးကို လှည့်လှည့်ကြည့်သည်။

ကြီးမြင့်က သက်မှူးနွယ်အနားကို သူခိုးကွက်နင်းကာ ကပ်သွား





လိုက်သည်။ အနားရောက်တော့ သက်မှူးနွယ်ကလည်း သူ့ကိုမော့မကြည့်၍ ရစ်သီရစ်သီနှင့် ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်သွားလေ၏။ သက်မှူးနွယ်ကတော့ ကြီးမြင့်ကို အတန်းထဲက ကျောင်းသားတစ်ယောက်ထင်၍ မော့မကြည့်။ အမှန်ကြီးမြင့်တွေးထားတာက အဲဒီလိုမဟုတ်။ သက်မှူးနွယ်နားသူက ချဉ်းကပ်သွားမည်။ အနားရောက်တော့ သက်မှူးနွယ်က သူ့ကိုမော့ကြည့်လျှင် ရယ်ပြကာ စကားစဖို့ . .။

အခုတော့ သက်မှူးနွယ်က စာအုပ်ပဲ မဲဖတ်နေ၍ ယောင်ပေပေဖြစ်သွားရခြင်းပင် . .။

"အဟမ်း"

ချောင်းသံတစ်ချက်ပေးလိုက်သည်။ သက်မှူးနွယ် မလှုပ်သေး။

"အဟမ်း . . ဟမ်း"

နောက်တစ်ချက်ထပ်ပေးသည်။ လုံးလုံး ငုတ်တုတ် . .။

"အဟမ်း . . . ဟမ်း . . ဟမ်း . . . ခွပ် . . . ခွပ်"

ချောင်းသံအပေးများ၍ သလိပ်ကပ်ကာသေတော့မလိုဖြစ်သွား၏။ အသံလည်း တော်တော်ကျယ်သွားသောကြောင့် နောက်ဆုံးခုံက စုံတွဲက လှမ်းကြည့်သည်။ ပြီးတော့ ယောကျ်ားလေးဖြစ်သူက ကြီးမြင့်ကိုကြည့်ပြီး သက်မှူးနွယ်ကို မျက်စပစ်ပြကာ နားထင်မှာ လက်ထောက်ပြီးခါပြ၏။

သက်မှူးနွယ် . . . ဂေါက် . . . နေတယ်ဆိုတဲ့သဘော . .။

ကြီးမြင့် စိတ်မရှည်တော့၍ အသံခပ်ကျယ်ကျယ်ဖြင့် . .။

"ဒီမှာ ခင်ဗျ . . . ဒီမှာ"

အဲဒီတော့မှ သက်မှူးနွယ်က ဘာပါလိမ့်ဆိုတဲ့သဘောနဲ့အသာမော့ကာကြည့်လေသည်။ ကြီးမြင့်ပျော်သွားပြီး ပြုံးပြလိုက်ကာ . . .

"ဒီက သက်မှူးနွယ်နော်"

သက်မှူးနွယ်က ပြုံးပြုံးလေး ကြီးမြင့်ကိုကြည့်၏။ ကြီးမြင့်အားတက်လာကာ . .

"ကျွန်တော် ကြီးမြင့်ပါ . . သက်မှူးနွယ်ကို မေးစရာလေးရှိလို့ပါ"

သက်မှုန်နွယ်က ခေါင်းညိတ်ပြပြီး စကားတစ်ခွန်းမှမပြော။ ပြီးတော့ သူ့ဘေးနားလာထိုင်ဆိုပြီး ခုံကိုလက်နဲ့ ပုတ်ပြကာဘေးနားနည်းနည်းတိုးပေးလေသည်။

ကြီးမြင့် သူ့ကိုယ်သူအထင်ကြီးသွားသည်။ အချိန်တိုတိုအတွင်း အတော်ခရီးပေါက်သွားတဲ့အပြင် အတူယှဉ်တွဲကြည်နူးခွင့်လေးပါရသွား၍ ပျော်ပြီးဝင်ထိုင်ပစ်လိုက်၏။

"ဟီး . . ဟီး . . ဟီး . . ကျွန်တော်က သက်မှုန်နွယ်ကို မြင်မြင်ချင်း လန့်နေတာဗျ . . . အခုမှ ဒီလောက်သဘောကောင်းမှန်းသိတယ် . . ကျွန်တော့်ကိုလည်း သူငယ်ချင်းတစ်ယောက်လို ခင်နိုင်ပါတယ် . . ကျွန်တော်က အီးမေဂျာက"

သက်မှုန်နွယ်က ခေါင်းပဲညိတ်ပြသည် ဘာမှမပြော။ ပြီးတော့ လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ထုတ်ကာ ဖွင့်ပြီး ကြီးမြင့်ကို စာတွေရှင်းပြလေတော့သည်။ ကြီးမြင့် အူကြောင်ကြောင်နဲ့ ဘာလုပ်ရမှန်းမသိတော့။

"သက် . . . သက်မှုန်နွယ် . . ကျွန်တော် . . ကျွန်တော်က"

"ဒီအပုဒ်က အရေးကြီးတယ် . . . မမတို့တုန်းကလည်း မေးခဲ့တယ် အခုမောင်လေးတို့လည်း မေးချင်မေးနိုင်တယ်"

"ဟုတ်ကဲ့ပါ . . ကျွန်တော် ကျက် . . ဟာ . . မဟုတ်ဘူး . . . ကျွန်တော်က သက်မှုန်နွယ်ဆီ စာလာသင်တာမဟုတ်ဘူး"

ကြီးမြင့်က ကြောင်စီစီနဲ့ ကြည့်ပြီး ပြောတော့ သက်မှုန်နွယ် စာပြနေရင်းမှ ခဏရပ်သွားကာ ကြီးမြင့်ကို ကြည့်သည်။ ပြီးတော့မှ မျက်မှောင်ကြုတ်ကာ နားနှစ်ဖက်ထဲမှ ဂွမ်းစတွေကို ဆွဲထုတ်လိုက်ပြီး . .

"ဟန်"

"ဟို . . ဟို ကျွန်တော်က သက်မှုန်နွယ်ဆီ စာသင်ဖို့လာတာမဟုတ်ဘူးလို့"

အဲဒီအချိန်မှာပဲ သူတို့နားသို့ ကျောင်းသားတစ်ယောက်ရောက်လာပြီး

"မသက်မှုန်နွယ်လားဟင်"





သက်မှုန်နွယ်က ရုတ်တရက်မကြား၍ ကြီးမြင့်ကပဲ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်ရသည်။ ကြီးမြင့်ခေါင်းညိတ်ပြတာတွေ့မှ သက်မှုန်နွယ်က ထိုကျောင်းသားကို လှည့်ကြည့်၏။ တစ်ခုခုတော့ လွဲမှားနေပြီဖြစ်ကြောင်း ကြီးမြင့်တွေးမိသည်။ 'မဟုတ်မှလွဲရော သက်မှုန်နွယ်နားလေးနေလားမသိဘူး' ဆိုပြီး တွေးနေမိ၏။ ထိုအချိန်မှာပင် ကျောင်းသားနဲ့ သူမနဲ့ စကားတော်တော်များများပြောဖြစ်ကြသည်။ ကျောင်းသားက တစ်ချက်တစ်ချက် သက်မှုန်နွယ်မကြား၍ အော် အော်ပြောရသည်။

"မမခေါ်လွှတ်လိုက်လို့ပါ အမေက စာပြပေးမယ်ဆိုလို့"

"အေးအေး ဟုတ်တယ် မမခေါ်လွှတ်လိုက်တာ မင်းလား"

"ဟုတ်ကဲ့"

"ဟင် ဒါဆို သူက ဘယ်သူလဲ"

ကြီးမြင့်ကို လက်ညှိုးထိုးပြတော့ ထိုကျောင်းသားက ကြောင်စီစီဖြင့်-

"သိဘူးလေ"

သက်မှုန်နွယ် ကြီးမြင့်ဘက်သို့ ရုတ်တရက်လှည့်ပြီး . .။

"ရှင် ဘယ်သူလဲ . . . မှန်မှန်ပြောစမ်း . . . ဘာဖြစ်လို့ ကျွန်မ သူငယ်ချင်းမောင်လေးယောင်ဆောင်ရတာလဲ"

"ဗျာ"

ကြီးမြင့် ပါးစပ်အဟောင်းသားဖြစ်သွားစဉ် . . .

"ရှင့်ကို ပါချုပ်နဲ့တိုင်မယ် . . . ဒါ ကျွန်မကို အသရေဖျက်တာ"

ကြီးမြင့် ခေါင်းကြီးသွား၏။ ရုတ်တရက် သက်မှုန်နွယ်နားမှ တော်တော်ဝေးဝေးသို့ ရွှေ့ထိုင်လိုက်ပြီး . .

"ကျွန်တော် . . . ကျွန်တော် . . . ခင်ဗျားကို အစောကြီးကတည်း စာလာသင်တာမဟုတ်ပါဘူးလို့ ပြောသားပဲ ခင်ဗျားက လက်မခံဘဲ စာတွေပဲ အတင်းရှင်းပြနေတာကိုး"

"မဟုတ်ဘူး . . မဟုတ်ဘူး . . ကျွန်မက မေခ မောင်လေးထင်ပြီး ရှင့်ကို ထိုင်ခိုင်းတာ . . . ရှင်က ဘာလို့ ကျွန်မ နားလာထိုင်လဲ"



www.foreverspace.com.mm

"ခင်ဗျားထိုင်ခိုင်းတာကိုး . . . ဘယ်သိမလဲ"

"ကျွန်မက ကျွန်မ သူငယ်ချင်း မောင်လေးထင်လို့ပေါ့ . . . မရဘူး တိုင်ကိုတိုင်မယ်"

ပြောပြောဆိုဆိုနှင့် သက်မှူးနွယ်က လွယ်အိတ်ထဲ စာအုပ်တွေ ကောက်ထည့်ပြီးထသည်။ ထို့နောက် နားနှစ်ဖက်ကို ဂွမ်းပြန်ဆို့ပြီး ကြီးမြင့်ကို လိုက်ခဲ့ဆိုပြီးခေါ်၏။ ကြီးမြင့်မျက်နှာ ဆီးရွက်လောက်ပဲရှိလေတော့သည်။ သက်မှူးနွယ်မျက်နှာကတော့ ခရမ်းချဉ်သီးလို ရဲတွတ်နေ၏။ ကြီးမြင့်အသံ တုန်တုန်ဖြင့် . .

"ကျွန်တော့်ကိုယ် ကျွန်တော် အီးမေဂျာကလို့ ပြောပါတယ်ဗျာ"

"ဘာ . . ဘာရှင် မိုက်ရိုင်းလှချေလား . . . ဒါစာသင်ခန်းကို ရှင် . . . ရှင်"

ကြီးမြင့်တင်မဟုတ် ဘေးက ကျောင်းသားလေးပါ အူကြောင်ကြောင် ဖြစ်သွား၍ . .

"အစ်မ သူဘာပြောလိုက်လို့လဲ . . . သူပြောတာ ဘာရိုင်းလို့လဲ ဟင်"

"သူက စာသင်ခန်းကို အိမ်သာလုပ်ချင်နေတာ"

ကျောင်းသားက ခေါင်းကိုကုပ်သည်။ ကြီးမြင့် ကိုယ့်လျှာကိုယ်ကိုက် ပစ်လိုက်သည်။ တော်တော်နာသွား၍ အိပ်မက်မဟုတ်မှန်းသိသွား၏။ သူ့ဘဝ ကတော့ ဘာသာစကားချင်းဖလှယ်လို့မရသည့် လူရိုင်းတွေကြားထဲရောက်နေ သလို စိတ်ပျက်သိမ်ငယ်ကာသွား၏။

"သူပြောတဲ့ စကားမှာ အိမ်သာမပါပါဘူးဗျာ"

သက်မှူးနွယ်က ကျောင်းသားလေးပြောတဲ့ စကားကိုမသဲကွဲ၍ နား တစ်ဖက်က ဂွမ်းကို ဆွဲထုတ်ပြီးနောက် တစ်ခေါက်ထပ်ပြောစေသည်။ ကျောင်း သားလေးက နောက်တစ်ခေါက်ထပ်ပြောရသည်။ အဲဒီတော့မှ . . .

"ဘယ်ကလာ သူက ဒီမှာ အီးပါချမလို့ဆို"

ကျောင်းသားလေး မျက်လုံးပြူးသွားကာ . .





"မဟုတ်ပါဘူးဗျာ . . . သူက အီးမေဂျာကလို့ ပြောတာပါ"

အဲဒီတော့မှ သက်မှူးနွယ်က သဘောပေါက်သွားပြီး တစ်ချက်ငြိမ် သွားသည်။ သို့သော် မကျေနပ်သေး၍ ပြဿနာဆက်ရှာ၏။ သူပြောတဲ့ စကား တိုးလိုလို ပါချုပ်နဲ့ တိုင်မယ်ဆိုတာကမဆင်းပေ။

ကြီးမြင့်ခေါင်းအေးအေးထားပြီး စဉ်းစားရပြီ . .။ သက်မှူးနွယ် လက် ကဂွမ်းနဲ့ သက်မှူးနွယ်ရဲ့ နားပေါက်၏ ဆက်သွယ်မှုကို ဆက်စပ်တွေးကြည့် ကာသဘောပေါက်သွား၏။ ထို့ကြောင့် အလျင်အမြန်ပင် နားရွက်ထဲဂွမ်းပြန် မဆို့မီ အမိအရရှင်းပြရတော့၏။ သူက ဘူမိကမဟုတ်ကြောင်း၊ အီးမေဂျာက ဖြစ်ကြောင်း၊ ပြီးတော့ အစောကြီးကတည်းက သူအမှန်အတိုင်းပြောကြောင်း ဒါကို သက်မှူးနွယ်က နားကြားလွဲခြင်းဖြစ်ကြောင်း စသည်ဖြင့် ဆင်အော်သလို အော် ပြောရ၏။ နောက်ဆုံးတန်းမှာ ထိုင်နေတဲ့ ဓိုတွဲကလည်း သက်မှူးနွယ်ကို ဖြစ်ကြောင်းကုန်စင် အစအဆုံးဝင်ရောက် ရှင်းပြသည်။ အိပ်မောကျနေတဲ့ ကျောင်းသားနှစ်ယောက်ကတော့ ရုတ်တရက်နိုးလာ၍ ဘာမှန်းညာမှန်းမသိ။

အဲဒီတော့မှ သက်မှူးနွယ်က ရှက်ရှက်ဖြင့် . .

"တိုးတိုးပြောကြပါ ကျွန်မက နားမလေးပါဘူး . . . ဟို . . ဟိုနေ့ က ခါင်းလျှော်ရင်း နားထဲရေဝင်ပြီး နားစည်အူနေလို့ ဆေးထည့်ထားတာ အဲ ဒါကြောင့် သိပ်မကြားဘူး"

ကြီးမြင့် အဲဒီတော့မှ သက်ပြင်းကိုချရသည်။ ပြီးတော့ လာရင်းကိစ္စ ကိုစရတော့သည်။

"ကျွန်တော်လာတာ ကျောင်းသားကဒ်ကိစ္စပါ။ ဒီက သက်မှူးနွယ်များ ကျောင်းသားကဒ်ပျောက်သလားလို့"

သက်မှူးနွယ်မျက်နှာက ထိုစကားကို ကြားကြားချင်း ရုတ်တရက် တည်သွားလေသည်။ တစ်ခုခုကို စဉ်းစားသွားပြီးမှ မျက်နှာက တဖြည်းဖြည်း ဝင်းလာပြီး . .

"အဲဒီကျောင်းသားကဒ်က ရှင့်ဆီမှာလား"

"ဗျာ"



www.foreverspace.com.mm

www.foreverspace.com.mm

“ရှင်လည်း နားထဲရောင်ထားတယ် ထင်တယ် . . . အဲဒီ့ကဒ်ရှင့် ဆီမှာလားရှင့်”

“ဟုတ် . . ဟုတ်ပါတယ်”

ကြီးမြင့်ရင်ခုန်သွားသည်။ သက်မှူးနွယ်က ဆက်ပြီး . .

“အဲဒါဆို ပြန်ပေးလေ”

“ခင် . . . ခင်များပျောက်တယ် ဟုတ်လား”

“မပျောက်ဘဲနဲ့ ကျွန်မက တောင်းပါ့မလား”

ကြီးမြင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ကြောက်ရပ်လို ရပ်ကာသွား၏။ ပြီးတော့မှ အသိဝင်လာတာ . .

“တ . . . တကယ်နော် . . . ဒါဆို ကျွန်တော့်မှာ အခုမပါဘူး . . နောက်တော့ လာ . . လာပေးမယ် . . . ခင်များတကယ်နော်”

သက်မှူးနွယ်က လိမ်ပါ့မလားဆိုတဲ့ မျက်နှာပေးလုပ်ပြတော့ ကြီးမြင့် ပျော်ကာနှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

ကြီးမြင့်နောက်ကျောကိုကြည့်ပြီး သက်မှူးနွယ်ပြုံးတယ်ဆိုရုံလေး ပြုံးလိုက်လေသည်။ ထိုအပြုံးကို သူမကလွဲပြီး ဘယ်သူမှသတိမထားမိလိုက်ပေ။ ထိုအပြုံး၏နောက်ကွယ်တွင် . .။

ကြီးမြင့်ကတော့ ပျော်ပျော်ပါးပါးကြီး ခုန်ပေါက်ကာ အဆောင်ထဲမှ ပြေးထွက်ခဲ့လေတော့သည်။





www.foreverspace.com.mm

ဘာ နံ့ကြီးလဲမသိဘူး’ဆိုပြီး ကောင်မလေးက ပြော၏။ ထို့နောက် ဟိုကြည့်ဒီကြည့်လုပ်ပြီး အနံ့လာရာ အရင်းအမြစ်ကိုရှာရာ ကျော်ကြီးကို သွားတွေ့သည်။ ကျော်ကြီးက သူတို့ကို မကြောင်ကြောင်နဲ့ရပ်ပြီး မျက်တောင်လေးပုတ် ခတ်ပုတ်ခတ်လုပ်နေတာတွေ့လိုက်၍ . .

“အဲဒါ ရှင့်ဆီကလား”

ကျော်ကြီးက ကောင်မလေး ဘာပြောမှန်းမသိ၍ ကြောင်တောင်တောင်နဲ့ကြည့်နေသည်။ ကောင်မလေး ထပ်မေးမလို့ လုပ်စဉ် သက်မှူးနွယ်က ဝင်တားလေသည်။

“နေပါ နေခြည်ရယ် ပြောမနေပါနဲ့ထားလိုက်ပါ”

“ထားလို့မရဘူး ဒါသက်သက်ငါတို့ကိုလုပ်တာ”

“ဪ . . . အဲဒါဆိုတော့ သူတမင်တကာ လုပ်လာမယ်မထင်ပါဘူး”

“ပြောလို့ရမလား ရုပ်ကိုကြည့်ပါလား . . ”

သက်မှူးနွယ်နဲ့သူမ သူငယ်ချင်းကောင်မလေးတို့ပြောနေတာတွေကို ကျော်ကြီး ဘာမှနားမလည်။ ဒါပေမယ့် သူ့ကိုပြောနေတာတော့သိသည်။ ကျော်ကြီးနှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ သူ့တို့ပြောတဲ့ အနံ့ကိုရှူကြည့်သည်။ ရုတ်တရက်ဆိုတော့ ဘာနံ့မှမရသေးသော်လည်း နောက်တော့ . .

“ချေး . . . ချေး . . . ချေးနံ့ . . . ချွေးချေးနံ့”

ရုတ်တရက်တိုးဝင်လာတဲ့ အနံ့ကြောင့်ကျော်ကြီးခေါင်းကြီးသွား၏။ ခေါင်းကိုဘယ်ညာရမ်းကာ ရှာသည် မတွေ့။ အနံ့က တဖြည်းဖြည်းပြင်းထန်လာ၏။ ထို့နောက် ကောင်မလေးနှစ်ယောက်ကို ကြောက်လန့်တကြားမော့ကြည့်ရင်း . .

"အဲဒါ . . . ကျွန်တော်. . . ကျွန်တော့်ဆီကမဟုတ်ဘူး. . . နော်"

ကြောက်လန့်တကြားနှင့် ပြောမိပြောရာ ပြောလိုက်ခြင်းဖြစ်သည်။ သက်မှူးနွယ်တို့ကလည်း ကျော်ကြီးကို မျက်စောင်းထိုးကာ ဆက်လျှောက်၏။ ကျော်ကြီး ကြောင်တောင်တောင်နှင့်ဆက်လိုက်လာသည်။ ကောင်မလေး နှစ်ယောက်ကလည်း သူ့ကို ဘာစကားမှ လှည့်မပြောတော့ . .။ သက်မှူးနွယ်က ဆိုနှာခေါင်းကို လက်နဲ့ပိတ်ထားတာကို အခုထိမဖြုတ်သေး။

ကျော်ကြီးစိတ်ထဲမှာ ခုနနေရာမှာ ချေးပါသွားတဲ့ခွေးကို ပယ်ပယ်နယ်နယ်ဆဲပစ်လိုက်၏။ ခွေးချေးကြောင့် ပျက်ယွင်းသွားသော အခြေအနေကိုလည်း အမြန်ပြန်လည်တည်ဆောက်ရသည်။

"ဟို . . . ခဏလေးနေပါဦးဗျာ"

"နေခြည် . . . ဟိုမှာ ဘာပြောနေလဲမသိဘူး"

"ထားလိုက်ပါဟာ . . . လှည့်ကြည့်မနေနဲ့"

ကျော်ကြီးခေါင်းကိုကုပ်ကာ ဆက်လိုက်လာ၏။ တဖြည်းဖြည်းနှင့် ဘွဲ့နှင်းသဘင်ရှေ့ ကွက်လပ်ကိုရောက်ခါနီးနေပြီဖြစ်ကြောင်း သတိထားမိသည်။ သူတို့နှစ်ယောက်ကြည့်ရတာ ဘွဲ့နှင်းသဘင်ရှေ့သွားမယ့်ပုံပင်။ သူငယ်ချင်းတွေနဲ့များ ချိန်းထားသလားမသိ။ အဲဒါဆို ဟိုရောက်ရင် ပြဿနာတွေပိုရှုပ်သွားနိုင်သည်။ မိန်းကလေးတွေ သဘောအရ လူအုပ်စုတောင့်ပြီဆိုလျှင် ကျားတစ်ကောင်ရဲ့ နှုတ်ခမ်းမွေးကိုတောင် နုတ်ဖို့ဝန်လေးသူများမဟုတ် . .။ ဒါကြောင့်။

"ကျွန်တော် ဆက်မလိုက်တော့ဘူးဗျာ . . ဒီနားမှာ ခဏရပ်ပါဦး"

နေခြည်ဆိုတဲ့ကောင်မလေးက လှည့်ကြည့်ပြီး . .

"ဘာလို့ရပ်ရမှာလဲ . . . ကျွန်မတို့ဟာ ကျွန်မတို့သွားနေတာ





ရှင့် အပူပါလား"

"မပါ ပါဘူး"

"အေး . . . မပါရင် မပြောနဲ့"

"ဟို . . . အဲဒီလိုလည်းမဟုတ်ဘူးဗျ အရေးကြီးတယ်"

ကောင်မလေးနှစ်ယောက်က ဘာမှမပြောတော့ပဲ ဆက်လျှောက်သည်။ ဘယ်သူတွေ ဘာပဲပြောပြော ဂရုမစိုက်ဘူးဆိုတဲ့ဟန်မျိုး။

"ဒီလိုပါ . . . ဒီက သက်မှူးနွယ်ရဲ့ ကျောင်းသားကဒ် ကျွန်တော်ကောက်ရထားလို့ အဲဒါလာမေးတာပါ . . . တကယ်လို့ ပျောက်ရင်ပြန်ပေးချင်လို့"

ကောင်မလေးနှစ်ယောက် ရုတ်တရက် ရပ်သွားကြသည်။ နေခြည်က တွေတွေဝေဝေနဲ့ သက်မှူးနွယ်ကိုကြည့်၏။ သက်မှူးနွယ်၏ မျက်နှာသည် ပထမစိတ်ဝင်စားဟန်မှ အံ့ဩဟန်ပြောင်းသွားပြီး . . .

"အခု . . . အခု ပါလာလားဟင်"

"အခုတော့ ဘယ်ပါမလဲဗျ . . . ကျွန်တော်က သေချာသလား လိုက်မေးတာ ခင်ဗျားကဒ်ပျောက်လား"

"ပျောက်တယ် . . . ပျောက်တယ် . . . အဲဒါပြန်ပေးပါ"

ကျော်ကြီးရင်ထဲမှာ အပျော်တွေ လှိုင်းထကာသွားသည်။ ရုတ်တရက်ဆိုတော့ အပျော်လွန်ပြီး ကြောင်တောင်တောင်ကြီးရပ်သွား၏။ နောက်မှ . .

"အဲဒါဆို သွားလိုက်ဦးမယ်နော်" ဆိုပြီး လှည့်ပြေးသွားလေတော့သည်။

နေခြည်က သက်မှူးနွယ်ကို နားမလည်နိုင်သလိုကြည့်၍ . .

"နင့်ကျောင်းသားကဒ်ပျောက်နေတာ ငါတို့တောင် မသိပါလား"

သက်မှူးနွယ်က ပြုံးရုံကလေးပြုံးပြလိုက်ပါသည်။



www.foreverspace.com.mm

သားစိုးနဲ့အောင်ပုကတော့ အားလုံးထဲမှာ ကံအကောင်းဆုံးပင်။ သူများတွေလို တစ်ယောက်ချင်းစီခွဲပြီး စုံစမ်းနေစရာမလို . . . နှစ်ယောက်ပေါင်းမှာတစ်ယောက်တည်းစုံစမ်းရမှာဖြစ်၍ မြန်လည်းမြန်သည်။ အဖော်လည်းရှိ၍ ဟိုကောင်တွေထက်စာရင် ရဲရဲတင်းတင်းစုံစမ်းနိုင်လေသည်။

ဥပဒေအဆောင်ကိုရောက်တော့ သူများနည်းတူထုံးစံအတိုင်း သက်မှုံးနွယ်ကို စုံစမ်းလိုက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် သက်မှုံးနွယ်ရဲ့ သူငယ်ချင်းကောင်မလေးကို သွားမေးမိ၍ အဖြေကိုသိရ၏။

"သူ ဒီနေ့ကျောင်းမလာဘူး"

သားစိုးနဲ့ အောင်ပုစိတ်ညစ်သွားသည်။ ကောင်မလေးက သူတို့ပုံတွေကြည့်ပြီး . .

"ဘာကိစ္စရှိလို့လဲ မှာခဲ့လေ"

"ကျောင်းသားကဒ်ကိစ္စ"

အောင်ပုက ပါးစပ်က လွတ်ခနဲထွက်သွားပြီးမှ သားစိုးကို လှည့်ကြည့်၏။ သားစိုးကလည်း အောင်ပုကိုပြန်ကြည့်ကာ ကောင်မလေးဘက်ပြန်လှည့်ပြီး . .

"ကိစ္စကတော့ အရေးမကြီးပါဘူး . . . ဒါပေမယ့် သူ့ကိုမေးမှရမှာမို့လို့ပါ"

ကောင်မလေးမျက်နှာမှာ စိတ်ဝင်စားဟန်ချက်ချင်းပေါ်လာပြီး . .





"ကျွန်မကို ပြောခဲ့လည်း ရပါတယ် . . . သက်မှုံးနွယ်နဲ့ ကျွန်မနဲ့က အခင်ဆုံးသူငယ်ချင်းတွေပါ . . . အရေးကြီးရင် ကျွန်မကိုမှာခဲ့ပါ"

သားစိုးက ပြောသင့်မပြောသင့်တွေးတွေးဆဆလုပ်နေ၏။ အောင်ပုကတော့ သိပ်စဉ်းစားမနေ . .။ ဒီကိစ္စအေးရင်ပြီးရောဆိုပြီး ပြောလိုက်လေတော့၏။

"ကျွန်တော်တို့ဆီမှာ ကျောင်းသားကဒ်တစ်ခုကောက်ရထားလို့ပါ . . အဲဒါနာမည်က သက်မှုံးနွယ်လို့ ရေးထားတယ်၊ အဲဒါ ဒီကသက်မှုံးနွယ်များဖြစ်နေမလားလို့လာမေးတာပါ"

ကောင်မလေးမျက်နှာသည် ချက်ချင်းအားရဝမ်းသာဖြစ်သွားပြီး

"ဟုတ်တယ် . . . သူ ကျွန်မကို ပြောတယ် . . . သူ့ကျောင်းသားကဒ်ပျောက်သွားလို့တဲ့ . . . လက်စသတ်တော့ ရှင်တို့ဆီရောက်နေတာကိုး"

သားစိုး ရင်ထဲမှာ ရုတ်တရက်ပျော်ကာသွားပြီး အောင်ပုပခုံးကို လှမ်းရိုက်ပစ်လိုက်လေသည်။ ရိုက်အားကတော်တော်ပြင်းသွား၍ အောင်ပုမျက်နှာရှုံ့မဲ့ကာသွား၏။

"အဲဒါ ကျွန်မကို ပေးခဲ့ရင်ရပါတယ်"

အောင်ပုက ပခုံးလေးကိုပွတ်ရင်း . .

"အခုတော့ ပါမလာဘူးဗျ . . . ကျန်ခဲ့တယ် . . . ဒါပေမယ့် ကျွန်တော်တို့လာပေးပါ့မယ်"

ကောင်မလေးက ပြုံးရင်းခေါင်းညိတ်ပြလေသည်။ ထို့နောက် ကောင်မလေးကို နှုတ်ဆက်ပြီး လှည့်ပြန်မလို့ လုပ်ပြီးမှ သားစိုးက စိုးရိမ်ဟန်နှင့် . . .

"သက်မှုံးနွယ်ရဲ့ ကျောင်းသားကဒ်ပျောက်တာ ကြိန်းသေပါတယ်နော်"

ကောင်မလေးက မျက်စောင်းပြန်ထိုးပြီး . .

"သေချာတယ် . . သူသေသေချာချာပြာတာ၊ ပြီးတော့ သူ့ကျောင်းသားကဒ်ကို ဒီရက်ပိုင်းအတွင်း တစ်ယောက်ယောက်လာပြန်ပေးလိမ့်မယ်ဆိုပြီးတောင် အတပ်ပြောနေသေးတယ် . . ကျွန်မတောင်မယုံလို့လောင်းထားတာ

အခုတော့ ရှုံးသွားပြီ . . ”

“ဗျာ”

သားစိုးရော အောင်ပုပါ ပါးစပ်ဟောင်းလောင်းနှင့် တစ်ယောက်နဲ့ တစ်ယောက်ကြည့်လိုက်ကြ၏။ အဲဒီအချိန်မှာပဲ အတန်းထဲဆရာမဝင်သွား၍ ကောင်မလေးက သူတို့ကို နှုတ်ဆက်ပြီး အခန်းထဲဝင်သွားလေတော့သည်။

သားစိုးတို့နှစ်ယောက်လုံး အံ့ဩမှုတွေများစွာနဲ့ ကြောင်တောင် တောင်ကြီးရပ်ပြီး ကျန်ခဲ့ရတော့၏။

“သူတို့လာမယ်ဆိုတာ သက်မှူးနွယ် ဘာကြောင့်ကြိုသိနေရတာလဲ”

ဒီမေးခွန်းရဲ့ အဖြေကို နှစ်ယောက်လုံးသိချင်သွားကြလေသည်။



# အခန်း (၃)

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

အရှူးမီးဝိုင်းတယ်ဆိုတဲ့အဖြစ်က နည်းနည်းတော်သေးသည်။ အခု ဝေလင်းအဖြစ်က အရှူးမီးဝိုင်း ရုံတင်မက သွက်ချာပါဒပါလိုက်နေရလေပြီ။ ဘယ်က ဘယ်လိုတွေဖြစ်ပြီး ဒါမျိုးတွေဖြစ်ကုန်မှန်း သူမသိတော့။ အားလုံး ဘဲဥအစရှာမရသလိုဖြစ်ကုန်လေပြီ။

ဝေလင်းမျက်နှာတော်တော်တည်နေသည်။ သေချာကြည့်လျှင် တည်နေတယ်ဆိုတာထက် ဖျက်နေတာဆိုပိုမှန်လိမ့်မည်။ ဇာတ်လမ်းကို အစကနေ အဆုံးအထိ သေချာတွေးကြည့်သည်။ ဘာတစ်ခုမှ အမှားအယွင်းမရှိ အပို အလိုမရှိ။ အားလုံးအံဝင်ခွင်ကျစီစဉ်ထားခြင်းဖြစ်သည်။ ကောင်မလေးအားလုံး ထံ သုံးဖွဲ့ခွဲပြီး လူခြောက်ယောက်ကို တစ်ပြိုင်နက်တည်း စုံစမ်းခိုင်း၏။ အကြောင်းတရားတွေဖြစ်လာမှာစိုးလို့ တစ်ကြောင်း၊ ပြီးတော့ အကြောင်း အမျိုးမျိုးကြောင့် သတင်းပေါက်ကြားသွားမှာစိုးလို့ တစ်ကြောင်း စသည်တို့ ကြောင့်ဖြစ်၏။

အခုတော့ ဇာတ်တွေအားလုံးရှုပ်ကုန်ပြီ။ စုံစမ်းရသမျှ အဖြေတစ်ခု တည်း . . . ။

"အားလုံးတွင် ကျောင်းသားကဒ်မရှိ"

နောက်ဆုံးတော့ သားစိုးစလိုက်တဲ့ အူကြောင်ကြောင်ဇာတ်လမ်းကြီး သည် သပွတ်အူက အဖေတော်ရလောက်အောင် ရှုပ်ထွေးသွားလေပြီ။

"ငါ အစောကြီးကတည်းက မင်းကိုမေးသားပဲ . . . အားလုံးမှာ





www.foreverspace.com.mm

ကျောင်းသားကဒ်ရှိမနေရင်ကောလို့"

စိန်ကုလားက ဒီလိုဖြစ်လာမယ်ဆိုတာ သူကြိုမြင်သားပဲဆိုတဲ့ ပုံစံနဲ့ ထပြော၏။ ဒီတစ်ခါ စိန်ကုလားရဲ့ပွဲကြိုခန့်မှန်းချက်က မှန်ကန်သွား၍ အားလုံးငြိမ်နေရသည်။ ဝေလင်းက သက်ပြင်းကို ချ၏။ ပြီးနောက် . . .

"သူတို့ ငါတို့ထက် ခြေတစ်လှမ်းနီးသွားပြီ"

အားလုံးငြိမ်နေမိကြသည်။ ဝေလင်းက ခေါင်းကို ခါရင်း စကားကို ဆက်ပြန်၏။

"ဒီဇာတ်လမ်းမှာ တစ်ခုခုတော့ မှားယွင်းသွားပြီဆိုတာ သေချာတယ်၊ အခု ငါတို့ရလိုက်တဲ့ရလဒ်က လုံးဝမဖြစ်နိုင်တဲ့ရလဒ်ပဲ . . . ဒါမရိုးသားဘူး၊ လုံးဝမမှန်ကန်ဘူး"

ပြောပြီး အားလုံးမျက်နှာတွေကို လိုက်ကြည့်လိုက်သည်။ ပြီးတော့ . .

"ရှိသမျှ သက်မှုန်းနွယ်တွေအားလုံးဆီမှာ ကျောင်းသားကဒ် တစ်ယောက်မှ ရှိမနေကြဘူးဆိုတာ မင်းတို့ယုံလား"

ဝေလင်းရဲ့အမေးစကားကြောင့် အားလုံးမျက်မှောင်ကြုတ်သွားကြ၏။ ပြီးနောက် အသီးအသီး ခေါင်း ခါပြကြသည်။ ဝေလင်းက ခေါင်းကိုညိတ်၍ . .

"ဒါပေမယ့် အဲဒါဘာကြောင့်ဖြစ်သွားတယ်ဆိုတာ လောလောဆယ် ငါလည်း မစဉ်းစားတတ်တော့ဘူး . . . သေချာတာတစ်ခုကတော့ ငါတို့ အားလုံးကို သူတို့စိန်ခေါ်လိုက်တာပဲ . . . ဘာပဲဖြစ်ဖြစ် ဒီ Game ကတော့ ကြည့်လို့လှသွားပါပြီ၊ ဒီလိုပါပဲ မုဆိုးတွေလည်း သားကောင်ဖြစ်တတ်ကြပါ တယ်"

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ အားလုံးရင်ထဲ မှာ မခံချင်စိတ်ကြောင့် ယားကျိ ကျိဖြစ်နေကြ၏။ ကတုံးပေါ် ထိပ်ကွက်ခံလိုက် ရသောကြောင့် ငယ်ထိပ်တွေပူနေလေသည်။ သားစိုးတောင်အရင်ကလို သူ့ရဲ့ မျက်ဝန်းလေး ဘယ်လောက်အေးချမ်းလှပကြောင်း လစ်ရင်လစ်သလိုဝင်ပြောဖို့ မေ့နေလေသည်။ သူကိုယ်တိုင်လည်း မခံချင်ဖြစ်နေ၏။ စိတ်ထဲမှာ ကလိ ကလိ . . . ။ဝေလင်းက ဆက်ပြီး . .

"ဒါ သတင်းပေါက်လို့ဖြစ်ရတာ"

"ဟင်"

"ဟာ"

အားလုံးဆီမှ အာမေဋိတ်အသံတွေ ထွက်လာကြသည်။ သားစိုးက. .

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ အစ်ကို ကျွန်တော်တို့ ဘယ်သူ့ကို မပြောဘူး"

သားစိုး စကားဆုံးတော့ ကျန်တဲ့သူတွေက ပါဝင်ပြော၏။

"အဲဒါတော့ ကျိန်းသေတယ် ကျွန်တော်တို့လည်း ဒီအတိုင်းပဲ"

"လုံးဝမဖြစ်နိုင်ပါဘူး အစ်ကိုရာ . . . သတင်းပေါက်သွားတယ်ပဲထားဦး . . . ကျွန်တော်တို့ သူတို့ကို စုံစမ်းတာ အချိန်သိပ်ဆွဲနေတာမှ မဟုတ်တာ၊ ချက်ချင်းစုံစမ်းတာပဲ၊ ပြီးတော့ အားလုံးကို တစ်ပြိုင်နက် စုံစမ်းကြတယ်ဆိုတော့ သတင်းပေါက်သွားတယ်ပဲထားဦး ဒီလိုခဏလေးအတွင်းမှာ သူတို့အားလုံးဆီရောက်သွားစရာအကြောင်း မရှိဘူး"

ကျော်ကြီးစကားက ဖြစ်နိုင်ခြေရှိသလို မှန်လည်းမှန်ကန်နေ၏။ ဝေလင်းက ခေါင်းကို ညိတ်ပြပြီး တစ်စုံတစ်ခုကို တွေးနေသည်။

"ဘာပဲဖြစ်ဖြစ် ဒီလိုဖြစ်သွားတဲ့အတွက် အံ့သြစရာတော့ အရမ်းကောင်းနေပြီ . . . နောက်ပြီး ဒီလိုဖြစ်လာပြီးမှ ငါတို့ဘက်က အနှုံးပေးလိုက်ရရင် သိက္ခာအရမ်းကျတယ်၊ ဒါသူတို့ဘက်ကလည်း ငါတို့ရဲ့ခြေလှမ်းတွေကို တစ်နည်းနည်းနဲ့ကြိုသိသွားလို့ဖြစ်ရတာ၊ ပြီးတော့ သူတို့တွေ အကုန်လုံး တစ်ပြိုင်နက်သိသွားရလောက်အောင် ဘယ်လို လျှို့ဝှက်ချက်တွေရှိနေမှန်း ငါတို့မသိဘူး . . . သေချာတာကတော့ ငါတို့တွေထက် သူတို့သာသွားပြီ"

ဝေလင်းက စကားကို ရပ်ပြီးအားလုံးကိုကြည့်သည်။ ပြီးနောက် သားစိုးကို စိုက်ကြည့်လိုက်၍. . .

"သားစိုး . . . မင်းရဲ့မျက်ဝန်းလေးနဲ့ဆုံချင်သေးလား"

သားစိုးက မဝံ့မရဲခေါင်းညိတ်ပြတော့ . . .

"မင်းမဆုံချင်ဘူးဆိုတာတောင် ငါက ရအောင်ဆုံပေးမှာပါ။





ဒီဇာတ်လမ်းအဆုံးမှာ မင်းနဲ့မင်းကောင်မလေးဆုံရမယ်"

"ဘယ်လို . . . ဘယ်လိုဆုံရမှာလဲဟင်"

"ငါကိုယ်တိုင်ဆုံပေးမှာပေါ့ကွ"

"အဲဒါဆို ကိုဝေလင်းက"

"ဟုတ်တယ် . . . ငါကိုယ်တိုင် သူတို့ကို စုံစမ်းတော့မယ်"

အားလုံးက အံ့သြစွာ ဝေလင်းကိုကြည့်၏။ ဝေလင်းက သူများတကာအတွက် ရည်းစားစာတွေ ဘာတွေသာရေးပေးလေ့ရှိသော်လည်း မိန်းကလေးတွေ ကင်းကင်းရှင်းရှင်းနေတတ်သော လူစားဖြစ်သည်။ သူတစ်ပါးကောင်းစားရေးအတွက် အကြံဉာဏ်ကောင်းလေးတွေ ပေးတတ်သော်လည်း ဘယ်တော့မှ ကိုယ်တိုင်ဝင်ပြီး မပါခဲ့ . .။ အခုတော့ . .။

"မင်းဖြစ်ပါ့မလားကွာ"

အောင်သန်းကြီးက မေးတော့ . .

"မင်းတို့အားလုံးဆက်လှုပ်ရှားလို့မရတော့ဘူး . . . မင်းတို့ကို သူတို့တွေသိကုန်ကြပြီ . . . ပြီးတော့ ငါ့ကိုယောကျ်ားလေးတွေသာ သိတာများတယ် မိန်းကလေးတွေက ဖြူသလား၊ မည်းသလားတောင် သိတာမဟုတ်ဘူး . . . ဘာလို့မဖြစ်ရမှာလဲ"

"မဟုတ်ပါဘူး . . . ငါပြောတာက မင်းတစ်ယောက်တည်းအဖော်မပါဘဲ လှုပ်ရှားရမှာဖြစ်ပါ့မလားလို့"

ဝေလင်းက ခေါင်းကို ညိတ်သည်။ အောင်သန်းကြီးကဆက်ပြီး . .

"မင်းက ဘယ်လိုလုပ်မယ် စိတ်ကူးထားလို့လဲ"

ဝေလင်းက ပြုံးစိစိလေးလုပ်ကာ အောင်သန်းကြီးကို ကြည့်လိုက်၏။ ဘာစကားတစ်ခွန်းမှ ပြန်မပြောသော်လည်း ထိုအပြုံးကို အောင်သန်းကြီး နားလည်လိုက်သည်။

ပတ်ဝန်းကျင်သည် လေတိုက်သံတရှဲရှဲမှလွဲ၍ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

www.foreverspace.com.mm

နေ့လယ်ခင်းအပူရှိန်သည် ပူပြင်းခြောက်သွေ့လှသည်။ ဆောင်းတွင်းဟုဆိုသော်လည်း မနက်ခင်းတစ်ချက်သာအေးသလိုလိုရှိ၏။ တစ်ခါတစ်ရံ တချို့ရက်တွေဆို မြူတွေဆိုင်းကာ ချမ်းနေတတ်သည်။ သို့သော် များသောအားဖြင့် ရန်ကုန်ဆောင်းသည် ယဉ်ယဉ်လေးသာပြီးဆုံးခဲ့တာများသည်။

သို့သော် မနက်တုန်းကတော့ နည်းနည်းချမ်းသည်ဟုဆိုရမည်။ အိမ်ကထွက်ကတည်းက ဆွယ်တာအပါးလေးတစ်ထည်ထပ်ဝတ်ခဲ့၍ တော်သေးသည်ဟုတွေးမိ၏။ သို့သော် ထိုအချိန်ကာလလေးသည် ခဏတာမျှသာ . . . အခုတော့ ဆောင်းသည် သူမဟုတ်သလို မာယာများပြနေပြန်၏။

"ပူလိုက်တာဟာ ဆောင်းတွင်းသာဆိုတယ် တစ်စက်မှမအေးဘူး"

"အေးပါတယ် ဟယ် နင်ကလည်း ငါတောင် အနွေးထည်ဝတ်လာတာကြည့်"

"ခဏပါ အခုတော့ ပူလိုက်တာသေတော့မယ် . . . ငါကတော့ အဲဒါတွေကို သိလို့အစောကြီးကတည်းက ပုံမှန်အတိုင်းပဲ လာတာ၊ အနွေးထည်တွေ ဘာတွေဝတ်လာရင် အလုပ်ရှုပ်လို့"

ဝင်းဝင်းခိုင်ပြောတာမှန်သည်ဟု သက်မှူးနွယ်မှတ်ချက်ချမိ၏။ အခုတော့ သူမမှာ အနွေးထည်တစ်ထည်ကို ဘယ်ထားရမှန်းမသိအောင် အလုပ်ရှုပ်သွားရပြီဖြစ်သည်။

"ဒါနဲ့ . . . နင့်ကို ငါမရှင်းလို့မေးရဦးမယ် . . . နင်က နင့်ကျောင်း





www.foreverspace.com.mm

သားကဒ်ကိုဘာလို့ လူနှစ်ယောက်လာပေးလိမ့်မယ်ဆိုတာသိနေတာလဲ၊ ဘာလဲ နင်ပျောက်သွားတဲ့နေ့က ဘယ်သူကောက်သွားတယ်ဆိုတာတွေ့လိုက်လို့လား"

သက်မှူးနွယ်က ခေါက်ဆွဲစားတဲ့ ဇွန်းကိုနှုတ်ခမ်းနဲ့ မထိအောင် သတိကြီးစွာ ပါးစပ်ထဲထည့်လိုက်ပြီးမှ . .

"မဟုတ်ပါဘူး အကြားအမြင်ရနေလို့ပါ"

"မနောက်ပါနဲ့ ပြောစမ်းပါဆို၊ နင် ငါကျွေးတဲ့ အသုပ်လည်းစားသေးတယ် ဒါလေးတော့ပြောပြ"

"အောင်မယ် အောင်မယ် ဒါ နင်ငါ့ကို သက်သက်ကျွေးတာမှ မဟုတ်တာ၊ ရှုံးလို့ကျွေးတာပဲ"

"အေးပါဟာ ရှုံးလို့ပဲကျွေးကျွေး ဘယ်လိုကျွေးကျွေး စားတာက စားတာပဲ ပြောပြပါဟာ . . . နော် . . . နော်"

သက်မှူးနွယ်က ပြုံးသည်။ ဆရာမကြီး ဒိုက်တင်နှင့်မရှိတဲ့ ကော်လံကိုထောင်သလိုလုပ်လိုက်သေး၏။ ပြီးတော့မှ သူမကို ဘယ်သူတွေများကြည့်နေသလဲဆိုပြီး ပတ်ဝန်းကျင်ကို အကဲခတ်မိ၏။ ခပ်လှမ်းလှမ်းစားပွဲမှာ ကျောင်းသားသုံးယောက်လောက် သူမကိုကြည့်ကာ တိုးတိုးတိုးတိုး နှင့် ပြုံးပြုံး ပြုံးပြုံးတွေလုပ်နေကြ၍ . . .။

"မျက်နှာရှုံးတွေ . . "

ဝင်းဝင်းခိုင်က ရုတ်တရက်ဆိုတော့ . . .။

'ဟဲ့ ဘာလဲဟဲ့'ဟု လက်တို့ပြီးတော့ တိုးတိုးလေးမေး၏။ သက်မှူးနွယ်က မေးငေါ့ပြရင်း . . .

"လှည့်ကြည့်မနေပါနဲ့ ဟိုကောင်တွေပါ ရန်နိုင်စိုးတို့ ဝင်းထွဋ်လွင်တို့ ငါ့ကိုကြည့်ပြီး အတင်းပြောနေကြတာ အဲဒီကောင်တွေ ငါကြည့်လို့ကိုမရဘူး တကယ် မိတ္တီလာမီးဘေးမိထားတဲ့ ကြွက်စုတ်ရုပ်တွေနဲ့"

ဝင်းဝင်းခိုင်က သက်မှူးနွယ်ပေါင်လေးကို ပုတ်ကာ အားရပါးရရယ်၏။

"နင်က ကွင်းဆိုတော့ ဟိုလူ ဂရုစိုက်၊ ဒီလူ ဂရုစိုက်တာခံရမှာပေါ့၊ ဒါဆိုကွင်းမလုပ်နဲ့လေ"

"ငါက လုပ်ချင်လို့လုပ်တာမှမဟုတ်တာ၊ သူတို့ဟာ သူတို့ပေးထားကြတာပဲ"

"ကဲပါ . . အဲဒါတွေထားပါတော့ ကျောင်းသားကဒ်ကိစ္စလေးပဲ ပြောစမ်းပါဦး"

ပြတ်သွားသော စကားကို အခုမှသတိရသွားဟန်နှင့် ဝင်းဝင်းခိုင်က ပြန်ဆက်သည်။ သက်မှူးနွယ်က ဟင်းချိုတစ်ဇွန်းခပ်သောက်လိုက်ပြီး . .

"ငါ့အစောကြီးကတည်းက အဲဒီ့သတင်းကိုရထားလို့ပေါ့ဟ"

ဟု ခပ်ပေါ့ပေါ့လေးသာဖြေလိုက်လေသည်။ ဒီအဖြေကို ဝင်းဝင်းခိုင်က မကျေနပ်။

"အဲဒီ့သတင်းကို နင်က ဘယ်ကရတာလဲ"

သက်မှူးနွယ်က ခေါင်းကိုအရင်ခါပြလိုက်ပြီး . .

"ဒါတော့ ပြောလို့မဖြစ်ဘူးဟ . . . စိတ်မရှိနဲ့နော်"

"နင်ကလည်းဟာ ငါ့ကိုမှမပြောပြရင် ဘယ်သူ့ကိုပြောပြမှာလဲ၊ နင်နဲ့ငါနဲ့က အခင်ဆုံးသူငယ်ချင်းတွေပဲဟာ"

သက်မှူးနွယ် ဘာမှမပြောပဲငြိမ်ကာနေသည်။ ဝင်းဝင်းခိုင်က သက်မှူးနွယ် ပုံစံကိုကြည့်၍ လက်လျှော့လိုက်တော့၏။ ဘယ်လိုမေးမေးပြောပြမှာမဟုတ်ဘူးဆိုတာသိသွား၍ . .

"ရပါတယ် နင်မပြောပြချင်လည်းနေပါ၊ ငါအတင်းမမေးပါဘူး၊ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နင့်မှာလျှို့ဝှက်ချက်တစ်စုံတစ်ရာတော့ရှိရလိမ့်မယ်။ ဒါနဲ့ သူတို့ကရော ဘာလို့ ဒီကျောင်းသားကဒ်လေးကို အဲဒီ့လောက်အပင်ပန်းခံပြီးလိုက်ပေးနေရတာလဲ။ ကေနနင့်ကို ကျောင်းသားကဒ်က ဓာတ်ပုံတွေ့ပြီး ကြိုက်သွားလို့ထင်တယ်"

သက်မှူးနွယ်က ဒီတစ်ခါတော့ ခပ်သွက်သွက်ပင် ခေါင်းခါပြသည်။

"သူတို့ကောက်ရတဲ့ ကျောင်းသားကဒ်က ဓာတ်ပုံမှမမြင်ရတာ"





ဝင်းဝင်းခိုင်အံ့ဩသွား၏။

"ဟာ . . . ဘာဖြစ်လို့လဲဟင်"

"ပျက်နေလို့"

"ဟယ်"

ဝင်းဝင်းခိုင်က သက်မှူးနွယ်ကို စိတ်ဝင်စားကြည့်လိုက်သည်။

"နင်က အဲဒါတွေ ဘယ်လိုသိတာလဲ"

ပထမတော့ ပြောမိတော့မလို့ဟန်ပြင်လိုက်ပြီးမှ အရှိန်သတ်လိုက်ကာ . .

"မသိချင်ပါနဲ့ဆို နင်ကလည်း ဒါပဲမေးနေတာပဲ"

ဝင်းဝင်းခိုင်စိတ်ထဲ ကိုရီးယားကားလာနေတုန်း မီးပြတ်သွားသလို ဟာလာဟင်းလင်းကြီးဖြစ်သွား၏။ ကာယကံရှင်ကိုယ်တိုင်က မပြောပြချင်၍ ဘာမှလုပ်လို့မရတော့ပေ။ ဒီလိုပဲ အီလည်လည်ကြီးဖြစ်သွားရလေသည်။

သက်မှူးနွယ်က ခဏနေတော့ ထိုင်ရာကထမလိုလုပ်ပြီး . . .

"ငါ သွားတော့မယ်ဟာ နင်အတန်းတက်ဦးမှာလား"

"တက်မှာပေါ့ နင်ရော"

"ငါတော့ မတက်တော့ဘူး အသိတစ်ယောက်နဲ့ ချိန်းထားလို့သွားစရာရှိသေးတယ်"

"အိမ်ပြန်မှာလား"

"အိမ်မှာမဟုတ်ပါဘူး၊ ဒီကျောင်းထဲတင်ပါ၊ နောက်တစ်ချိန်ပြန်လာမှာ"

ထိုသို့ပြောပြီး လှည့်ထွက်စဉ် လူတစ်ယောက်နဲ့ တိုက်မိမလိုဖြစ်သွား၏။ ထိုလူက ကမန်းကတန်းရှောင်လိုက်၍ သီသီလေးလွတ်သွားသည်။ သက်မှူးနွယ်က ကြည့်လိုက်တော့ ထိုကျောင်းသားက တောင်းပန်ပြီးထွက်သွားလေတော့သည်။

"နင့်ကြည့်ရတာ ပျာယာကို ခတ်နေတာပဲ ချိန်းထားတာ ဘယ်လောက် အရေးကြီးလို့လဲ"

သက်မှုန်နွယ်က ဝင်းဝင်းခိုင်ကို လျှာလေးတစ်လစ်ထုတ်ပြကာ ပခုံးတွန့်ရင်း ကဲ့နှင်းထဲကထွက်သွားတော့သည်။ မထွက်ခင် သူ့အတင်းတွေပြောရင်း ပြုံးစိစိကြီး ကြည့်နေကြသော ရန်နိုင်စိုးတို့ဝိုင်းသို့ မျက်စောင်းတစ်ချက် လှမ်းထိုးသွားလိုက်သေး၏။





သူ ဝင်လာတာနဲ့ နံပါတ်(နှစ်)လာပြီဟု ပြောဆိုသံတွေကြားလိုက်ရသည်။ သူကလည်း ထိုင်နေသူ အားလုံးကိုပြုံးပြလိုက်ပြီး တော်ရာမှာဝင်ထိုင်လိုက်၏။ ထို့နောက် . .

"မနေ့က ငါ့ဆီကို သူတို့လာသွားတယ်၊ ဒါပေမယ့် ငါနဲ့မတွေ့လိုက်ဘူး၊ ငါ့သူငယ်ချင်းနဲ့ပဲတွေ့သွားတယ်"

"ဘာဖြစ်လို့ နင်နဲ့မတွေ့လိုက်တာလဲ"

ကျန်တဲ့ ငါးယောက်ထဲက တစ်ယောက်က မေးတော့ . .

"ငါ့အမေ နေမကောင်းလို့ အိမ်မှာနေပေးနေရတယ် အဲဒါကြောင့်"

ပြောပြီးနောက် စားပွဲပေါ်တင်ထားသော အချဉ်ထုပ်ကို လှမ်းယူလိုက်သည်။ ထိုအချိန်မှာပဲ တစ်ယောက်က ဝင်ပြောသည်။

"နင်တို့တွေအားလုံး ဝေလင်းဆိုတဲ့ နာမည်ကိုကြားဖူးလား"

အားလုံးထိုကောင်မလေးထံလှမ်းကြည့်လိုက်ကြ၏။ မေးခွန်းထုတ်လိုက်သူကတော့ ရူပဗေဒမှ သက်မှုန်နွယ်ပင်ဖြစ်သည်။ သူက ဒီအဖွဲ့ထဲမှာ အသက်အငယ်ဆုံးဖြစ်၍ နံပါတ် (၆)ဟု သတ်မှတ်ထားသည်။

"ကြားဖူးတယ် . . . ဘာဖြစ်လို့လဲ"

"မြင်ရော မြင်ဖူးလား"

"မြင်တာတော့ မမြင်ဖူးဘူး၊ ဒါပေမယ့် ငါတို့ ဥပဒေမေဂျာက ဝေလီဆိုတဲ့ ကောင်မလေးနဲ့တော့ မနှစ်က ပတ်သက်ခဲ့ဖူးတယ်လို့ သတင်းကြားတယ်၊



www.foreverspace.com.mm

အခုတော့ သူတို့တွေဖြတ်သွားကြပြီဆိုလား”

ထိုအချိန်မှာပင် တစ်ယောက်က စကားဝင်ထောက်သည်။ ထိုကောင်မလေးက ပထဝီကဖြစ်သည်။ သူတို့အဖွဲ့မှာ နံပါတ်(၃)ဟု အမည်တွင်သည်။

“ဟုတ်တယ် . . . ဝေလီက သူလုပ်နေတဲ့အလုပ်တွေကို ဆက်လုပ်တာမကြိုက်လို့ရပ်ခိုင်းတယ်ကြားတယ်၊ ကြာတော့ သူလည်း ဘယ်ခံနိုင်တော့မလဲ၊ ဝေလင်းက သူ့အတွက်တောင် အချိန်မပေးနိုင်တော့ဘူးလို့ပြောတာပဲ၊ အဲဒါနဲ့ ဝေလီက သူ့ကို ဖြတ်မလား၊ သူ့အောင်သွယ်လိုလို ဘာလိုလိုအလုပ်တွေကို ဖြတ်မလားလို့ မေးလိုက်တယ်တဲ့”

“နောက်တော့ ဘာဖြစ်သွားလဲဟင်”

အားလုံးက စိတ်ဝင်တစားမေးကြသည်။

“နင်တို့မြင်တဲ့အတိုင်းပဲ နောက်ဆုံး ဝေလီ့ကိုဖြတ်သွားတယ်”

“ဟယ်၊ ဝေလီသနားပါတယ်”

“ဝေလီ့လို မိန်းမမျိုးကို လိုချင်တဲ့လူတွေမှ တစ်ပုံကြီး၊ ငါ့သူငယ်ချင်းတေဇာဆို အသေရရ အရှင်ရရ နောက်ဆုံးအနံ့ကလေးပဲ ရှူရရှူရဆိုပဲ၊ သူတင်မဟုတ်ပါဘူး ယောကျ်ားလေးတော်တော်များများ အဲဒီလိုပါပဲ၊ ဒါတောင် ဝေလင်းက ပစ်ပယ်ရက်တယ်ဆိုတော့ ဝေလင်းရဲ့ ဝါသနာက နည်းနည်း နောနောဝါသနာမဟုတ်ဘူးနော်”

အားလုံးက ခေါင်းညိတ်လက်ခံကြသည်။ ထိုအချိန်မှာပဲ တစ်ယောက်က စကားဖြတ်ပြော၏။

“ဒါနဲ့ နေပါဦး နံပါတ်(၆)က ဘာလို့ဝေလင်းအကြောင်းမေးနေရတာလဲ”

သူကတော့ အဖွဲ့ထဲမှာ အသက်အကြီးဆုံးဖြစ်၍ နံပါတ် (၁)ဟု သတ်မှတ်ထားသော ဘူမိဗေဒမှ ကျော်၊ ကြည့်၊ ပြုံး လေးပင်ဖြစ်လေသည်။ ရူပဗေဒက နံပါတ် (၆)က . . ။

“တခြားဟာတော့မဟုတ်ပါဘူး၊ အခု ဇာတ်လမ်းမှာ ဝေလင်းက ဦးဆောင်ပြီး အကြံညာဏ်ပေးနေတယ်ကြားလို့”





“ဟင်”

“ဟုတ်လား”

“နင်က ဘယ်ကကြားတာလဲ”

အားလုံးအမေးစကားတွေရော၊ အာမေဋိတ်အသံတွေပါ စုံလင်သွားသည်။ နံပါ (၆)က ရယ်ကျဲကျဲလုပ်၍ . .

“အောင်ပုဆိုတဲ့ ကောင်ဆီက သိရတာ”

“ဘယ်က အောင်ပုလဲ”

“ဟိုတစ်ခါ ငါ့ကိုလက်ကိုင်ပဝါကူညီသွားတဲ့ တစ်ယောက်လေ၊ ပြီးတော့ သူတို့ကောက်ရတဲ့ ကျောင်းသားကဒ်ထဲက ကောင်မလေးကို စုံစမ်းရင်း ငါနဲ့တွေ့တယ်ဆိုပြီး နောက်နေ့မှာပြောသွားသေးတဲ့ လူလေ မမှတ်မိတော့ဘူးလား”

နံပါတ် (၁)သက်မှူးနွယ်က ပြုံးလိုက်ပြီး . .

“ငါတို့တွေအားလုံးကို သူတို့အခုလို မြင်လိုက်ရင် အရမ်းအံ့သြသွားမှာနော်၊ အဲဒါဆို နင့်ကို သူတို့အကြောင်းတွေ ပြောသွားမှာမဟုတ်ဘူးသိလား”

“သေချာတာပေ့ါ၊ ဒါတောင် ငါကမေးလို့”

အားလုံးရယ်လိုက်ကြသည်။ အောင်ပုနဲ့ ရူပဗေဒက နံပါတ်(၆) အကြောင်းကို သူတို့သိထားပြီးဖြစ်၏။ လက်ကိုင်ပဝါပေးပြီးတဲ့ နောက်တစ်ရက် အောင်ပုက ရူပဗေဒက သက်မှူးနွယ်နောက်ကို လိုက်လာသည်။ နံပါတ် (၆)ကလည်း သူ့ကိုကူညီထား၍ စကားကို အလိုက်အထိုက်ပြောပြီး ပြန်ဆက်ဆံ၏။ ပြီးတော့ သူမကို ဘယ်လိုစပြီး သတိထားတာလဲဆိုတာ မေးလိုက်တော့ အကုန်ပေါ်တော့သည်။

အောင်ပုက သူတို့သူငယ်ချင်းတစ်ယောက် ကျောင်းသားကဒ်ကောက်ရထားတာကစပြီး ဘယ်ကောင်မလေးလဲဆိုတာ လိုက်စုံစမ်းရင်း တွေ့ကြောင်းပြောပြခဲ့၏။ အမှန်တော့ အောင်ပုက အမူမဲ့ အမှတ်မဲ့ ရှင်းပြလိုက်ခြင်းဖြစ်သည်။ ထိုအချိန်က ဝေလင်းရဲ့ အကြံညာဏ်အတိုင်း သုံးဖွဲ့ခွဲပြီး စုံစမ်းဖို့ သူမသိသေး၊ သို့သော် အကြောင်းချင်းရာတွေကို ဆက်စပ်ပြီး နံပါတ် (၆)

က ကျန်တဲ့လူတွေကို ပြောပြတော့ သူတို့ဆီလာစုံစမ်းရင် အားလုံး ကျောင်းသားကဒ်မရှိကြောင်းပြောဖို့ ဆုံးဖြတ်လိုက်ကြသည်။ အဲဒီမှာတင် ဇာတ်ကသပွတ်အူလိုက်သွားခြင်းဖြစ်၏။ အမှန်တော့ သက်မျှနွယ်တို့ဘက်ကလည်း ဒီဇာတ်လမ်းလေးကို အပျော်သဘောလုပ်လိုက်ခြင်းပင်။ သို့သော် လုပ်နေရင်းနဲ့ ပျော်လာသည်။ တစ်ဖက်က သားစိုးတို့အဖွဲ့နဲ့ ဉာဏ်ကစားရတာ စိတ်လှုပ်ရှားဖို့ကောင်းလာ၏။ အခုလို ဝေလင်း ပါပါလာတယ်ဆိုတော့ . . .။

"အဲဒီဝေလင်းဆိုတဲ့ ကောင်ကို ငါကြည့်လို့ကိုမရဘူး သိလား"

သဉ္ဇာက သက်မျှနွယ်က ထပြောလိုက်တော့ . .။

"နင်က မြင်ဖူးလို့လား နံပါတ် (၄)ရဲ့"

"မြင်တော့ မမြင်ဖူးဘူးပေါ့ဟ . . . ဒါပေမယ့် ဒီကောင်က တော်တော်တော့နာမည်ကြီးတယ်၊ ဘာတဲ့ . . သူရည်းစားစာရေးပေးလိုက်ရင် တစ်ဖက်ကောင်မလေးကြွေသွားရောဆိုပဲ"

အားလုံးက မျက်နှာမဲ့လိုက်ကြတော့ . .

"အခု ငါတို့နဲ့တွေ့တော့ သူခံသွားရပြီပေါ့ ဟား . . ဟား"

မာတုဗေဒက သက်မျှနွယ်ကတော့ . . .

"ငါကတော့ ကြောက်တယ်"

"နင်က ဘာကိုကြောက်တာလဲ"

"ဘာကိုကြောက်မှန်းမသိဘူး . . . သူတို့ကိုကြောက်တယ်"

"နံပါတ် (၅)ကလည်း အသည်းငယ်လိုက်တာ ငါတို့ရှိတာပဲဟာ"

မာတုဗေဒက နံပါတ် (၅)လေးက သက်ပြင်းကိုချလိုက်သည်။ သူက ယောကျ်ားတွေကို လန့်တတ်၍ ရင်တမမ . .။ ရူပဗေဒ နံပါတ် (၆)က ဝင်၍ . .

"ငါတို့တွေ အရင်ကတည်းက သူငယ်ချင်းတွေဆိုတာ သူတို့သိရင် ဘာဖြစ်ကုန်မလဲ မသိဘူးနော်"

ဟု စကားလမ်းကြောင်းကို ပြန်စလိုက်သည်။ နံပါတ် (၁)က . . .

"အံ့သြသွားမှာပေါ့ . . . . ပြီးတော့ သူတို့ကိုယ်သူတို့လည်းလှုပြီ





ထင်နေတာ ငါတို့က သူတို့ခြေလှမ်းတွေ ကြိုသိထားတော့ သနားဖို့တောင်ကောင်းနေသေးတယ်"

အားလုံးက ပီတိပြုံးကြီးတွေနဲ့ ပြုံးလိုက်ပြီး . .။

"ငါတို့ အခုလို ပြောဆိုနေတဲ့ သတင်းလည်းမပေါက်ကြားသွားစေနဲ့ဦးနော်၊ အဓိက က နံပါတ် (၆)ပဲ သူက အောင်ပုနဲ့ အဆက်အသွယ်ရှိနေတော့ မေ့ပြီးပြောမိလိုက်မှာစိုးလို့"

"အမလေး စိတ်ချပါ ငါ့ဘက်ကတော့ ဘာသတင်းမှ မပေါက်ကြားစေရဘူး စိတ်ချ၊ သူ့ဆီကသာ သတင်းပြန်နှိုက်ဖို့ရှိတာ"

နံပါတ် (၆)က ဆရာကြီးလေသံနဲ့ ထပြောတော့ . .

"အေးပါ ဟုတ်ပါပြီ၊ နင့် ပါးစပ်နင်နိုင်ရင် ပြီးတာပဲ"

ပထဝီက နံပါတ်(၃)ကဝင်ပြောပြီးနောက် ခဏတာငြိမ်သက်သွားကြသည်။ သူတို့အဖွဲ့က အားလုံးပေါင်းမှ နာမည်တစ်မျိုးတည်းဖြစ်၍ အမှတ်စဉ်အလိုက် သူတို့ဟာ သူတို့သတ်မှတ်ထားကြသည်။ ဘူမိဗေဒက (၁)၊ ဥပဒေက (၂)၊ ပထဝီက (၃)၊ သချာၤက (၄)၊ မာတုဗေဒ (၅)နှင့် ရူပဗေဒက (၆)ဟူ၍ ဖြစ်၏။ သူတို့အားလုံးသူငယ်ချင်းတွေဆိုတာကိုလည်းသိသူ တော်တော်ရှား၏။ တခြားအချိန်တွေဆို ကိုယ့်မေဂျာကိုယ်နေ၊ သူ့မေဂျာသူနေဖြစ်၍ ကျောင်းမှာ သိပ်မတွေ့ဖြစ်ကြ၊ အပြင်မှာတော့ ပျင်းလျှင်တွေ့ ဖြစ်ကြတာများသော်လည်း ဖုန်းနဲ့သာ စကားပြောပစ်တာများသည်။ ဒါ့ကြောင့် သူတို့ကို တစ်ဖွဲ့တည်းဆိုတာ လူသိနည်းသည်။ သူတို့တွေ့လိုက်ရင်လည်း နံပါတ် (၁)တွေ နံပါတ်(၂) တွေစသည်ဖြင့် အော်ဟစ်နှုတ်ဆက်နေရ၍ သိုင်းကားတွေထဲက သွေးသောက်ညီအစ်မတွေလို ကြောင်တောင်တောင်ကြီးတွေဖြစ်နေ၍ လမ်းတွေ့လည်း ပြုံးပြရုံအပြင် မနှုတ်ဆက်ဖြစ်ကြ . .။

အခုတော့ သားစိုးကိစ္စကြောင့် သူတို့တွေပေါင်းစီးမိကြပြီ။ ဒါကို ဝေလင်းတို့ဘက်က မသိလိုက်၍ တစ်ကွက်နောက်ကျသွားခဲ့ခြင်းဖြစ်လေသည်။

"အခုမှ သတိရလို့ မေးရဦးမယ်၊ သူတို့ကောက်ရသွားတဲ့ကျောင်းသားကဒ်က ဘယ်သူ့ဟာလဲ"

www.foreverspace.com.mm

နံပါတ် (၆)ရဲ့ အသံထွက်လာတော့ ငြိမ်သက်နေရာမှ ရုတ်တရက် လှုပ်ရှားသွားကြသည်။ သားစိုးကောက်ရသွားတဲ့ ကျောင်းသားကဒ်ရဲ့ပိုင်ရှင် ဘယ်သူလဲဆိုတာကို သူတို့ကိုယ်တိုင်လည်း မသိကြသေးပေ။

နံပါတ် (၆) က သူမဟုတ်ကြောင်းကိုတော့ အတိအလင်းပြော၍ နံပါတ်(၁)ဘက်လှည့်လိုက်ကာ . .

"နံပါတ် (၁) အဲဒါ နင့်ဟာလား"

နံပါတ် (၁)က အားလုံးကိုမျက်လုံးဝေ့ကြည့်လိုက်၏။ အားလုံးကလည်း သူ့ကိုစိတ်ဝင်တစားကြည့်နေကြ၍ ပြုံးစိစိလေးလုပ်ပြလိုက်လေသည်။ ပြီးတော့ ခေါင်းငုံ့လိုက်ကာ . .

"မပြောပြဘူး"

ခပ်တိုးတိုးလေးထွက်လာသော နံပါတ် (၁) ဆီက အသံကြောင့် အားလုံးအသည်းယားသွားသည်။ နံပါတ် (၆)က ဆက်ပြီး . . .

"နံပါတ် (၂) နင်ရော"

နံပါတ် (၂)ကတော့ စဉ်းစားသလိုလိုလုပ်သည်။ ပြီးတော့ သက်ပြင်းကိုချ၏။

"ငါက သတိမေ့တတ်တယ်ဟ၊ မမှတ်မိတော့ဘူး"

"သေနာမ"

ဟု အားလုံးက ထောပနာစိုင်းပြုလိုက်ကြသည်။ နံပါတ် (၆)က နံပါတ် (၃)ဘက်လှည့်ပြီး . .

"နင်ပဲ ဖြစ်မှာပါ"

ဟု အပိုင်မေးချလိုက်လေသည်။ နံပါတ် (၃)ကလည်း ဒါမျိုးတော့ ဘယ်ရမလဲဆိုတဲ့ အိုင်တင်နဲ့ . .

'သတ်ရင်သတ်ပစ်လိုက်' ဟု ခပ်ရွဲ့ရွဲ့ပြန်ဖြေလိုက်သည်။

နောက်တစ်ယောက်က နံပါတ် (၄) သူကတော့ သချာကဖြစ်၍ . .

"သူတို့ကောက်ရတဲ့ ကျောင်းသားကဒ်က တစ်ကဒ်တည်းဆိုတော့ တစ်ယောက်တည်းကပဲ ပျောက်ရမှာပေါ့၊ အဲဒီတော့ မသိကိန်းကို (x) လို့





သတ်မှတ်ပြီး ငါတို့တွေကို (y)လို့ သတ်မှတ်လိုက်ရင်"

"ဗျာရှည်လိုက်တာဟာ နင့်ဟာဟုတ်လား မဟုတ်ဘူးလား သာဖြေစမ်းပါ"

နံပါတ် (၆)က စိတ်မရှည်သလို ဖြတ်ပြောလိုက်တော့ နံပါတ် (၄)ကလည်း တုံးတိတိပင်ပြန်ဖြေလိုက်သည်။

"မပြောဘူး"

နံပါတ် (၆)စိတ်ညစ်သွားသည်။ ခေါင်းကိုကုပ်သည်။ ပြီးနောက် နံပါတ် (၅) ဘက်ကိုလှည့်ကြည့်လိုက်၏။ နံပါတ် (၆)ရဲ့အကြည့်ကိုခံရတော့ နံပါတ် (၅)က ကြွေခြွေမရတော့ပေ။

"နင် ငါ့ကိုအဲလို မကြည့်နဲ့နော် . . . ငါမပြောဘူး"

ကြောက်အားလန့်အားနဲ့ ဝင်ပြောတော့ . .

"ပြောပါဟာ နင်ကလည်း ငါ့ကိုကြောက်စရာကျနေတာပဲ နင့်ဟာ မဟုတ်လား . . . ဟင်"

နံပါတ် (၅)က မျက်လုံးကလေး ကလယ် ကလယ်လုပ်ကာ ဘာပြောရမှန်းမသိဘူးဖြစ်နေစဉ် နံပါတ် (၂)က သူ့ကို မျက်စိမှိတ်ပြပြီး လက်ခါပြတာ တွေ့လိုက်၍ . . .

"ငါ . . . ငါလည်း သူတို့လိုပဲ"

ဟု ဖြေလိုက်လေတော့သည်။

အားလုံးအဖြေတွေပြီးသွားတော့ နံပါတ် (၆)က ပြုံးလိုက်သည်။

'ဩော် နင်တို့က ဒီလိုကိုး' ဆိုပြီး မေးစိကို လက်နဲ့ပွတ်ကာ စဉ်းစားလိုက်၏။ ထို့နောက် . .

"နင်တို့က မပြောတော့လည်း ငါ့ဘာသာငါပဲ ဖော်ရတော့မှာပေါ့ဟာ"

ဆိုပြီး သူ့ကျောင်းသားကဒ်ကို ထုတ်ကာ စားပွဲပေါ်တင်လိုက်လေတော့သည်။ နံပါတ် (၆)ရဲ့ လုပ်ရပ်ကို အားလုံးနားလည်လိုက်၏။ ဒီနေရာမှာ ကျောင်းသားကဒ်မပြနိုင်သူက ပျောက်သွားတဲ့ကျောင်းသားကဒ်ပိုင်ရှင်ပဲဆိုတဲ့

သဘော . .။ ထိုအချိန်မှာပင် စားပွဲပေါ်သို့ ကျောင်းသားကဒ်တွေတစ်ကဒ်ပြီး တစ်ကဒ်တဘုန်းဘုန်းကျလာလေတော့သည်။ သူ့ကဒ် အပါအဝင် အားလုံးခြောက်ကဒ် . . .။

ကျောင်းသားကဒ်တွေကိုကြည့်ပြီး နံပါတ် (၆)မျက်လုံးပြူးကာသွား၏။ တရားခံကို ဘယ်လိုမှန်းရမှန်းမသိအောင် ခေါင်းရှုပ်သွားလေတော့သည်။ ထိုအချိန်မှာပင် နံပါတ် (၃)က ဝင်ပြီး

"နံပါတ် (၆)ရယ် နင်က အလိုက်တာလွန်ရော . . . ကျောင်းသားကဒ်အသစ်ပြန်လုပ်တယ်ဆိုတာ လျှောက်လွှာလေးရေးလိုက်ရုံနဲ့ ဖြစ်ပါတယ်ဟာ"

ဟု ခနဲ့လိုက်လေ၏။ ထို့နောက် သူတို့တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာရယ်လိုက်ကြလေသည်။ နံပါတ် (၁)က နံပါတ် (၆)ကို . .

"နင်က သူများတွေကျတော့လိုက်မေးနေတယ် နင်ကရော မဟုတ်ဘူးလို့ ပြောနိုင်မလား၊ နင်ပြောတာရော ငါတို့က ယုံရမှာလား . . . နင့်ကဒ်ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့"

နံပါတ် (၆) ကပြန်ပြီး . .

"ငါလည်း နင်တို့လိုပဲ မပြောပြဘူး"

သူတို့ရယ်သံများသည် တစ်ခန်းလုံးပျံ့လွင့်သွားတော့၏။ စာမသင်သော ချောင်ထဲက အခန်းဖြစ်နေ၍ ဘယ်သူမှ သတိမထားမိသောကြောင့် တော်ပေသေးသည်။





ရန် သူရဲ့ အမြီးဖျားကို နင်းမိပြီဟု တွေးမိသည်။ မနက်က ကြည်နူးရိပ်ဘက်ကိစ္စရှိ၍ လမ်းလျှောက်သွားရင်း ဥပဒေကာ သက်မှူးနွယ်ကို တွေ့လိုက်၍ နောက်ယောင်ခံကြည့်ရာ ကောင်မလေးနဲ့ တိုက်မိမလိုတောင်ဖြစ်လိုက်သေးသည်။ ထို့နောက် စိတ်ကူးတစ်မျိုးပြောင်းသွားပြီး ကောင်မလေးနောက် ခပ်ဝေးဝေးမှ လိုက်သွားလိုက်သည်။ ကောင်မလေးက (Zoo)အဆောင်ဘက် လျှောက်သွားစဉ် အတန်းထဲက ဆရာမတစ်ယောက်နှင့် ပက်ပင်းတိုး၍ နှုတ်ဆက်မိရာ မျက်ခြည်ပြတ်သွားခဲ့၏။

ဘာပဲဖြစ်ဖြစ်ဝေလင်းအတွက်တော့ ဒီနေ့အကျိုးအမြတ်ရသည်ဟု ပြောလို့ရ၏။ သက်မှူးနွယ်တစ်ယောက်ချင်းစီရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ရန် သူက တွေးထားခြင်းဖြစ်သည်။ ဒီနေ့ ဥပဒေကာ သက်မှူးနွယ်ကိုတွေ့သည်။ သူမျက်ခြည်ပြတ်သွားစဉ် ဇူးအဆောင်ထဲဝင်သွားတာ ဖြစ်လိမ့်မည်ဟု သူက တွေးမိ၍ အဆောင်အောက်အုတ်ခုံတွေမှာထိုင်ရင်း စောင့်နေမိ၏။

ဝေလင်းအချိန်ကုန်ခံပြီး စောင့်ရကျိုးနပ်ပါသည်။ တော်တော်ကြာတော့ သက်မှူးနွယ်ပြန်ထွက်လာသည်။ သူတွေ့လိုက်ရတာ ဥပဒေကာ သက်မှူးနွယ်တစ်ယောက်တည်းတင်မဟုတ် . .။ ခြောက်ယောက်လုံးထွက်လာတာတွေ့လိုက်ရသည်။ သို့သော် တစ်ပြိုင်နက်တည်းထွက်လာကြခြင်းမဟုတ်ဘဲ တစ်ယောက်ချင်းစီအချိန်ခွာ၍ ထွက်လာကြသည်။

ဝေလင်းတွေးမိ၏။ သက်မှူးနွယ်ခြောက်ယောက်လုံးတွင် ဘယ်သူ

မှ (Zoo) မေရှာကမပါ၊ ဒါဆို ဒီခြောက်ယောက်က ဒီအဆောင်ကို ဘာကိစ္စနဲ့ ရောက်လာကြသလဲ . .။ တွေးစရာတွေအများကြီးဖြစ်နေပြီ။ သူတို့ခြောက်ယောက်လုံးက တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်မှုဘာတွေရှိနေသလဲ . .။ ဒါလည်း တွေးစရာတစ်ခုဖြစ်၏။ အချိန်တိုအတွင်းမှာ သူတို့ဘက်က လုပ်ရပ်ကိုခြောက်ယောက်လုံး တစ်ပြိုင်နက်သိခဲ့သည်။ ပြီးတော့ ခြောက်ယောက်လုံးထံမှ အဖြေတစ်မျိုးတည်းထွက်ခဲ့လေသည်။ ဒါကိုက အရေးကြီးဆုံး ထူးခြားမှုတစ်ခု၊ အခုလည်း ဒီခြောက်ယောက်လုံးပင် အဆောင်တစ်ခုထဲက ထွက်လာကြပြန်၏။

ဆက်စပ်စဉ်းစားကြည့်လျှင် အဖြေသည် ခပ်ရေးရေးလေး အရောင်ထင်လာသည်။ သို့သော် အတိအကျအဖြေတစ်ခုတော့ မရသေး။

ထို့နောက် နေကာမျက်မှန်ကို ပြန်တပ်ပြီး ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းကာ ဝေလင်းထွက်ခဲ့လိုက်တော့၏။ ထိုသို့နေကာမျက်မှန်တပ်ပြီး ဦးထုပ်ဆောင်းထားခြင်းကလည်း ဗွီဒီယိုဇာတ်ကားတွေထဲကအတိုင်း သူ့ကိုယ်သူအပေါ်စားရုပ်ဖျက်လာခြင်းပင်။

သို့သော် မနက်ကျောင်းတက်ကတည်းက သူ့ကို တွေ့တဲ့ ကျောင်းသား တော်တော်များများက ကိုဝေလင်းကြီး မိုက်တယ်ဗျာ ဟုလိုက်နှုတ်ဆက်နေကြ၍ စိတ်ညစ်နေသည်။

သို့သော် ဝေလင်းအတွက်တော့ ဒီနေ့အကျိုးရှိပါသည်။





ချက် ဟု ဝေလင်းက အော်လိုက်၏။ အောင်သန်းကြီး ချက်ဗန်းပေါ်က အရုပ်ကလေးတွေကိုကြည့်ကာ ပျာယာခပ်သွားသည်။ ဝေလင်းက သူ့ဘုရင်ကို မြင်းနဲ့ချက်ထားခြင်းဖြစ်သည်။ သူ့ဘုရင်လွတ်လမ်းတော့ရှိသည်။ သို့သော် ဘုရင်ကို အလွတ်ရှောင်လျှင် ဘုရင်မက ကားယားကြီးကျသွားမည်ဖြစ်သည်။

အောင်သန်းကြီး ခေါင်းကို ကုပ်ကာ မျက်နှာက အဆီတွေကို လက်ခုံနဲ့သုတ်လိုက်ပြီး .

"တောက် . . . ငါ အဲဒီ့အကွက်ကို သတိမထားမိလိုက်ဘူးကွာ . . သွားပြီ . . . ခွချက်မိသွားပြီ"

ဝေလင်းက ပြုံးရင်း . .

"မင်းက ငါ့ ဘုရင်ကိုပဲ မဲပြီး ဖမ်းဖို့ကြံနေတာကိုးကွ . . . ခံရမှာပေါ့"

အောင်သန်းကြီး စိတ်ပျက်စွာ ချက်ခုံကြီးကို ငူငူကြီးကြည့်ပြီး ငြိမ်ကျသွား၏။ အတန်ကြာခေါင်းပေါက်အောင် စဉ်းစားနေသော်လည်း အဖြေက ထွက်မလာပေ . . .။ ဝေလင်းက . .

"မင်းရှုံးပြီ"

"ဘုရင်မှ မကျသေးတာ ငါမရှုံးသေးပါဘူး"

"ဘာထူးလဲ ဘုရင်မကျသွားရင် ရှုံးဖို့များသွားပြီပဲ"

စိန်ကုလားက ဘေးကပွဲကြည့်ပရိသတ်အဖြစ် ထိုင်ကြည့်နေရင်းက-

"မင်းတို့နှစ်ယောက်ထဲက ဘယ်သူရှုံးရှုံး ငါ့ကိုတိုက်ရမှာနော်"

အောင်သန်းကြီးက စိန်ကုလားကို မျက်ဆောင်းလှည့်ထိုး၍

"မင်းက ဝေါ်ကြီးကိုကျတယ်၊ အဲဒါကြောင့် အသားမညီးတာ"

စိန်ကုလား ခန္ဓာကိုယ်တွန့်ခနဲဖြစ်သွားပြီး . .

"ဘာဆိုင်လို့လဲ အသားမညီးတာမညီးတာပဲ . . မင်းအပူပါလား။ မင်းသာမနိုင်တိုင်းသူများလျှောက်မဲနေတာ"

အောင်သန်းကြီးစုပ်တစ်ချက်သတ်လိုက်ရင်း ဘုရင်ကို ဘေးတစ်ကွက်ရွှေ့လိုက်၏။ အောင်သန်းကြီး ဘုရင်မသည် ဝေလင်းခုန်လိုက်သော မြင်းကွက်ထဲတွင် သေပွဲဝင်သွားရလေတော့သည်။

ထို့နောက် သူတို့ပွဲကို ဆက်ကစားကြ၏။ သို့သော် ပွဲကကြည့်လို့မလှတော့ပေ။ ခဏလေးအတွင်းပင် အောင်သန်းကြီး ရှုံးသွားပါတော့သည်။ ပွဲပြီးသွားတော့ အောင်သန်းကြီးတိုက်တဲ့ လက်ဖက်ရည်ကိုသောက်ပြီး သူတို့ကဲန်တင်းမှထွက်ခဲ့ကြတော့၏။ ဆိုင်အပြင်ရောက်တော့ ဝေလင်းက . . .

"ငါ သားစိုးတို့ဆီ ခဏဝင်ဦးမယ်ကွာ မင်းတို့လိုက်ခဲ့စမ်းပါ"

"ဒီအချိန်က အရေးကြီးတယ် ဟော့ကောင်၊ တက်ပြီးမှသွားပါလား"

ဝေလင်းက ခေါင်းခါပြကာ . . .

"ခဏလေးပါ မကြာပါဘူး၊ စကားလေးနည်းနည်း ပြောရုံပါ"

အဲဒီလိုနဲ့ သူတို့သားစိုးတို့ အဆောင်သို့ရောက်လာကြ၏။ အခန်းထဲမှာ သားစိုးတို့ကို မတွေ့ကြ၍ ကဲန်တင်းမှာ ထွက်ရှာသည်။ ကဲန်တင်းရောက်တော့ အကုန်လုံးကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလေသည်။

"ဟာ . . . ကိုဝေလင်းလား၊ ဘယ်ကလှည့်လာတာလဲ"

ကြီးမြင့်က ခုံတစ်လုံးဆွဲရင်းနေရာလုပ်ပေး၏။ ကျန်တဲ့လူတွေကလည်း ခုံတွေအသီးသီးခွဲကာ စိန်ကုလားတို့အတွက် နေရာလုပ်ပေးကြသည်။ ဝေလင်းတို့ ထိုင်လိုက်ပြီးနောက် . .

"မင်းတို့ဆီပဲ တမင်လှည့်လာတာ"

"ကိစ္စထူးလို့လားဟင်"





သားစိုးက အလောတကြီးဝင်မေးတော့ . . .

'ဒီလိုပါပဲ' ဟု ဖြေလိုက်ရင်း အောင်ပုဆီသို့ လှမ်းကာကြည့်သည်။

"အောင်ပု မင်းနဲ့ သူတို့ခြောက်ယောက်ထဲမှာ ဘယ်သူနဲ့ ပတ်သက်မှုရှိလဲ"

အရင်းမရှိ အဖျားမရှိစကားကြောင့် အောင်ပုက ကြောင်တောင်တောင်နှင့် . .

"ဗျာ . . . ဘယ်သူနဲ့လဲ"

"သက်မှူးနွယ် ခြောက်ယောက်နဲ့ကိုပြောတာပါ"

အောင်ပု ပြုံးကျဲကျဲလုပ်လိုက်ကာ . .

"ကျွန်တော် ဘယ်သူနဲ့မှမပတ်သက်ပါဘူး . . . ဘာဖြစ်လို့လဲ"

ဝေလင်းက စကားကိုရပ်ပြီး ခဏစဉ်းစားသည်။ နောက်တော့ . . .

"ဟိုတစ်ခါ မင်းလိုက်သွားတယ်ဆိုတာ ရူပဗေဒက သက်မှူးနွယ်နောက်ကိုမဟုတ်လား"

ဟု မေးလိုက်လေသည်။ ဝေလင်းစကားဆုံးတော့ အောင်ပုက သားစိုးတို့ဘက်လှည့်ကြည့်သည်။ သားစိုးတို့နဲ့ အကြည့်ချင်း ခဏဆုံကြသည်။ ပြီးမှ ဝေလင်းဘက်ပြန်ကြည့်ကာ . .

"ဒီကောင်တွေပြောလိုက်တာ ထင်တယ်"

ဝေလင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် . . . ပြီးတော့ မင်း အဲဒီကောင်မလေးကို ဘာတွေများပြောမိလဲဆိုတာ ပြန်စဉ်းစားစမ်းပါဦး ဥပမာကွာ ငါတို့အကြောင်းလေး ဘာလေးများပြောမိလားလို့ပါ"

အောင်ပုမျက်နှာက တည်ငြိမ်သွားသည်။ ပြီးတော့ တစ်စုံတစ်ခုကို စူးစူးနစ်နစ်စဉ်းစားသွားသည်။ ထို့နောက် အလန့်တကြား ထငြင်းလေသည်။

"ဟာ . . ကိုဝေလင်း ကျွန်တော့်ကို တစ်မျိုးထင်နေပြီ၊ ကျွန်တော် ဒီဇာတ်လမ်းတွေကို ကောင်မလေးကို ဘာမှသွားမပြောပါဘူး၊ သူနဲ့လည်း တစ်ခါနှစ်ခါပဲတွေ့ဖူးတာပါ. . ဒါတောင်လမ်းကြုံလို့လိုက်စကားပြောရင်း တွေ့တာ"

အောင်ပုစကားပြတ်သွားတာနဲ့ ဝေလင်းကဝင်၍ . . .

"သထမတွေ့တွေ့ချင်း မင်းတို့ဘာတွေပြောကြလဲ"

"ဘာတွေပြောကြလဲဆိုတော့ ဘာမှတော့မယ်မယ်ရရမရှိပါဘူး၊ သူက သူ့ကိုဘယ်လိုစတွေ့လဲမေးတော့ ကျွန်တော်က ငါ့သူငယ်ချင်းတစ် ယောက် ကျောင်းသားကဒ်ကောက်ရထားလို့လို့ အဲဒီ့အထဲက နာမည်က သက်မှုးနွယ်ဖြစ်နေတာနဲ့ လာစုံစမ်းရင်း သိတာလို့ပြောလိုက်တယ်"

"အဲဒီတော့ သူက ဘာပြန်ပြောလဲ"

"ကျောင်းသားကဒ်မှာ ဓာတ်ပုံပါတာပဲတဲ့"

"အဲဒီတော့ မင်းက"

"အဲဒီ့ဓာတ်ပုံကိုမမြင်ရဘူးပျက်နေတယ်လို့"

"သူက ဘာပြန်ပြောလဲ"

"ဘာမှမပြောဘူးရယ်နေတယ်"

ဒီတစ်ခါ တွေဝေသွားသူက ဝေလင်း၊ တော်တော်ကြာအောင် ငြိမ် သက်တိတ်ဆိတ်သွားပြီးမှ . . .

"မင်းက အဲဒီ့ကျောင်းသားကဒ်ကို သူ့ဟာမဟုတ်လားလို့ မမေးလိုက် ဘူးလား"

"ဟင့်အင်း . . . မမေးလိုက်ဘူး . . . သူကလည်း သူ့ဟာလို့ မပြော ဘူး"

"ပြောပြော မပြောပြော မင်းကမေးရမှာ ဘာလို့လဲဆိုတော့ ကျောင်း သားကဒ်ထဲက နာမည်က သက်မှုးနွယ်လေ၊ သူကလွဲပြီး ဘယ်သူရှိမလဲ"

"ဟာ . . . သက်မှုးနွယ်က ခြောက်ယောက်တောင်ဆို"

ဝေလင်းကရယ်လိုက်သည်။ ပြီးမှ . . .

"အဲဒီ့မှာ ငါတို့ဘက်က ဟာကွက်ကို သူတို့သိသွားတာပဲ"

ဝေလင်းစကားကို အောင်ပုတင်မက အားလုံးနားမလည်တော့ပေ၊ ဝေလင်းကလည်း ဒါကိုသဘောပေါက်၍ ဆက်ရှင်းပြသည်။

"သက်မှုးနွယ် . . ခြောက်ယောက်ရှိတယ်ဆိုတာ ငါတို့က လွဲပြီး





ဘယ်သူသိလဲ"

အားလုံးက ဝေလင်းကို ကြည့်ပြီး ခေါင်းခါပြ၏။ ဘယ်သူမှ မသိဘူး ဆိုတဲ့ သဘော။ ဝေလင်း အောင်ပုကို ကြည့်ပြီး . .

"အဲဒီ့အချိန်မှာ မင်းက သူ့ကိုတပ်အပ် မစွပ်စွဲပဲပြန်လာတော့၊ မင်း ဘက်က သက်မှုးနွယ်ဆိုတာ သူတစ်ယောက်တည်းပဲရှိတာမဟုတ်ဘူးဆိုတာ သိနေမှန်း ရိပ်မိသွားတာပေါ့"

"ဘယ်လို . . . ဘယ်လို . . . ပြန်ရှင်းပြစမ်းပါဦး"

အောင်သန်းကြီးက ခေါင်းရှုပ်သွားဟန်ပြန်ရှင်းခိုင်းတော့ . . .

"ဒီလိုကွာ . . . အောင်ပုက ကောင်မလေးကို သက်မှုးနွယ်မှန်းသိ တယ်၊ ကျောင်းသားကဒ်ထဲကပါတဲ့ နာမည်ကလည်း သက်မှုးနွယ်ပဲ၊ ဒါပေမယ့် အောင်ပုက ကောင်မလေးကို မင်းလိမ်မနေနဲ့ ဒီမှာနာမည်ပါတယ်၊ ဒါမင်း ကဒ်ကလွဲပြီး ဘယ်ကဒ်ဖြစ်ဦးမလဲဆိုပြီး တိုက်ရိုက်စွပ်စွဲမလာဘူး။ အဲဒီတော့ အောင်ပုဘက်က သက်မှုးနွယ်ခြောက်ယောက်ရှိမှန်းသိနေတာ ပေါ်သွားတာ ပေါ့"

အောင်သန်းကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားပြီးမှ . .

"ကောင်မလေးကလည်း အောင်ပုပြောပြော မပြောပြော သူ့ကဒ်ပါ လို့ ဘာလို့မပြောတာလဲ"

ဝေလင်းရယ်လိုက်သည်။

"သူမပြောတာ ကောင်းပါတယ်"

"ဘာဖြစ်လို့လဲ"

"သူသာတကယ်လို့ မဟုတ်တဲ့ ပြောချလိုက်ရင် ငါတို့ဘက်က လမ်း စပျောက်သွားပြီ"

အားလုံးက ဝေလင်းကို ကြည့်နေကြသည်။ ဝေလင်းမျက်နှာသည် ပေါ့ပါးလန်းဆန်းကာနေသည်။ တစ်စုံတစ်ခုရဲ့ အဖြေကို သိလိုက်တဲ့အတိုင်း။

"ကောင်မလေးဘက်က သူ့ဟာပါလို့ မပြောလိုက်တဲ့အတွက် သူ့ ဘက်ကလည်း သက်မှုးနွယ်ဆိုတဲ့ နာမည်က သူတစ်ယောက်တည်းမဟုတ်ဘူး

www.foreverspace.com.mm

ဆိုတာ သိနေတာထင်ရှားနေပြီ။ တကယ်လို့ သူ့ဘက်က မသိခဲ့ရင် အနည်းလေး သူ့ဟာမဟုတ်ရင်တောင် တော်တော်အံ့ဩသွားရမယ်၊ အခု အောင်ပုပြောသလိုဆို သေချာတယ် . . သူလည်း သက်မှူးနွယ် ခြောက်ယောက်ရှိတာသိနေတယ်၊ အဲဒါကြောင့် ကျန်တဲ့ငါးယောက်ဆီက ဖြစ်မှာပဲလို့ သူတွက်မိလိုက်လိမ့်မယ်၊ ပြီးတော့ ငါတို့တွေကျန်တဲ့ သက်မှူးနွယ် ငါးယောက်ဆီမှာ တစ်နည်းမဟုတ် တစ်နည်း စုံစမ်းကြမှာပဲဆိုတာလည်း သူတွေးမိသွားတယ်။ ဒါပဲ"

"အဲဒီတော့ . . ."

ဝေလင်းပြုံးလိုက်သည်။

"သူတို့ရဲ့ တိုက်စစ်လေးက တော်တော်လှပါတယ်၊ တော်ရုံခံစစ်နဲ့ဆိုရင် မရှုမလှ ရှုံးသွားရမယ့်အတွက်ပဲ . . . ဒါပေမယ့် သူတို့တစ်ကွက်ဟာသွားတယ်၊ ခုန မင်းနဲ့ငါနဲ့ထိုးခဲ့တဲ့ စစ်တုရင် . . ပွဲလိုပေါ့၊ တစ်ဖက်ဘုရင်ကို သိမ်းပိုက်ချင်တာနဲ့ ကိုယ့်ဘုရင်မကြီး လက်လွှတ်ခဲ့ရတာလေ"

အောင်သန်းကြီးက 'မဆီမဆိုင်ကွာ' ဟုထပြောလိုက်သည်။ ဝေလင်းရယ်လိုက်ကာ အောင်ပုဘက်လှည့်ကြည့်သည်။

"အောင်ပု မင်း အဲဒီကောင်မလေးနဲ့ရော နောက်ပိုင်း အဆက်အသွယ်ရသေးလား"

"ကျွန်တော် သွားရင်ရတယ်၊ မသွားရင် မရဘူး အစ်ကို"

ဝေလင်းက စကားကို ဆက်လိုက်သည်။

"အဲဒါဆို မင်းသွားပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"မင်းက ကောင်မလေးဆီသွားပြီးရင် ကျောင်းသားကဒ်ကိစ္စကို စကားမကြုံကြုံအောင်ပြော၊ ပြီးရင် . . ."

ဝေလင်းက အောင်ပုလုပ်ရမှာတွေကို သေချာမှာနေလေသည်။ မှာလို့ပြီးသွားတော့ အောင်သန်းကြီးက . . .

"မင်းက အောင်ပုကို အဲဒါတွေလုပ်ခိုင်းပြီး ဘာလုပ်မလို့လဲ"





"ခုနပွဲက ငါ မင်းကို နိုင်လိုက်သလို ခွချက် ချက်မလို့လေကွာ"

အောင်သန်းကြီး တောက်တစ်ချက်ခတ်ကာ မျက်နှာပိုဘက်လှည့်သွားလေတော့သည်။

www.foreverspace.com.mm

**အချစ်သည် ပုံပြင်မဟုတ်ပါ။**
**သို့သော် ...။**
**ပုံပြင်တွေထဲ၌ အချစ်ရှိသည်၊**





www.foreverspace.com.mm

ကောင် မလေးက အောင်ပုကို မြင်တာနဲ့ ကျေနပ်မရဖြစ်သွားသည်။ အောင်ပု သူ့ဆီလာတာကို ပျော်သွားပုံလည်းရသည်။ အမှန် အောင်ပုကို မမြင်တာကြာ၍ လွမ်းနေလို့တော့မဟုတ်။ အောင်ပုနဲ့တွေ့ရင် ဘာသတင်းများ နှိုက်ရမလဲ ချောင်းနေ၍ဖြစ်သည်။ အခုလည်း မိန်းမမာယာတွေ အပြည့်သုံးပြီး ဒီငနဲ့ဆီက သတင်းနှိုက်ရဦးမည်ဟု စိတ်ထဲထားထားလိုက်၏။

"မလာတာကြာပြီနော် . . . ဒီကသတိရနေတာ"

မျက်စောင်းလေးထိုးပြီး ညုတုတုလေးပြောလိုက်တော့ အောင်ပု ရုတ်တရက်သွားဖြီးသွား၏။ ရင်ထဲက အပျော်လုံးသည် နှလုံးရောဂါများရှိလျှင် ထိုနေရာတွင် ပွဲချင်းပြီး သေသွားမည့်လုပ်ကွက်ပင် . .။

သို့သော် အောင်ပုမှာ နှလုံးရောဂါမရှိပေ။ ပြီးတော့ ဒီတစ်ခါ သူလာခြင်းကလည်း ဒုတိယကမ္ဘာစစ်က မဟာမိတ်နိုင်ငံများမှ လွှတ်လိုက်သော သူလျှိုတစ်ယောက်လို နာဇီတို့အကြောင်းကို စုံစမ်းဖို့ဖြစ်သည်။

ထို့ကြောင့် သူက ခပ်အေးအေးပင် . .။

"မရောက်ဖြစ်ဆို မပြောချင်တော့ပါဘူးဗျာ"

ဟု စကားကို အစထောင်လိုက်၏။ ကောင်မလေးက စိတ်ဝင်စားသွားသောပုံစံဖြင့် . . .

'ဘာဖြစ်လို့လဲဟင်' ဟု ပြန်မေးလေသည်။

အောင်ပုက 'ဒီနေရာမှာ မကောင်းဘူး ကဲန်တင်းသွားရအောင်'ဟု

ဆွယ်ကာ ကောင်မလေးကို ခေါ်ထုတ်ခဲ့လေတော့သည်။

ကန်တင်းရောက်တော့ မှာစရာရှိတာ မှာပြီး အချိန်အတန်ကြာသည်အထိ အောင်ပုဘက်က စကားမစသေးသောကြောင့် . .

"ပြောမယ်ဆို . . . ဘာအကြောင်းလဲ ပြောလေ"

ဆိုပြီး သက်မှုန်နွယ်က မေးရတော့၏။ အောင်ပုက ချက်ချင်းမပြောသေးဘဲ လက်ဖက်ရည်ကို ဖြည်းဖြည်းချင်း မှုတ်ကာတစ်ငုံသောက်လိုက်ပြီးတော့မှ . .

'ကျွန်တော့် သူငယ်ချင်း သားစိုးပေါ့ဗျာ' ဟု စကားစ၍ ဆေးလိပ်တစ်လိပ်မီးညှိလိုက်၏။ သက်မှုန်နွယ်က . .

"ဘယ်ကသားစိုးလဲ"

"ဟိုတစ်ခါ ကျောင်းသားကဒ်ကောက်ရသွားတဲ့ ကောင်လေ"

"ဪ . . . အဲဒီကောင်နာမည် သားစိုးလား"

"ဟုတ်တယ်"

သက်မှုန်နွယ် စိတ်ထဲ သားစိုးနာမည်ကို အလွတ်ကျက်မှတ်ထားလိုက်၏။ ပြီးရင် သူ့အဖွဲ့တွေဆီ ထိုနာမည်ကိုပြန်လည်ဖောက်သည်ချရဦးမည်။

"အဲဒီသားစိုးက ဘာဖြစ်လို့လဲ ပြောစမ်းပါဦး"

သက်မှုန်နွယ် စကားကို ဆက်နှိုက်သည်။

"ဒီကောင်ဗျာ မပြောချင်ပါဘူး၊ တစ်နေ့တစ်နေ့ ဒီဘာရုပ်မှမပေါ်တဲ့ ကျောင်းသားကဒ်လေးပဲကြည့်ကြည့်နေတာ ထမင်းလည်း မစားဘူး၊ ကျောင်းလည်းမတက်တော့ဘူး၊ ကြာရင်သေမှာပဲ၊ အခုတောင် အားပြတ်ပြီး အိပ်ရာထဲလဲနေလို့ ဆရာဝန်တောင်ခေါ်ပြနေရတယ်"

သက်မှုန်နွယ် မျက်လုံးလေးပြူးသွားကာ . .

"ဟယ် . . အဲဒီကျောင်းသားကဒ်က အခုထိ မစုံစမ်းရသေးဘူးလား"

ရုပ်ရှင်အကယ်ဒမီအကဲဖြတ်အဖွဲ့သာတွေ့လျှင် သက်မှုန်နွယ်ရဲ့ သရုပ်ဆောင်ကွက်ကို ဆန်ကာတင်စာရင်းထဲ ထည့်မှတ်မိမှာကျိန်းသေပင်။ သို့သော် အောင်ပုကလည်း စနစ်တကျ လေ့ကျင့်ထားသော သူလျှိုတစ်ယောက်





၏အမူအရာဖြင့် မျက်နှာကို ချက်ချင်းညှိုးငယ်ပစ်လိုက်ကာ . .

"ဟုတ်တယ်ဗျာ . . . ကျွန်တော်တို့ ဘယ်လိုမှ စုံစမ်းလို့မရဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့လဲဟင်"

"သက်မှုန်နွယ်ဆိုတဲ့ နာမည်နဲ့ ကျောင်းသူက ခင်ဗျားအပါအဝင်အားလုံး ခြောက်ယောက်ရှိနေတယ်ဗျ"

"ဟင် . . . ဟုတ်လား"

သက်မှုန်နွယ်လိုအပ်တာထက် မျက်လုံးကို ပိုပြူးပစ်လိုက်၏။

"ဟုတ်တယ် . . . ကျန်တဲ့ငါးယောက်လုံးဆီ ကျွန်တော်တို့သွားပြီး စုံစမ်းပြီးပြီ . . . အဖြေက တစ်ခုတည်းရတယ်"

"ဘာတဲ့လဲ"

"အကုန်လုံးမှာ ကျောင်းသားကဒ်ပျောက်နေတယ်တဲ့"

"ဟယ်တော့"

သက်မှုန်နွယ်က ပါးစပ်ကို လက်ဝါးတစ်ဖက်နဲ့ ပိတ်ကာ အာမေဍိတ်သံလုပ်ပေးသည်။ အောင်ပုက မျက်နှာညှိုးရက်နဲ့ပင် ဆက်ပြော၏။

"အဲဒီတော့ ဒီကျောင်းသားကဒ်ပိုင်ရှင်လေးက ပျောက်နေတာပေါ့ဗျာ . . . ဟင်း . . . ဘယ်တတ်နိုင်ပါ့မလဲလေ . . . ကျွန်တော့်သူငယ်ချင်းရဲ့ ကံကိုကမကောင်းတာပါ၊ ဒီကောင်က လူရိုးလူအေးဗျ၊ မိန်းမဆိုလို့ ဘယ်မိန်းမနဲ့မှ ပတ်သက်ဖူးတာမဟုတ်ဘူး၊ သူနဲ့ အဲဒီနေ့က တိုက်မိခဲ့တဲ့ ကောင်မလေးကိုပဲ အသေအလဲစွဲသွားတာ၊ ဒါပေမယ့် သူမှာ အဲဒီကောင်မလေးကို ချဉ်းကပ်ဖို့ဆိုလို့ သဲလွန်စအနေနဲ့ ဒီကျောင်းသားကဒ်လေးပဲ ကျန်ခဲ့တာ၊ အခု အဲဒီကျောင်းသားကဒ်လေးကလည်း ဘာမှအသုံးမဝင်တော့ အရမ်းကိုခံစားနေရတာ"

အောင်ပုက ပြောပြီး သက်မှုန်နွယ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ သက်မှုန်နွယ်မျက်နှာတွင် စိတ်မကောင်းဟန်လေးတစ်ချက်ဖြတ်ပြေးသွားတာ သတိထားလိုက်မိသည်။ အောင်ပုအားတက်သွားပြီး . .

"ဟိုနေ့ကလည်း အင်သတင်းနဲ့ ကြွက်ဆေးဆိုလား ရောသောက်မလို့ လုပ်နေလို့ မနည်းတားလိုက်ရတယ်၊ တစ်နေ့တစ်နေ့လည်း ဘာအလုပ်မှ မလုပ်တော့ဘူး၊ ဒီကျောင်းသားကဒ်လေးပဲကြည့်ကြည့်ပြီး သက်မှုံနွယ်၊ သက်မှုံနွယ်နဲ့ တစ်နွယ်တည်းနွယ်နေတော့တာပဲဗျာ . . ကြာရင် ဒီကောင်သေမှာပဲ"

သက်မှုံနွယ် မျက်လွှာအောက်ချသွားသည်။ ပြီးနောက် တိုးဖွဖွရေရွတ်ကာ . .

"စိတ်မကောင်းပါဘူး ရှင်"

အောင်ပုက သက်ပြင်းရှည်ကြီးကို သက်မှုံနွယ် မကြားကြားအောင်ချကာ . .

"ကျွန်တော်တို့ သူငယ်ချင်းတွေလည်း သူ့ကိုဂရုစိုက်နေရတာနဲ့ နေ့မအိပ်ညမအိပ်အလုပ်ရှုပ်နေရတာ . . . အဲဒါကြောင့် သက်မှုံနွယ်ဆီကို ကျွန်တော် မရောက်ဖြစ်တာပါ။ သူ့ကိစ္စသာမရှိရင် ချောင်းပေါက်အောင်ရောက်ဖြစ်မှာကျိန်းသေပဲ"

အောင်ပုက အလုပ်သဘောနဲ့ မဆိုင်တဲ့စကားတွေပါထည့်ပြောသည်။ ဘုရားလည်း ဖူးရင်း လိပ်ဥလည်း တူးမည့်ပုံစံပင်။ သက်မှုံနွယ်က အောင်ပုကို မော့ကြည့်လိုက်ကာ

"အဲဒါကြောင့် ထင်တော့ ထင်သား ဘာဖြစ်လို့ မတွေ့ဖြစ်ပါလိမ့်လို့"

"လူကမရောက်ဖြစ်ပေမယ့် စိတ်ကတော့ အမြဲရောက်ပါတယ်ဗျာ"

ဆိုပြီး နောက်တစ်လုံး ပစ်သွင်းလိုက်သည်။ သက်မှုံနွယ်ရှက်ကိုးရှက်ကန်းလေးခေါင်းငုံ့သွားတော့ . . .

"ကျွန်တော့်အလှည့်ကျရင်လည်း သားစိုးမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ဟုဆက်ပြောလိုက်၏။ သက်မှုံနွယ်က . . .

"အောင်ပုကရော ကျောင်းသားကဒ်ကောက်ရထားလို့လား"

ဆိုပြီး ပြန်မေးလိုက်သည်။

တော်ဝင်မြို့မစာအုပ်တိုက်



"လူကိုယ်တိုင်ကြီးတွေ့နေပြီးတော့မှ ကျောင်းသားကဒ်မလိုတော့ ပါဘူးဗျာ"

လို့ အောင်ပုက ပေါ်တင်ကြီးပြန်ဖြေလိုက်လေသည်။ သက်မှုံနွယ်က ဘယ်သူလဲဟင်ဆိုပြီးတော့ ထပ်မမေးပါ။ သူမလည်း အောင်ပု ဘယ်ယုန်ကို ဘယ်ချုံမှာ ထောင်နေပြီဆိုတာ သိပါသည်။ ထို့ကြောင့် . . ။

'ကျွန်မအတန်းရှိသေးလို့ သွားလိုက်ဦးမယ်'ဆိုပြီး ထလစ်ခဲ့လိုက်တော့သည်။

သက်မှုံနွယ်ထသွားတော့ အောင်ပုပြုံးရင်း ကျန်ခဲ့၏။

ခုနညှိုးငယ်နေသော မျက်နှာနဲ့တော့ တခြားဆီပင် . . ။

ဒီနေ့ သူများအကျိုးဆောင်၍ ကိုယ့်အကျိုးလည်းအောင်သင့်သလောက်အောင်သွားပြီဟုဆိုရပေမည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.foreverspace.com.mm

ဝေလင်းက အောင်ပုစကားတွေကို နားထောင်ရင်း ကျေနပ်နေသည်။ အစအဆုံးဘာမှလိုလေသေးမရှိအောင် ဆောင်ရွက်နိုင်၍ ချီးကျူးမိ၏။

"ကျွန်တော် အဲဒီလိုလည်း ပြောလိုက်ရော ကောင်မလေးမျက်နှာ ညှိုးသွားလိုက်တာဗျာ မျက်စိထဲကကို မထွက်ဘူး"

အောင်ပုက ပြောရင်း လက်ဖက်ရည်ခွက်ကို ကောက်ကိုင်လိုက်၏။ ဝေလင်းက အောင်ပုကိုကြည့်ပြီး . .

"အဲဒါ ငါတို့ရဲ့ ပထမဆုံးတိုက်စစ်ပဲ၊ ဒါပေမယ့် အရာရာသတိထားရမယ်။ ဒီတစ်ခါတော့ အရာရာသတိရှိမှဖြစ်မှာ . . . တစ်ခုခုလွဲချော်ခဲ့ရင် တော့သွားပြီ"

အားလုံးက ဝေလင်းကို ကြည့်သည်။ ဝေလင်းက ခေါင်းညိတ်ပြကာ-

"နောက်နေ့တွေမှာ အောင်ပုက ကောင်မလေးဆီကို မကြာမကြာ သွားပေး"

"သွားပြီး ကျွန်တော်က ဘာထပ်လုပ်ရဦးမှာလဲ ဟင်"

"ဘာမှထွေထွေထူးထူး လုပ်စရာမလိုပါဘူး . . . သူပြောတဲ့စကား တွေကို နားထောင်ပြီး ပြန်ခဲ့ရုံပါပဲ"

အောင်ပုက ထိုအလုပ်ကို တာဝန်ကျေအောင် ထမ်းဆောင်ချင်နေသူဖြစ်၍ ခေါင်းကိုညိတ်၏။ ထိုအချိန်မှာပင် ကဲန်တင်းထဲသို့ သားသားနားနား ဝတ်ဆင်ထားသော လူတစ်ယောက်ဝင်လာသည်။ ထိုလူက ဝေလင်းကို မြင်





www.foreverspace.com.mm

သွားတော့ လှမ်းလာလိုက်ကာ . . .

"ကိုဝေလင်းရော ရှာလိုက်ရတာ"

"ဟာ . . . ဇော်ထိုက် . . . လာ . . . ထိုင်"

ဇော်ထိုက်ဆိုသူက ဝင်ထိုင်ပြီး သားစိုးတို့ကို ဝေ့ကြည့်၏။ ဝေလင်းက ဇော်ထိုက်နဲ့ သားစိုးတို့အဖွဲ့ကို မိတ်ဆက်ပေးသည်။ ဇော်ထိုက်က သားစိုးတို့ကို လက်ဆွဲနှုတ်ဆက်ပြီးနောက် ဝေလင်းဘက်ပြန်ကြည့်ကာ . .

"ကိုဝေလင်း ကျွန်တော့်ဆီက ဟမ်းဖုန်းလိုချင်လို့ဆို"

"အေးဟုတ်တယ် ဒါပေမယ့် ငါအခု မလိုသေးပါဘူး . . . လိုတော့ ပြောပါ့မယ်"

"ဘယ်တော့ယူမှာလဲ"

"အင်း . . . ဒီရက်ပိုင်းအတွင်းလောက်ဖြစ်မယ်ထင်တယ် . . ခဏပါ"

ဇော်ထိုက်က ပြုံးလိုက်ရင်း . . .

"ရပါတယ် . . . ကိုဝေလင်း ကြိုက်တဲ့အချိန်ယူပါ၊ ကျွန်တော့်ကို ကိုစိန်ကုလားကပြောလို့ အခု ကျွန်တော်လာမေးတာ"

ထိုသို့ပြောပြီးနောက် ဇော်ထိုက်အားလုံးကို နှုတ်ဆက်ကာပြန်သွားသည်။ ဇော်ထိုက်ပြန်သွားပြီးတော့ သားစိုးတို့က ဝေလင်းကို နားမလည်နိုင်စွာ ကြည့်၏။

"ကိုဝေလင်းက ဟမ်းဖုန်းကို ဘာလုပ်မလို့လဲ"

ဝေလင်းပေါ့ပေါ့ပါးပါးပင် ရယ်လိုက်ကာ . .

"ဘာရယ်မဟုတ်ပါဘူး လူရှိန်အောင်လို့ ကိုင်ဖူးတယ်ရှိအောင် ကိုင်ကြည့်ချင်လို့ပါ"

အားလုံးပြုံးလိုက်သော်လည်း ထိုအဖြေကိုတော့ ဘယ်သူမှ ဘဝင်မကျလှပေ . .။

www.foreverspace.com.mm

ဝေလင်းက မကြာမကြာသွားပေးဆိုတဲ့ စကားကြောင့် အောင်ပုက တစ်နေ့သုံးခေါက်လောက်ရောက်သည်။ ကြာတော့ သက်မှုးနွယ် အခန်းထဲက လူတွေကပါ အောင်ပုနဲ့ သက်မှုးနွယ်ကို ဘာလိုလိုတွေထင်လာကြ၏။ ဒါကို သက်မှုးနွယ် ကိုယ်တိုင်က သိသော်လည်း မသိချင်ယောင်ဆောင်နေလိုက်သည်။ အားလုံးက မေးတော့ သူငယ်ချင်းပါဆိုတဲ့ စကားနဲ့သာ ကာကွယ်ထားပြီး ဘာတစ်ခုမှ ရှင်းချက်မထုတ်ပေ။ သူ့ဘက်ကတော့ အခုချိန်ထိ အောင်ပု အပေါ် အလုပ်သဘောအရ ဆက်ဆံနေခြင်းမှလွဲ၍ ဘာခံစားချက်မှမရှိသေး။

ဒီနေ့လည်း ထုံးစံအတိုင်း အောင်ပု ရောက်လာသည်။ ဒါတစ်နေ့တာရဲ့ ပထမဆုံးအကြိမ်ရောက်လာချင်းဖြစ်သည်။ နေ့လယ်ထမင်းစားနားချိန် တစ်ခေါက်လာမည်။ ပြီးလျှင် ကျောင်းဆင်းခါနီး တစ်ခေါက်လာ၏။ ဒီအပိုင်းမှာတော့ အောင်ပုက မြန်မာ့မီးရထားထက်ပင် အချိန်မှန်သေး၏။ အခုလည်း သူတို့ကဲန်တင်းကို ထွက်လာကြသည်။

သက်မှုးနွယ်က အောင်ပုနဲ့တွေ့ရင် သားစိုးအကြောင်းပဲမေးသည်။ သားစိုးရဲ့ အခြေအနေတိုးတက်မှုကို စုံစမ်းသည်။ အောင်ပုဆီကတော့ ဘယ်သောအခါမှ အခြေအနေတိုးတက်လာတာမကြားရ၊ ကုမရဘူး ဇာတ်ကဆုံးနေပြီဆိုတာမျိုး၊ ဆရာဝန်လက်လျှော့ထားရပြီလိုဟာမျိုး၊ မနက်ဖြန်သေမယ်၊ သန်ဘက်ခါကြွမယ်ဆိုတဲ့ သတင်းမျိုးတွေသာကြားနေရသည်။

သက်မှုးနွယ်တို့ဘက်မှာလည်း ထိုကိစ္စနဲ့ပတ်သက်ပြီး ဂယက်ရိုက်





ခတ်မှုလေးတွေရှိနေ၏။ သူမက ကျန်တဲ့သူတွေကို 'သားစိုး'အကြောင်းပြောပြတော့ အားလုံးကစိတ်မကောင်းကြပေ။ သူတို့နောက်လိုက်တာ လွန်များသွားပြီလားဆိုပြီး နံပါတ် (၁)ကြီးကတောင် မှတ်ချက်ချလိုက်သေး၏။ နောက်ပြီး သူတို့ထဲမှာလည်း ရှုပ်ထွေးမှုလေးတွေရှိနေသည်။ ဒါကတော့ ပျောက်သွားတဲ့ ကျောင်းသားကဒ်ပိုင်ရှင် ဘယ်သူလဲဆိုတာ စုံစမ်းမရခြင်းပဲဖြစ်၏။ ထိုကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူမှအတိအလင်း ဝန်မခံကြဘဲ တစ်ယောက်နဲ့တစ်ယောက် သံသယတွေနဲ့ သာကြည့်နေခဲ့ကြသည်။ ဒီနေ့တော့ ဒီကိစ္စကို အပြီးဖြေရှင်းမည်ဟု နံပါတ် (၆)က စဉ်းစားထားသည်။ ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းကောင်းကိုလည်း တွေးထားမိ၏။ ထို့ကြောင့် အောင်ပုဆီကပြန်တာနှင့် သူတို့ဆိုနေကျ(ဖူး)ဆောင်ဘက်က အခန်းသို့ တစ်ကိုယ်တည်းထွက်ခဲ့ပါတော့သည်။ ထို့နောက်လူစုံတာနဲ့ . . ။

"သားစိုး အခြေအနေက တော်တော်ဆိုးနေပြီ။ ဘာပဲဖြစ်ဖြစ် ငါတို့ဘက်က နည်းလမ်းတစ်ခုခုနဲ့တော့ ကူညီဖို့ကောင်းတယ်"

နံပါတ် (၆)စကားဆုံးတော့ ကျန်တဲ့သူတွေထဲက တစ်ယောက်က. .

"နင်ပြောတဲ့ သဘောကို ငါတို့နားမလည်ဘူး၊ ငါတို့က ဘယ်လိုကူညီမှာလဲ အခုချိန်မှာ သွားကူညီရင် အားလုံးပေါ်ကုန်မှာပေါ့၊ အဲဒီ့အခါကျမှ ပိုဆိုးမှာ"

နံပါတ် (၆)က ခေါင်းခါရင်း . . .

"ငါပြောတာက အားလုံး သွားကူညီဖို့ပြောတာ မဟုတ်ဘူး၊ သူနဲ့သက်ဆိုင်တဲ့ သက်မှုးနွယ်ကပဲ သွားကူညီရမှာ"

"ဟင် . . . နင်ပြောသလိုဆို အဲဒီ့သက်မှုးနွယ်ကပဲ သားစိုးကို သွားကြိုက်ရမလိုဖြစ်နေပြီ"

နံပါတ် (၁)ရဲ့ စကားကြောင့် အားလုံးငြိမ်သွားကြသည်။ နံပါတ် (၆) ကလည်း နံပါတ် (၁)ပြောတာမှန်နေ၍ ဘာမှစောဒက မတက်နိုင်ပေ။ သူမက စိတ်ကောင်းထားပြီး သားစိုးကို သက်သာစေချင်တာပဲ သိသည်။ ဒါတွေကို ကြိုမတွေးမိ။ အဲဒီ့အချိန်မှာပဲ နံပါတ် (၂)ရဲ့ စကားသံထွက်လာတော့၏။

“သားစိုးကို ကူညီတာ မကူညီတာခဏထားပါဦး၊ အဲဒီ့ သားစိုးနဲ့ တွေ့ခဲ့တဲ့လူက ဘယ်သူလဲဆိုတာရော နင်သိလို့လား”

“ငါလည်းမသိဘူး”

နံပါတ် (၆)နဲ့ နံပါတ် (၂) ပြောနေကြတာတွေကို နံပါတ် (၁)က ကြားကဝင်ပြီး . . .

“ငါတို့တွေတောင် ဘယ်သူမှန်းမသိတဲ့ ကိစ္စကို သူများသွားပြီး ဘယ်လိုလုပ်ကူညီမလဲ . . . တကယ်လို့ ကူညီချင်တယ်ပဲထားပါဦး . . . အဲဒီ့လူက ဘယ်သူလဲ . . . ပြီးတော့ ငါတို့က ဘယ်လိုကူညီရမှာလဲ . . . ခုနပြောသလို ဟိုဘက်က သေမလိုဖြစ်နေတာနဲ့ပဲ သွားမကြိုက်နိုင်ပါဘူး”

နံပါတ် (၆)က နံပါတ် (၁) စကားကို နင်းပြီး . . .

“ငါကလည်း သားစိုးကို အတင်းသွားကြိုက်ခိုင်းနေတာ မဟုတ်ပါဘူး၊ အောင်ပုပြောပုံအရဆိုရင် သက်မှူးနွယ် အစစ်က ဘယ်သူမှန်းမသိလို့ ခံစားနေရတာတဲ့၊ သိသွားရင် ပြီးပြီတဲ့”

“ဘာပြီးတာလဲ”

“မသိဘူးလေ သူကတော့ ပြီးပြီလို့ပြောတာပဲ ဆိုလိုတာက ကျန်တာ သူတို့ဟာ သူတို့ကြိုးစားမယ်ဆိုတဲ့ သဘောပေါ့။ ပြန်ကြိုက်တယ်။ မကြိုက်ဘူး ဆိုတာ သားစိုးကို ကြည့်ပြီး အဲဒီ့သက်မှူးနွယ်အစစ်ကပဲ ဆုံးဖြတ်ရမှာလေ”

နံပါတ် (၁)က စဉ်းစားသလိုလို လုပ်သည်။ ပြီးမှ . . .

“အဲဒီ့ သားစိုးဆိုတဲ့ ကောင်ကရော တကယ်ဖြစ်တာကျိန်းသေလို့လား . . . ယောကျ်ားတစ်ယောက်အနေနဲ့ သက်မှူးနွယ်ကို ရှာမတွေ့လို့ အသည်းကွဲနေတယ်ပဲထားဦး အဲဒီလောက်သေလုမျောပါး ဖြစ်စရာအကြောင်း ရှိပါ့မလား”

နံပါတ် (၆)က ခေါင်းကို ကုပ်လိုက်သည်။

“အဲဒါတော့ ငါလည်း ဆရာဝန်မဟုတ်တော့မသိဘူး . . . အောင်ပု ပြောတာတော့ သားစိုးမှာ ငှက်ဖျားပိုးရှိတယ်ပြောတယ်၊ အအိပ်အစားနဲ့တော့ ငှက်ဖျားက ပြန်ထတာတဲ့၊ ပြီးတော့ လေးဘက်နာရော နှလုံးပါရှိတယ်တဲ့၊





ငယ်ငယ်ကလည်း အဆုပ်အားနည်းဖူးတယ်ဆိုလား”

“နင့် လူကလည်း ၉၆ ပါးရောဂါကန်ထရိုက်များဆွဲထားသလား ဟာ . . . ပြန်ကြိုက်မယ်ဆိုရင်တောင် တော်တော်စဉ်းစားယူရမယ် . . . တော်ကြာ ကိုယ်ပါ ကူးစက်ရောဂါဆေးရုံတက်နေရဦးမယ် . . . သူ့မှာ HIV နဲ့ (B)ပိုး တော့ မရှိလောက်ပါဘူးနော်”

နံပါတ် (၃) စကားကြောင့် အားလုံးရယ်လိုက်ကြသည်။ ထိုရယ်သံများကြောင့် သူတို့စိတ်ထဲပေါ့ပါးသွားကြသလို ရှိ၏။ ရယ်သံတွေအဆုံးမှာ နံပါတ် (၆)ကပဲ ဝင်ပြီး . .

“ကဲပါ . . သူ့ဘာသာသူ ရောဂါရှိတာမရှိတာတွေ၊ သေတာမသေတာတွေ ဘေးချိတ်ထားလိုက်ဦး လောလောဆယ် အဓိကအရေးကြီးတဲ့ အဖြေတစ်ခုကို ရှာရမယ် . . . ဒီတစ်ခါတော့ ငါ့ကိုဘယ်သူမှ မလိမ်ကြနဲ့နော်”

အားလုံးက နံပါတ်(၆)ကို ကြည့်ကြသည်။ နံပါတ် (၆)ကလည်း အားလုံးကို ပြန်ကြည့်လိုက်၏။

“တခြားဟာမဟုတ်ပါဘူး အဲဒီ့ကျောင်းသာကဒ်ရဲ့ ပိုင်ရှင်ဘယ်သူလဲဆိုတာ တခြားလူတွေမသိရင်နေ ငါတို့အချစ်ဆုံး သူငယ်ချင်းတွေတော့ သိဖို့ကောင်းတယ်ထင်လို့ပါ”

ငါးယောက်လုံးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ပြီးနောက် နံပါတ် (၆)ကို ပြန်ကြည့်၏။ နံပါတ် (၆)က စကားကို ဆက်သည်။

“လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါ . . . အဲဒီတော့ ကိုယ့် လိပ်ပြာကိုယ်လုံရင် သူငယ်ချင်းတွေကို အမှန်အတိုင်း ဖွင့်ပြောလိမ့်မယ်ထင်တယ်”

အားလုံးတိတ်ဆိတ်ငြိမ်သက်နေကြ၏။ နံပါတ် (၆)က တစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကိုကြည့်ပြီး . .

“နင်လား”

သက်မှူးနွယ်တစ်ယောက်ကို မေးလိုက်လေသည်။ ထိုတစ်ယောက်

www.foreverspace.com.mm

က ခေါင်းခါပြ၏။

"မဟုတ်ဘူး"

"နင်ရော"

နောက်တစ်ယောက် . . .

"မဟုတ်ဘူး"

"ဒါဆိုနင်"

"ငါ . . ငါလည်းမဟုတ်ဘူး"

"ဒါဆိုရင် နင်ပေါ့"

ထိုတစ်ယောက်ကလည်း ခေါင်းခါလိုက်ပြန်သည်။ အဲဒီနောက် သူတို့အကြည့်တွေအားလုံးသည် နောက်ဆုံးကျန်သည့် သက်မှုန်နွယ်ဆီသို့ ကျရောက်သွားကြပါတော့သည်။

ထိုသက်မှုန်နွယ်က အားလုံးရဲ့အကြည့်တွေကို ရင်မဆိုင်ရဲသည့်အလား မျက်လွှာချလိုက်ကာ . .

"ငါ . . ငါ . . ငါ"

အားလုံးအသက်ရှူရပ်တန့်လောက်အောင် ငြိမ်ထားပြီး ထိုသက်မှုန်နွယ်ဆီမှ စကားကို စောင့်မျှော်နေ၏။ ထိုသက်မှုန်နွယ်ကလည်း တုန်တုန်ရင်ရင်ဖြင့် . . .

"ငါ . . ငါ့ . . . ဟာပါ"

စကားအဆုံးတွင် အားလုံးတစ်ပြိုင်နက် ထအော်လိုက်ကြလေသည်။

"ဟေး . . . တရားခံမိပြီဟေ့"

သူတို့အော်သံများသည် ပတ်ဝန်းကျင်ကို ဆူညံသွားတော့၏။





www.foreverspace.com.mm

ဝေလင်းက မိန်းမတိုင်းမှာ မွေးကတည်းက ပါလာတဲ့ မိခင်စိတ်ဓာတ်ကိုဆွပေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အောင်ပုကို သားစိုးအကြောင်း သတင်းလွှင့်ခိုင်းထားခြင်းဖြစ်၏။ သို့သော် ဝေလင်းပြောခိုင်းသည့်အထဲတွင် မနက်ဖြန်သေတော့မလိုလို၊ သန်ဘက်ခါသေတော့မလိုလိုတွေမပါ။ မင်းဟာမင်းကြည့်ပြောလိုက်ပေါ့ကွာဆိုတာလောက်သာ ညွှန်ကြားခဲ့၏။ ဒါကို အောင်ပုက ဇာတ်ရှပ်တော်တော်နာအောင် သူ့ဘာသာသူလုပ်လိုက်ခြင်းဖြစ်သည်။

ဝေလင်းက သားစိုးအကြောင်း သတင်းလွှင့်လိုက်ရင် ဒါမျိုးတွေဖြစ်လာမယ်ဆိုတာကို ကြိုတင်ခန့်မှန်းမိ၏။ သူကလည်း သက်မှုန်နွယ်ခြောက်ယောက်လုံးက တစ်ယောက်နဲ့ တစ်ယောက်တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဆိုတာကို နောက်ယောင်ခံကြည့်ခြင်းဖြင့် တစ်ကြောင်း၊ သူတို့စကားအသွားအလာများအရ တစ်ကြောင်းသိထား၏။ ဟိုနေ့က အောင်ပုနဲ့ စကားပြောပြီး ထသွားသော ရူပဗေဒက သက်မှုန်နွယ်နောက်ကို နောက်ယောင်ခံပြီးလိုက်သွားရာ အဖြေကပိုမိုပြတ်သားသွားသည်။

သူတို့တွေဝင်နေကျအတိုင်း (ဖူး)အဆောင်ထဲဝင်သွားရာ ဝေလင်းကအောက်က အုတ်ခုံမှာ ထိုင်ရင်းအခြေအနေ အကဲခတ်၏။ ဝေလင်းထင်ထားသည့်အတိုင်းပင် ခဏကြာတော့ သက်မှုန်နွယ်တွေ တစ်ယောက်ပြီးတစ်ယောက်အဆောင်ထဲဝင်သွားကြသည်။ နောက်ဆုံးတစ်ယောက် ဝင်သွားပြီးနောက် ဝေလင်းက နောက်မှမယောင်မလည်လိုက်သွားရာ သူတို့စုစည်းရာ အခန်းကိုတွေ့ခဲ့သည်။

တော်ဝင်မြို့မစာအုပ်တိုက်

ဝေလင်း သေချာမှတ်ထားပြီး ပြန်ဆင်းလာခဲ့သည်။ ထို့အပြင် သားစိုး သတင်းလွှတ်ပြီးသည့်နောက်ပိုင်း အောင်ပုကို တွေ့တိုင်းသားစိုး အကြောင်းပဲ မေးနေသည်ကြား၍ ကဒ်ပြားပိုင်ရှင်လေးတော့ သားစိုးကို ဂရုဏာသက်နေပြီဟု ဝေလင်းက ခန့်မှန်းသည်။ သို့သော် သူ အဲဒီလိုလုပ်လိုက်လို့လဲ ကဒ်ပြားပိုင်ရှင် အစစ်က အခုမှပေါ်သွားတာကိုတော့ သူမသိလိုက်ပေ။ ဘာပဲဖြစ်ဖြစ် ဝေလင်းလုပ်ရပ်က မြှားတစ်စင်းတည်းနှင့် ငှက်နှစ်ကောင် ပစ်လိုက်သလိုဖြစ်သွားလေသည်။

ဒီနေ့လည်း ဝေလင်းခပ်စောစောလေးကျောင်းကို ရောက်လာသည်။ လက်ထဲမှာလည်း စာအုပ်တွေပိုက်လာသည်။ ပြီးတော့ သားသားနားနားလည်း ရှိ၏။ ဂျင်းဘောင်းဘီအပြာကို T ရှပ် အဖြူရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားပြီး ဦးထုပ်ဆောင်းထားသော ဝေလင်းပုံသည် အရင်နေ့နဲ့မတူတစ်မူထူးခြားနေသည်။ အထူးခြားဆုံးကတော့ ခါးတွင် ဟမ်းဖုန်းတစ်လုံးချိတ်ထားခြင်းပဲဖြစ်သည်။

သူ ဘယ်လိုအကြံစည်တွေနဲ့ ဒါတွေလုပ်လာသလဲဆိုတာကိုတော့ သူကလွဲပြီး ဘယ်သူမှသိမည်မဟုတ်ပေ . .။

ကျောင်းရောက်ရောက်ခြင်း (ဇူး)အဆောင်ဘက်သို့ ဦးတည်သွားလိုက်သည်။ အဆောင်ရောက်တော့ တွေ့သမျှ ကျောင်းသားကျောင်းသူတွေကို လက်ထဲမှာ ကိုင်လာတဲ့ စာအုပ်လေးတွေလိုက်ရောင်း၏။

"ဝယ်သွားပါဦး ညီမလေး တစ်အုပ်မှ (၂၀၀) ထဲပါ၊ ကဗျာစာအုပ်လေးတွေပါ"

တချို့ကလည်း ဝယ်သည်၊ တချို့ကလည်း ဟိုကြည့်ဒီကြည့်လုပ်ပြီး ပြန်ပေးသွားကြသည်။ ဒီကြားထဲ တစ်ရာမရဘူးလားဆိုပြီး ဆစ်တဲ့လူက ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် ဝေလင်းကတော့ (ဇူး)အဆောင်မှာ ကဗျာစာအုပ်တွေလှည့်ပတ်ရောင်းနေလေသည်။

သက်မှူးနွယ်တို့ ခြောက်ယောက်ကတော့ ဆုံနေကျ ထုံးစံအတိုင်း ဇူး အဆောင်သို့ တစ်ယောက်ပြီးတစ်ယောက် တဖွဲဖွဲရောက်လာကြ၏။





ထို့နောက် သူတို့အခန်းဆီသို့ ဦးတည်သွားနေကြသည်။ ထို့နောက် လူစုံပြီဆိုတာနဲ့ ဖွေရာလေးပါးပြောဆိုကြလေသည်။ ဒီနေ့ သူတို့ပြောဆိုသောအကြောင်းအရာများတွင် သားစိုး၊ အောင်ပုနှင့် ကျောင်းသားကဒ်တို့အပြင် ဝေလင်းအကြောင်း ပါ ပါလေသည်။

"ဒီတစ်ခါ ဝေလင်းတော့ ငါတို့ကို အရှုံးပေးသွားပြီထင်တယ်"

ဟု တစ်ယောက်က အစထောင်ပေး၏။ နောက်တစ်ယောက်က-

"လွယ်လွယ်နဲ့ အရှုံးပေးတယ်လို့တော့ ငါမထင်ဘူးဟ သူမရရအောင် ကြိုးစားနေဦးမှာပဲ ငါတို့ဘက်ကသာ ဝိရိယွန်းလို့ သူဘာမှမတတ်နိုင်တော့တာနေမယ်"

ထိုအချိန်မှာပင် အခန်းထဲသို့ လူတစ်ယောက်ခပ်တည်တည်နှင့် လှမ်းဝင်လာတာတွေ့လိုက်ရလေသည်။ သူတို့အားလုံး ကြောင်တောင်တောင် ဖြစ်သွားတာ ထိုလူကို အကဲခတ်သလို ဝိုင်းကြည့်ကြသည်။ ဝင်လာသူက ဣန္ဒြေမျပက်အေးအေးဆေးဆေးပင် သူမတို့ရှေ့ရပ်လိုက်ပြီး . .

"ကဗျာစာအုပ်လေးတွေ အားပေးပါဦးဗျာ"

သက်မှူးနွယ်တို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ပြီးမှ ထိုကဗျာစာအုပ်လာရောင်းသူထံပြန်ကြည့်၍ . . .

"ရှင်က ဘယ်ကလဲ"

"ကျွန်တော်က Zoo ဖိုင်နယ်ကပါ . . . ကျွန်တော်တို့ သူငယ်ချင်းတွေ စုလုပ်တဲ့ကဗျာစာအုပ်လေးတွေ လိုက်ရောင်းနေတာပါ၊ ညီမတို့ကရော ဒီမေဂျာကပဲ မဟုတ်ဘူးလား"

ထိုလူ့အမေးကြောင့် အားလုံးကပင် တစ်ပြိုင်နက်တည်း . .

"ဟုတ်ပါတယ်"

ထိုလူ၏ မျက်နှာတွင် အပြုံးတစ်ချက် ဝင်းလက်သွားသည်။ ထို့နောက် ခါးမှဟမ်းဖုန်းကို ဟန်ပါပါထုတ်ပြီး ဖုန်းမှာပါတဲ့ နာရီကိုကြည့်လိုက်၏။ ထို့နောက်ဖုန်းကို ခုံကြားထဲခဏထိုး၍ ကဗျာစာအုပ်ကို ဆက်ရောင်းသည်။ ထိုလူ၏ အပြောကောင်းမှုကြောင့် သက်မှူးနွယ်တို့ အားလုံးတစ်ယောက်

တစ်အုပ်စီ ဝယ်လိုက်ကြလေတော့သည်။

ကဗျာစာအုပ်ရောင်းပြီးတာနဲ့ ထိုလူသည် ကျေးဇူးတင်ကြောင်းပြောပြီးပြန်လည်ထွက်ခွာသွားလေတော့သည်။

"အရေးထဲ ကဗျာစာအုပ်လာရောင်းတဲ့ လူနဲ့တိုးနေသေးတယ်"

"အေးလေဟယ် တစ်ခါမှ ဒါမျိုးမဖြစ်ဖူးပါဘူး၊ အခုမှ ကြုံရတယ်လို့"

"ဒါနဲ့ ခုနစကားတောင်ပြတ်သွားတယ် ဘယ်ရောက်သွားမှန်းမသိဘူး"

"ဝေလင်းအကြောင်းပြောနေတာလေ"ဟု

တစ်ယောက်က အစဖော်ပေးလိုက်၏။ ထို့နောက် သူတို့မူလလေကြောထဲပြန်လည်စီးဝင်သွားကြလေသည်။

"ဒါပေမယ့် ငါတို့ဘက်ကပိုင်ပြီဆိုပြီးတော့တော့ ပေါ့ပေါ့နေလို့မရဘူးနော် . . . ဝေလင်းကိုလျှော့မတွက်နဲ့"

"နံပါတ် (၁)ပြောတာမှန်တယ်၊ ဝေလင်းကိုလျှော့တွက်ရင်ခံသွားရလိမ့်မယ်၊ ဒါနဲ့အောင်ပုဘက်က ဘာသတင်းထပ်ကြားသေးလဲ"

နံပါတ် (၃)က နံပါတ် (၁)စကားကို ထောက်ခံရင်း နံပါတ် (၆)ကိုလည်း လှည့်မေးလိုက်လေသည်။

"ဘာမှတော့ ထွေထွေထူးထူး မကြားရပါဘူး၊ သက်မှူးနွယ်အစစ်ကိုသူတို့စုံစမ်းလို့မရသေးဘူးဆိုတဲ့အကြောင်းနဲ့ သားစိုးအခြေအနေ နည်းနည်းပြန်ကောင်းလာပြီဆိုတဲ့ အကြောင်းကြားရတယ်"

"သူ . . . အခြေအနေပြန်ကောင်းလာပြီဟုတ်လား"

အားလုံးက ထိုကောင်မလေးထံ ဝိုင်းကြည့်လိုက်ကြသည်။ ကောင်မလေးက ရှက်ပြီး ခေါင်းငုံ့သွားရင်း . . .

"နင်တို့နော် ငါ့ကို အဲဒီလိုမကြည့်နဲ့ ငါက နင်တို့လိုပဲ စိုးရိမ်လို့မေးတာ"

အားလုံးက နံပါတ် (၅)ရှက်သွားပုံကို ကြည့်၍ ပြုံးစိစိလုပ်ကာ . . .





"ငါတို့ကလည်း ဘာပြောနေလို့လဲ . . . နင့်ဘာသာ နင်အိုးမလုံအုံပွင့်နေတာ"

နံပါတ် (၅)က အားလုံးကို လှမ်းရိုက်လိုက်သည်။ အားလုံးကစရင်းနောက်ရင်းရှောင်တိမ်းကာ . .

"လက်စသတ်တော့ မထွေးလေးက ရွှေစွန်ညိုကြီး ချီတာခံချင်နေတာကိုးဟ"

အားလုံးဝိုင်းရယ်ကြသည်။

"မထွေးလေးမဟုတ်ပါဘူးဟယ် . . . ဓာတုဗေဒကဆိုတော့ ဓာတုကလျာပေါ့"

"ဒါဆို သားစိုးက နတ်သျှင်နောင်ပေါ့နော် . . . အခုတော့ နတ်ရှင်နောင်ကြီး ဓာတုကလျာကိုလွမ်းလို့လဲ နေရှာပြီတဲ့"

"နင်တို့နော် ပြောလေ ကဲလေပါလား . . . ကဲဟယ် . . ကဲဟယ်"

နံပါတ်(၅)က ရှက်ရမ်းရမ်းပြီး တွေ့ကရာ မြင်ကရာလိုက်ရိုက်လေသည်။ အားလုံးကလည်း ပွတ်ကာသီကာလေးရှောင်ပြီး မထိတထိစကြ၏။ နောက်ဆုံးစလို့နောက်လို့ဝတော့ သူတို့ပြန်ငြိမ်သွားကြသည်။ နံပါတ် (၅)က မောသွားဟန်နှင့် လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ထုတ်ကာ ယပ်တောင်လုပ်ပြီး ခပ်၏။

နံပါတ် (၆)က နံပါတ် (၅) ကိုကြည့်ပြီး . .

"နင် သားစိုးကို ဘယ်လိုသဘောထားလဲဟင်"

နံပါတ် (၅)က နှာသီးထိပ်ဖျားလေးမှ ချွေးတချို့ကို သုပ်လိုက်ကာ-

"ဘာကို ဘယ်လိုသဘောထားရမှာလဲ . . . ငါမှ သူ့ကိုသေချာမမြင်ဖူးတာ"

"ဟို . . . ဟိုဟာလေ . . . တကယ်လို့ နင့်ကို သားစိုးက သိသွားလို့ ဖွင့်ပြောမယ်ဆိုရင်ကော"

နံပါတ် (၃)က ဝင်မေးလိုက်တော့၊ နံပါတ် (၅)က မျက်နှာကိုမော့လိုက်ပြီး . .

www.foreverspace.com.mm

“သူတို့သိအောင်ပဲ စုံစမ်းလို့ရပါစေဦး”

“ဖထင်နဲ့နော် တော်ကြာမေတ္တာမှန်လို့ တကယ်တွေ့နေဦးမယ်”

နံပါတ် (၅)က ရယ်သည်။

“ဒီလောက်ခက်ခဲနေတဲ့ ပုစ္ဆာကို အဖြေရှာနိုင်ရင်တော့ ငါ့ဘက်က သူတို့အဖွဲ့ကို အသိအမှတ်ပြုရတော့မှာပေါ့ဟာ”

“အဲဒါဆို သားစိုးလည်း ပါတာပေါ့”

နံပါတ် (၁)က မချိမချဉ်မျက်နှာပေးနဲ့မေးတော့ . .

“ပါတယ် ဟယ် . . . ပါတယ် . . . ကဲ ကျေနပ်ပြီလား”

နံပါတ် (၅)ရဲ့ ဆောင့်ကြီးအောင့်ကြီး ပြောတဲ့အမူအရာကို ကြည့်ပြီး သူတို့ရယ်လိုက်ကြသည်။ ထိုအချိန်မှာပဲ တံခါးဝတွင် လူတစ်ယောက်လာရပ်လေသည်။ ထိုလူက အခန်းထဲသို့ ဝင်လာပြီး ခပ်တည်တည်နှင့် သူတို့ရှေ့မှာ ရပ်၏။ သက်မှုန်နွယ်တို့အုပ်စုက ထိုလူ့ကို ချက်ချင်းမှတ်မိလိုက်သည်။

“ခုနလေးတင် ရှင့်ဆီက ကျွန်မတို့က ကဗျာစာအုပ်ဝယ်ပြီးပြီလေ အခု ဘာလာရောင်းပြန်တာလဲ”

ထိုလူက ခပ်အေးအေးပင်ပြုံးလိုက်ကာ . . .

“ဒီတစ်ခါ လာရောင်းတာ မဟုတ်ပါဘူးဗျာ၊ လာယူတာပါ”

အားလုံးအံ့သြစွာဖြင့် . . .

“ဘာလာယူတာလဲ”

“ကျွန်တော့်ဖုန်း”

ထိုလူကပြောပြီး ခုံကြားထဲမှ ဟမ်းဖုန်းကိုဆွဲထုတ်လိုက်သည်။ ထို့နောက် သက်မှုန်နွယ်တို့အားလုံးကို ငေ့ကြည့်ပြီး . .

“ကျွန်တော် ခုနကဗျာစာအုပ်လာရောင်းတုန်းက ဖုန်းလေးကျန်ခဲ့လို့ပါ”

ဟုပြောပြီး စကားကို ခဏရပ်၏။ ပြီးနောက် ဟမ်းဖုန်းမှ ခလုပ်တစ်ခုကို နှိပ်လိုက်ကာ အားလုံးရှေ့မှာချလိုက်လေသည်။ ခဏကြာတော့ ဟမ်းဖုန်းအတွင်းမှ စကားပြောသံတွေ ထွက်ကာလာ၏။





www.foreverspace.com.mm

“အခုထဲ ကဗျာစာအုပ်လာရောင်းတဲ့လူက ရှိသေးတယ်”

“အေးလေဟယ် တစ်ခါမှ ဒါမျိုးမဖြစ်ဖူးပါဘူး၊ အခုမှ ကြုံရတယ်လို့”

“ . . . ”

“ဝေလင်းအကြောင်းပြောနေတာလေ”

“ . . . ”

“ . . . ”

“သူအခြေအနေပြန်ကောင်းနေပြီ ဟုတ်လား”

အားလုံးစကြနောက်ကြသံတွေ၊ ရိုက်ကြပုတ်ကြသံတွေ၊ ရယ်မောဟားတိုက်နေသံတွေ အတိုင်းသားကြားနေရသည်။

ကောင်မလေးတွေ အားလုံး လွန်ခဲ့တဲ့ မိနစ်ပိုင်းက သူတို့လုပ်ရပ်များမှုတွေကို နားထောင်ရင် မျက်နှာတွေမှာ သွေးမရှိကြတော့ပေ၊ အားလုံး ဖြူဆွတ်ချောက်ချားနေကြ၏။

“အဲဒါဆို သားစိုးလည်းပါတယ်ပေါ့”

“ပါတယ်ဟယ် . . . ပါတယ် . . . ကဲ ကျေနပ်ပြီလား”

ထိုစကားအဆုံး ဝေလင်းက ဟမ်းဖုန်းကိုပိတ်ပစ်လိုက်သည်။ ဝေလင်းကိုင်သော ဟမ်းဖုန်းက ဒီလို တိပ်ရီကော်တာအနေနဲ့လည်း အသုံးပြုလို့ရ၏။ ဟမ်းဖုန်းဆိုတော့လည်း ကောင်မလေးတွေက ဝေလင်းအမူမဲ့ အမှတ်မဲ့သဘောမျိုးထားသွားတာကို ဂရုမစိုက်လိုက်မိ။ ထိုအချိန်က ကဗျာစာအုပ်ကိစ္စနဲ့ အလုပ်ရှုပ်နေ၍ အာရုံပြန့်နေတာလည်း ပါသည်။ သို့သော် သူတို့သိလိုက်ချိန်တွင် အရာအားလုံးနောက်ကျသွားခဲ့ပြီ . .။

ဝေလင်းက ဟမ်းဖုန်းကို ခါးမှာပြန်ချိန်လိုက်စဉ်၊ ခြောက်ယောက်လုံးအသိဝင်လာကာ ဝုန်းခနဲ ထရပ်လိုက်ကြ၏။ ထို့နောက် ဝေလင်းကို စားမတတ် ဝါးမတတ်ကြည့်ရင်း . . .

“ရှင် ဘယ်သူလဲ . . . မိုက်ရိုင်းလှချေလား . . . ဒီလိုပဲ မိန်းကလေးတွေရဲ့အတွင်းရေးကို စပ်စုရသလား . . . ရှင့်ကို ပါချုပ်နဲ့ အခုတိုင်မယ်”

ဝေလင်းက ခပ်အေးအေးပင် သူတို့ကို ငေ့ကြည့်လိုက်ကာ . .

"ကျွန်တော် . . . ဝေလင်းပါ" ဟု တစ်လုံးချင်းပြောကာ အေးအေးဆေးဆေးပင် လှည့်ထွက်လာခဲ့တော့သည်။

အားလုံး အရုပ်ကြိုးပြတ်ငုတ်တုတ်ပြုတ်ကျသွားကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြတော့သည်။

တော်တော်ကြာသည်အထိ သူတို့တစ်ယောက်နဲ့တစ်ယောက် ကြောင်တောင်တောင်ဖြစ်ပြီး ကြည့်နေကြ၏။ ထို့နောက် သူတို့ရယ်မောလိုက်ပါတော့သည်။ သူတို့ရယ်သံများသည် ဝေလင်းနောက်သို့ အရှိန်နှင့် လိုက်ပါလာကြလေသည်။





ထို နေ့သည် သာယာလှပသော တက္ကသိုလ်တစ်ခု၏ မနက်ခင်းလေး တစ်ခုဖြစ်ပါသည်။ မြင်လေရာ နှင်းမြူတွေ ရစ်သိုင်းနေ၍ တစ်ချက်တစ်ချက် အဝေးတစ်နေရာမှ ခိုညည်းသံတချို့ကိုကြားနေရသည်။ ကျောင်းသား၊ ကျောင်းသူတချို့သာရှိနေသေး၍ အရာအားလုံး တိတ်ဆိတ်ငြိမ်သက်နေသယောင်ထင်ရသည်။

ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် မနက်စောစော ကျောင်းသို့အမြဲလာတတ်သော ကောင်မလေးတစ်ယောက်ကတော့ မိန်းလမ်းမကြီးအတိုင်း လမ်းလျှောက်ဝင်လာခဲ့သည်။ ထိုအခိုက် ဘယ်အချိန်ကတည်းက ကင်းပုန်းဝပ်ပြီး စောင့်နေမှန်းမသိသော ကျောင်းသားတစ်ယောက် လမ်းဘေးချုံတစ်ခုအတွင်းမှ ခုန်ထွက်လာခဲ့သည်။

ရုတ်တရက်ဆိုတော့ ကောင်မလေးက လန့်သွားပြီး လှည့်ကြည့်၏။ သူတို့ချင်း အကြည့်စက္ကန့်ပိုင်းမျှ ဆုံကြ၏။

"တစ်စက္ကန့်"

"နှစ်စက္ကန့်"

"သုံးစက္ကန့်"

". . ."

". . ."

"သက်မှုန်းနွယ်"

www.foreverspace.com.mm

အသံက အေးစက်တုန်ခါနေသယောင်ရှိသည်။ ကောင်မလေးက 'ရှင်'ဟုတစ်ခွန်းတည်းပြန်ထူးပြီး ဖြည်းဖြည်းလေးဆက်လျှောက်သည်။ ကောင်လေးက အနားက အသာလိုက်လာပြီး ကျောင်းသားကဒ်လေးကို ထုတ်ပေးလိုက်၏။

"ပိုင်ရှင်မှန်လို့ ပြန်ရတယ်လို့သာ သဘောထားလိုက်ပါဗျာ"

ကောင်မလေးက ကျောင်းသားကဒ်လေးကို အသာယူပြီး ကြည့်လိုက်စဉ် သူမဓာတ်ပုံနေရာမှာ ကပ်ထားသောအသည်းပုံစတစ်ကာလေးကို တွေ့သွား၍ . .

"ခစ် ခစ် ရယ်ရတယ် . . . အခုထိ စိတ်ကူးယဉ်ဆန်တုန်း"

သားစိုးက ပြုံးလိုက်၍ . . .

"ကျွန်တော် ဇွဲကောင်းကောင်းနဲ့ စိတ်ကူးယဉ်ဆန်ခဲ့လို့လဲ အခုလို သက်မှူးနွယ်နဲ့ ဆုံတွေ့ခွင့်ရခဲ့တာလေ . . . တကယ်တော့ ကျွန်တော်တို့ နှစ်ယောက်ကို ကံကြမ္မာတရားက နောက်ပြောင်ကျီစယ်လိုက်တာပါ သက်မှူးနွယ်ရယ်"

သက်မှူးနွယ်ရဲ့ ရင်ထဲမှာ ဖိန်းဖိန်းရှိန်းရှိန်းလေးဖြစ်နေသည်။ အရင်ကလို ယောကျ်ားတွေ အပေါ်ကြောက်စိတ်လည်း ဒီတစ်ခါမှာ မပေါ်တာကို အံ့သြမိသည်။ အဲဒါဘာလဲ . . . တွေးနေရင်းနှင့်ပင် ရှက်သွားမိ၏။ ထိုအချိန်မှာပင် သားစိုးစကားသံထွက်လာလေသည်။

"သက်မှူးနွယ်ကို ကျွန်တော် ချစ်ပါရစေ"

ထိုတစ်ခွန်းတည်းပြောပြီး လွယ်အိတ်ထဲသို့ စာလေးတစ်စောင်ထည့်ကာ ထွက်သွားလေတော့သည်။

ထိုစာသည် ရည်းစားစာမှလွဲ၍ ဘယ်အရာရှိဦးမည်နည်း။

ထိုစာကိုလည်း ဝေလင်းရေးပေးလိုက်တာမှ ဟုတ်ပါမလားဟုတွေးပူမနေကြပါနှင့် . .။

ထို့အပြင် ဝေလင်းရေးပေးခဲ့သော စာတိုင်းသည်လည်း ကာယကံရှင်တွေအတွက် . . .





www.foreverspace.com.mm

အလေးမှုရောင်နီကြောင့် နှင်းမှုန်တွေ တဖြည်းဖြည်းကွဲသွားကြလေပြီ . . .။ တက္ကသိုလ်ကြီးသည် သူ၏နေ့စဉ်တာဝန်တွေကို ထမ်းဆောင်ရန်အတွက် အသင့်ဖြစ်နေပါပြီ . . .။

ကြိုးစားလျက်

**မိုးဆက်လင်းထက်**

www.foreverspace.com.mm



မိုးဆက်လင်းထက်

# မျက်ဝန်းကဗျာ